# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၂၈) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) ဗဟိုဘဏ်မှ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ၁၃ ရုံးအား မြန်မာနိုင်ငံသားများအတွက် လက်လီဝန်ဆောင်မှုကို မည်သည့်နေ့တွင် ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | (ခ) ကျောက်တံတားမြို့နယ်၊ မြေပေါ်ရှိ ဓာတ်တိုင်များအပေါ်၊ အိမ်နံရံများ၊ မြေအောက်ရေဆိုး မြောင်းများအတွင်းနှင့် အဓိကလမ်းမကြီးများထောင့်တို့တွင် ရှုပ်ထွေးစုပုံထားသော ဆက်သွယ်ရေးဝါယာကြိုးများအား ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၈ | (ဂ) သံတွဲမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန (ကညန) ရုံးဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၉ | (ဃ) မြစ်ချောင်းကမ်းထိန်း နံရံများ/ရေကာတာများ တည်ဆောက်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်နှင့် ရေရှည်ခိုင်ခံ့၍ အကျိုးရှိသော ကမ်းထိန်းနံရံများ/ရေကာတာများ တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၀ | (င) National Database Centre နှင့် ဒေသအနှံ့ဆက်သွယ်နိုင်သည့် Network Line များ ဖြန့်ကြက်တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၈ |

၁၁ (စ) ကာလအတန်ကြာ ရပ်ဆိုင်းထားသော ပြည်တွင်းစက်မှုဇုန် မော်တော်ယာဉ် ထုတ်လုပ်မှုများအား (၂၀၁၇) ခုနှစ်အတွင်း ပြန်လည် ထုတ်လုပ်ခွင့်ပြုခြင်းနှင့် ပတ်သက်၍ မည်ကဲ့သို့ သတ်မှတ်၊ စမ်းသပ်၊ စစ်ဆေး၊ ကြပ်မတ်ဆောင်ရွက်နေကြောင်းနှင့် ယခင်ကာလများကဲ့သို့ ပြည်တွင်းစက်မှုဇုန်ထုတ် အမည်ခံ အယောင်ပြ၍ ပြည်ပမှ တရားမဝင် တင်သွင်းလာသော မော်တော်ယာဉ်များအား ကိုယ်ထည်နံပါတ် ဖြတ်၊ ဖောက်၊ ဆက် ပြုလုပ်၍လည်းကောင်း၊ RTA ကိုယ်ထည်နံပါတ် ထုခွင့်ပြု၍ လည်းကောင်း၊ ယာဉ်မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းများ မဖြစ်ပေါ်စေရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း ၃၄

၁၂ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း ၄၁

၁၃ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၆၃

၁၄ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း ၇၆

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၈) ရက် မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၇၈

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၂၈)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၀–၇–၂၀၁၇ ] (တနင်္လာနေ့) နေ့လယ် ၁၃၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်လွင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ **ဗဟိုဘဏ်မှ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး (၁၃) ရုံးအား မြန်မာနိုင်ငံသားများအတွက် လက်လီဝန်ဆောင်မှုကို မည်သည့်နေ့တွင် ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **ကျောက်တံတားမြို့နယ်၊ မြေပေါ်ရှိ ဓာတ်တိုင်များအပေါ်၊ အိမ်နံရံများ၊ မြေအောက်ရေဆိုးမြောင်းများအတွင်းနှင့် အဓိကလမ်းမကြီးများထောင့်တို့တွင် ရှုပ်ထွေးစုပုံထားသော ဆက်သွယ်ရေးဝါယာကြိုးများအား ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းကြည်၊ သံတွဲ မဲဆန္ဒနယ်၏ **သံတွဲမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန(ကညန)ရုံး ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **မြစ်ချောင်းကမ်းထိန်းနံရံများ/ ရေကာတာများ တည်ဆောက်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် ရေရှည်ခိုင်ခံ့၍ အကျိုးရှိသော ကမ်းထိန်းနံရံများ/ ရေကာတာများ တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **National Database Centre နှင့် ဒေသအနှံ့ ဆက်သွယ်နိုင်သည့် Network Line များ ဖြန့်ကြက်တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝင်းထွဋ်၊ ဖျာပုံ မဲဆန္ဒနယ်၏ **ကာလအတန်ကြာ ရပ်ဆိုင်းထားသော ပြည်တွင်းစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်မှုများအား (၂၀၁၇) ခုနှစ် အတွင်း ပြန်လည်ထုတ်လုပ်ခွင့်ပြုခြင်းနှင့် ပတ်သက်၍ မည်ကဲ့သို့ သတ်မှတ်၊ စမ်းသပ်၊ စစ်ဆေး၊ ကြပ်မတ်ဆောင်ရွက်နေကြောင်းနှင့် ယခင်ကာလများကဲ့သို့ ပြည်တွင်းစက်မှုဇုန်ထုတ် အမည်ခံအယောင်ပြ၍ ပြည်ပမှ တရားမဝင်တင်သွင်းလာသော မော်တော်ယာဉ်များအား ကိုယ်ထည်နံပါတ် ဖြတ်၊ ဖောက်၊ဆက် ပြုလုပ်၍လည်းကောင်း၊ RTA ကိုယ်ထည်နံပါတ်ထုခွင့်ပြု၍လည်းကောင်း၊ ယာဉ်မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းများ မဖြစ်ပေါ်စေရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(ခ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

(ဂ) ဦးလုံဂျုံဆန်မိုင်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၊

(ဃ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(င) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၊

(စ) ဒေါ်ချိုချိုဝင်း၊ မော်လိုက် မဲဆန္ဒနယ်၊

၉။ ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၂၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၀ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို နံနက် ၁၃း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိသည့်အနက် ၄၀၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၉၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့သို့ မတက်ရောက် နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၀ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၃ ရက်၊

(၂) မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် ၃ ရက်၊

(၃) အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးခွင့် ၃ ရက်၊

(၄) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၃ ရက်၊

(၅) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၃ ရက်၊

(၆) ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)အတွတ် ခွင့် ၃ ရက်၊

(၇) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၃ ရက်၊

(၈) ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၃ ရက်၊

(၉) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၃ ရက်၊

(၁၀) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၃ ရက်၊

(၁၁) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၃ ရက်၊

(၁၂) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၄ ရက်၊

(၁၃) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊

(၁၄) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၅ ရက်၊

(၁၅) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ရှားမီး ခွင့် ၅ ရက်၊

(၁၆) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်၊

(၁၇) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊

(၁၈) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၅ ရက်၊

(၁၉) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၁ ရက်၊

(၂၀) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ်ခွင့် ၁ ရက်၊

(၂၁) ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဦးကျော် ခွင့် ၁ ရက်၊

(၂၃) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၂၄) ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း ခွင့် ၃ ရက်၊

(၂၅) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၁ ရက်၊

(၂၆) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၂၇) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၅ ရက်၊

(၂၈) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၂၉) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်နှင့်

**မူကြမ်း**

(၃၀) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၄ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဗဟိုဘဏ်မှ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ၁၃ ရုံးအား မြန်မာနိုင်ငံသားများအတွက် လက်လီဝန်ဆောင်မှုကို မည်သည့်နေ့တွင် ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့ဝင်များ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ အခု ကျွန်တော် မေးမယ့်မေးခွန်းကတော့ ဗဟိုဘဏ်မှ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ၁၃ ရုံးအား မြန်မာနိုင်ငံသားများအတွက် လက်လီဝန်ဆောင်မှု မည်သည့်နေ့တွင် ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာရန် အစီအစဉ်ရှိ/မရှိ။ မရှိပါက ဘာကြောင့်မရှိဘူးလဲဆိုတာကို ရှိရင်လည်း ဘယ်တော့ကြေညာမလဲ သိချင်လို့ မေးရခြင်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ မြန်မာ့စီးပွားရေးက လေတိုက်ရင်တောင် လဲနိုင်တဲ့အဆင့်ရောက်နေပါတယ်။ အဲဒီအခါကျတော့ ဦးမြင့်လွင်က စကားတွေပြောရင် Over Estimation (အလွန်အကျူးပြောတယ်)လို့ ပြောပါလိမ့်မယ်။ ကျွန်တော် အလွန်မပြောပါဘူး။ ကျွန်တော်တို့ မေလ ၃ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ပခရီးကို ထွက်ခွာပါတယ်။ အဲဒီလိုထွက်ခွာတဲ့အခါမှာ အခု အားလုံး Popular ဖြစ်နေတဲ့ ၆၆ (ဃ) အချစ်တော်များကနေပြီးတော့ နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော် အနားယူတော့မယ်။ နောက်တစ်ခါ ဘဏ်ကြီးတစ်ဘဏ်ကလည်း ဘာလဲ။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်တာပဲ ဆွေးနွေးပါ။ မေးခွန်းနှင့်ပတ်သက်တာ ဆွေးနွေးပါ။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ ဆွေးနွေးပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခုကိစ္စက ဗဟိုဘဏ်ကိစ္စ။ ဗဟိုဘဏ်ကိစ္စပဲဆွေးနွေးပါ။ ၆၆ (ဃ)တွေကို စာပို့တာတွေ။ ဒါက ဗဟိုဘဏ် အခုနက သိချင်တဲ့မေးခွန်းနဲ့မဆိုင်ပါဘူး။ မေးခွန်းနဲ့ပတ်သက်တာပဲ ဆွေးနွေးရမယ်နော်။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ အဲဒါနဲ့ ကြေညာလိုက်ပါတယ်။ အဲဒီလိုနဲ့ အသံလည်းထွက်လည်းထွက်လာရော ဘာတွေဖြစ်လာလဲဆိုတော့ လူတွေက ပိုက်ဆံတွေကို ဝရုန်းသုန်းကားနဲ့ထုတ်ကြတယ်။ အဲဒီလိုထုတ်တော့ ဘဏ်က ရုတ်ရုတ်ဖြစ်သွားတယ်။ ဖြစ်သွားတဲ့

အခါကျတော့ ဘာမှရှင်းလို့မရဘူး။ ရှင်းလို့မရတဲ့အခါမှာ ဗဟိုဘဏ်က ထကြေညာပါတယ်။ စိတ်မပူကြပါနဲ့။ အလုံအလောက်ရှိပါတယ်ဆိုပြီးတော့ သူက ပြောတယ်။ အဲဒီလိုပြောလိုက်တဲ့အခါကျတော့ အဲဒီလိုလည်းပြောလိုက်ရော အဲဒါနဲ့ သတင်းထောက်တစ်ယောက်ကမေးတယ်။ ဒါဆိုရင် ဗဟိုဘဏ်မှာ ပိုက်ဆံဘယ်လောက်ရှိလဲလို့ မေးတဲ့အခါကျတော့ အဲဒါကျတော့လည်း မဖြေတော့ဘူး။ အဲဒီလိုတွေ ဖြစ်နေတယ်။ အဲဒီတော့ မြန်မာနိုင်ငံကို လေ့လာကြည့်တဲ့အခါမှာ မြန်မာနိုင်ငံမှာ ပြည်တွင်းဘဏ်ပေါင်း နှစ်ဒါဇင်ရှိပြီးတော့ နိုင်ငံခြားဘဏ် ၁၃ ဘဏ်ရှိပါတယ်။ အဲဒီလိုရှိတဲ့အခါကျတော့ ဒီပြည်တွင်းဘဏ်တွေက သူတို့က Pay up Capital အဖြစ်နဲ့ အမေရိကန်ဒေါ်လာနှစ်သန်းခန့်ကို သူတို့က Deposited လုပ်ပြီးတော့ လှည့်လည်ရပ်တည်နေကြပါတယ်။ အဲဒီအချိန်မှာပဲ နိုင်ငံခြားဘဏ်တွေကလည်း သူတို့ဘဏ်လိုင်စင်ရဖို့အတွက် Pay up Capital ခုနစ်သန်းခွဲကို သူတို့ထည့်ထားတယ်။ ထည့်ပြီး သူတို့ကလည်း အဲဒီမှာလည်း ဘဏ်လိုင်စင်ကလည်း ထုတ်ပေးထားတယ်ပေါ့လေ။ ထုတ်ပေးထားပေမဲ့ အဲဒီ Foreign Bank တွေကို ပြည်သူတွေကို၊ မြန်မာနိုင်ငံသားတွေကို Direct မဆက်ဆံရဘူး။ နိုင်ငံခြားသားဘဏ်တွေ၊ နိုင်ငံခြားနှင့်ဖက်ဆက်တဲ့ဘဏ်တွေ ဒီဘဏ်တွေကိုပဲ ပတ်သက်ရမယ်လို့ ဆိုပြီးတော့ ဖြစ်နေတဲ့အတွက် အခုထက်ထိ Foreign Bank တွေအားလုံးက ထိုင်စောင့်နေကြပါတယ်။ အဲဒီလိုစောင့်နေကြတဲ့အခါကျတော့ ပြည်တွင်းဘဏ်တွေကရော ဘာတွေလုပ်နေလဲလို့ကြည့်တဲ့အခါကျတော့ အခုနက ဘဏ် ၂၄ ဘဏ်က ဘဏ်လုပ်ငန်းများအပြင် Insurances ၊ ခါတ်ဆီ၊ သူတို့က လုပ်ငန်းမျိုးစုံလုပ်တယ်။ ဘဏ်လုပ်ငန်းအပြင် လုပ်တယ်။ အဲဒီတော့ သူတို့က သူတို့ငွေမလောက်တော့ ဘာလုပ်လဲ။ အပြန်အလှန်တွေချေးပြီးတော့ လုပ်တဲ့အခါမှာ ပြည်သူတွေအတွက် ချေးစရာငွေ စျေးကွက်မရှိဘူး။ နောက် ဒီငွေရရှိဖို့အတွက် လာဘ်ပေးလာဘ်ယူဆိုတာလည်း အထိုက်အလျောက် ဘဏ်ငွေကရှားပါးတာကို။ ရရှိဖို့က အခက်အခဲတွေဖြစ်တယ်။ အဲဒီအခါကျတော့ တိုင်းပြည်တစ်တိုင်းပြည် စီးပွားတက်ဖို့ဆိုတာ အရင်းအနှီးမရှိဘဲနဲ့၊ နည်းပညာမရှိဘဲနဲ့၊ စျေးကွက်မရှိဘဲနဲ့ ဘယ်လိုမှဖြစ်မလာနိုင်ဘူး။ အဲဒါဆိုတော့ အခုဆိုရင် တစ်ဖက်က Foreign Bank တွေက ရင်းနှီးမြှုပ်နှံချင်လို့ စောင့်နေတယ်။ ဒီဘက်က Local လုပ်ငန်းရှင်လေးတွေက ပိုက်ဆံလိုချင်လို့ မျှော်နေကြတယ်။ အဲဒီလိုမျှော်နေကြတဲ့အချိန်မှာ အခုထက်ထိ Foreign Bank တွေ ဖွင့်ခွင့်မပေးပါဘူး။ မပေးဘဲနဲ့ သူတို့တွေက ဒီလိုပဲရပ်တည်နေရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဗြိတိသျှကုန်သည်ကြီးများအသင်းအစည်းအဝေးမှာ ဗဟိုဘဏ်က တာဝန်ရှိတဲ့ပုဂ္ဂိုလ်က ဘာပြောလဲဆိုတော့ ဘယ်တော့များ ဒီလိုဖွင့်ပေးပါ့မလဲလို့ မေးတော့ Soon လို့ပဲ ပြောထားပါတယ်။ ကျွန်တော် ပိုက်ဆံတွေလည်း Deposited သွင်းထားတယ်။

ပြည်သူတွေကလည်း အရင်းအနှီးမရှိလို့စိတ်ညစ်နေကြတယ်။ ဘဏ်တွေကလည်း ချေးလို့မရဘူး။ အဲဒီအခြေအနေ ကျွန်တော်တို့ ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မေးချင်တဲ့မေးခွန်းကတော့ နောက်တစ်ခါ ပြဿနာဘာရှိလဲဆိုတော့ ပိုက်ဆံချေးတဲ့အခါကျမှသာ ကျွန်တော်တို့က Cash ဒီ ငွေတု ပြဿနာတွေ၊ Credit Card ပြဿနာတွေ၊ Credit Card ကိုကူးရပါမယ်။ Credit Card ကနေ ဒီနေ့ဟာ Software Application ခေတ်ကိုပြောင်းနေပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့က ပိုက်ဆံမရှိဘူး။ ကျွန်တော်တို့ ဘာမှမလုပ်နိုင်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးလိုတဲ့ မေးခွန်းကတော့ ဗဟိုဘဏ်အနေနဲ့ နိုင်ငံခြားဘဏ် ၁၃ ဘဏ်အား မြန်မာနိုင်ငံသားများအတွက် လက်လီဝန်ဆောင်မှုကို မည်သည့်အချိန်မှာ ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာရန် အစီအစဉ်ရှိ/မရှိနဲ့ ရှိပါက ဘယ်တော့ ကြေညာမလဲဆိုတာ သိလိုတဲ့အတွက် မေးမြန်းရခြင်းပဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဆက်အောင်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးဖြေကြားလိုတာကတော့ ယခု ခွင့်ပြုထားတဲ့ နိုင်ငံခြားဘဏ် ၁၃ ဘဏ်က ကိုယ်စားလှယ်ရုံး များမဟုတ်ကြပါဘူးခင်ဗျား။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ နိုင်ငံခြားဘဏ်အားလုံး ၄၆ ဘဏ်ရဲ့ ကိုယ်စားလှယ်ရုံးတွေကို ပေးဖွင့်ထားပြီးတော့ ဒီအခု တင်ပြလာတဲ့ နိုင်ငံခြားဘဏ် ၁၃ ဘဏ်က ကိုယ်စားလှယ်ရုံးမဟုတ်ဘဲနဲ့ သူတို့ရဲ့ နိုင်ငံခြားဘဏ်ခွဲများ (Full Branch)အနေနဲ့ ဘဏ်လုပ်ငန်း များကို ဆောင်ရွက်ဖို့လို့ ခွင့်ပြုပေးထားတာဖြစ်ပါတယ်ခင်ဗျား။ အဲဒီနိုင်ငံခြားဘဏ်တွေခွင့်ပြုခဲ့တဲ့ အချိန်တုန်းက ဒီနိုင်ငံတကာရဲ့ ငွေရေးကြေးရေးထိန်းချုပ်မှု၊ ငွေရေးကြေးရေးတည်ငြိမ်မှုကို ဆောင်ရွက်ရတဲ့ နိုင်ငံပေါင်း ၁၈၉ နိုင်ငံပေါင်း ပေါင်းစည်းထားတဲ့ IMF လို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund) ကနေပြီးတော့ နိုင်ငံခြားဘဏ်တွေကို ပေးဖွင့်တဲ့အခါမှာ တကယ်လို့ အများကြီးပေးဖွင့်လိုက်တယ်ဆိုလို့ရှိရင် ပြည်တွင်းမှာရှိတဲ့ ငွေရေးကြေးရေးကဏ္ဍနဲ့ ဘဏ်လုပ်ငန်းကဏ္ဍကို တည်ငြိမ်မှုကို ထိရောက်မှု၊ သက်ရောက်မှုတွေ ရှိလာနိုင်တယ်။ အဲဒါကြောင့်မို့လို့ နိုင်ငံခြားဘဏ်တွေ ဖွင့်လို့ရှိရင် ဘာတွေဖြစ်တတ်လဲဆိုတော့ တခြား နိုင်ငံတွေမှာလည်း ဒီယှဉ်ပြိုင်မှု (Level of Competition) တွေ အများကြီးမြင့်လာတယ်။ Level of Competition မြင့်လာတာ တခြားစီးပွားရေးကဏ္ဍတွေမှာ ကောင်းတယ်ဆိုပေမဲ့ ဘဏ်လုပ်ငန်း

ကဏ္ဍမှာ အဲဒီလို Level of Competition တွေ မြင့်လာလို့ရှိရင် ဒီဘဏ်တွေအချင်းချင်းကနေပြီးတော့ ပိုပြီးတော့ ဆုံးရှုံးနိုင်ချေများတဲ့ Risk များတဲ့ ဝန်ဆောင်မှုတွေ ဆောင်ရွက်လေ့ရှိတယ်။ တခြားနိုင်ငံတွေမှာလည်း။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ဘဏ်လုပ်ငန်းကဏ္ဍရဲ့ တည်ငြိမ်မှုကို ထိခိုက်လေ့ရှိတယ်ဆိုတဲ့ တခြားနိုင်ငံမှာဖြစ်ခဲ့တဲ့ သာဓကတွေကိုမူတည်ပြီးတော့ ဒီလိုမျိုးနိုင်ငံခြားဘဏ်တွေကို ပေးဖွင့်တဲ့အခါမှာ သေသေချာချာအလွန်သတိထားပြီးတော့ ဆောင်ရွက်ဖို့လို့နဲ့ နောက်ပြီးတော့ နိုင်ငံခြားဘဏ်တွေကိုလည်း ကန့်သတ်ချက်များထားပြီးတော့ ဒီကန့်သတ်ချက်တွေကိုလည်း တဖြည်းဖြည်းချင်းဖြေလျှော့နိုင်ဖို့လို့အတွက် IMF ကလည်း တိုက်တွန်းအကြံပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ IMF က တိုက်တွန်းကြံပေးခဲ့တဲ့အချိန်မှာ နိုင်ငံခြားဘဏ်များကို သုံးဘဏ်ကိုသာ နိုင်ငံခြားဘဏ်ခွဲများကို ပေးဖွင့်ဖို့လို့ တိုက်တွန်းအကြံပေးခဲ့ပေမဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ အဲဒီတုန်းကတော့ ပထမကိုးဘဏ်၊ နောက် လေးဘဏ် အားလုံးပေါင်း ၁၃ ဘဏ်ကို ဘဏ်လုပ်ငန်းများဆောင်ရွက်ခွင့် (Full Branch License) ဆိုပြီး ချပေးခဲ့တာဖြစ်ပါတယ်။

အဲဒီမှာ ဒီဘဏ်လုပ်ငန်းတွေ ကန့်သတ်ချက်တွေ ထားတဲ့အချိန်တုန်းကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ တစ်ဖက်သတ်ကန့်သတ်ချက်ထားတာမျိုးမဟုတ်ဘဲနဲ့ နိုင်ငံခြားဘဏ်တွေကို ခွင့်ပြုချက်မပေးခင်မှာ အဲဒီနိုင်ငံခြားဘဏ်တွေအားလုံးကို ခေါ်ယူပြီးတော့ သူတို့နဲ့ ဆွေးနွေးတိုင်ပင်တဲ့အစည်းအဝေး(Consultative Meeting) ကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီဆွေးနွေးတိုင်ပင်တဲ့ အစည်းအဝေး(Consultative Meeting) မှာပဲ နိုင်ငံခြားဘဏ်တွေကိုယ်တိုင်ကိုက ဒီလိုမျိုး ကန့်သတ်ချက်တွေကတော့ ဒီမြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်မှုရရှိအောင်အတွက် ထားသင့်တယ်။ တခြားနိုင်ငံတွေမှာ အဓိကအိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေမှာလည်း ဒီလိုမျိုးကန့်သတ်ချက်တွေ ထားခဲ့ဖူးတယ်၊ အခုလည်း ထားလျက်ရှိတယ်ဆိုပြီးတော့ ကန့်သတ်ချက်တွေကို နိုင်ငံခြားဘဏ်တွေကိုယ်တိုင်ကိုက တင်ပြပြီးတော့ ဒီကန့်သတ်ချက်တွေထားမယ်ဆိုလို့ရှိရင်တော့ တခြားနိုင်ငံတွေမှာလည်း လုပ်တဲ့ကန့်သတ်ချက်တွေ ဖြစ်တဲ့အတွက် သူတို့အနေနဲ့ ကန့်ကွက်ရန်မရှိပါဘူး။ အားလုံးအဆင်ပြေပါတယ်ဆိုပြီးတော့ နိုင်ငံခြားဘဏ်တွေကိုယ်တိုင်ကိုက တင်ပြတဲ့ ကန့်သတ်ချက်မျိုးကို ကန့်သတ်ထားခြင်းဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ ကန့်သတ်ချက်သုံးခုကို ထားခဲ့ပါတယ်။ ပထမကန့်သတ်ချက်ကတော့ နိုင်ငံခြားဘဏ်များအနေနဲ့ မြန်မာနိုင်ငံမှာ ဘဏ်ခွဲတစ်ခုစီသာ ဖွင့်ရန်ဖြစ်ပါတယ်။ ဒုတိယကန့်သတ်ချက်အနေနဲ့ကတော့ ဘဏ်လုပ်ငန်းကို နိုင်ငံခြားကုမ္ပဏီများကို ကနဦး စစချင်းတော့ နိုင်ငံခြားကုမ္ပဏီများကိုသာ ဝန်ဆောင်မှုပေးရန်ဖြစ်ပါတယ်။ တတိယ

ကန့်သတ်ချက်ကတော့ လက်လီဘဏ်လုပ်ငန်းကို ဆက်လက်ပြီးတော့ ကန့်သတ်ထားရန်ဆိုပြီးတော့ ကန့်သတ်ချက်သုံးခုကို ထားရှိခဲ့ပါတယ်။ ဒီကန့်သတ်ချက်သုံးခုထားရှိခဲ့ပေမဲ့လည်း မြန်နိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ကန့်သတ်ချက်တွေကို အချိန်အတိုင်းအတာအလိုက် တဖြည်းဖြည်းချင်း တဖြည်းဖြည်းချင်း၊ တစ်ခုချင်းတစ်ခုချင်း လျှော့ပေါ့ပေးလျက်ရှိပါတယ်။ ပထမဦးဆုံးဖြေလျှော့တဲ့ အနေနဲ့ မြန်မာနိုင်ငံအတွင်း ဘဏ်ခွဲတစ်ခု စီသာ ဖွင့်လှစ်ရမယ်ဆိုတဲ့ကန့်သတ်ချက်ကို ဖြေလျှော့ပြီးတော့ ဒီမြန်မာနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေး ဇုန်တွေမှာ ဘဏ်ခွဲများ ထပ်မံဖွင့်ခွင့်ကို ပြုခဲ့ပါတယ်။ သို့သော် နိုင်ငံခြားဘဏ်ခွဲတွေကနေပြီးတော့ ဘဏ်ခွဲများဖွင့်တဲ့အခါမှာ အခု လောလောဆယ်မှာတော့ အထူးစီးပွားရေးဇုန်ဖြစ်တဲ့ သီလဝါအထူးစီးပွားရေးဇုန်မှာတော့ ဘဏ်ခွဲတွေ ဖွင့်ခွင့်ပြုထားပေမဲ့လည်း ဘဏ်ခွဲ(Branch Office) ပုံစံမျိုးမဟုတ်ဘဲနဲ့ Front Office ပုံစံမျိုးဖွင့်ပြီး တော့ လက်ရှိဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတာ တွေ့ရှိရမှာဖြစ်ပါတယ်။

ဒုတိယအကြိမ်ဖြေလျှော့တဲ့အနေနဲ့ ဘဏ်လုပ်ငန်းများကို နိုင်ငံခြားကုမ္ပဏီများကိုသာ ဝန်ဆောင်မှုပေးရန်ဆိုတဲ့ကန့်သတ်ချက်ကို ဖြေလျှော့ပြီးတော့ နိုင်ငံခြားဘဏ်များကို ပြည်တွင်းကုမ္ပဏီ များကိုလည်း ပြည်တွင်းဘဏ်များနှင့်ပူးပေါင်းပြီးတော့ ဝန်ဆောင်မှုများပေးဖို့လို့ ခွင့်ပြုခဲ့ပါတယ်။ အဲဒီအချိန်မှာ အနည်းငယ်နားလည်မှုလွဲတာလေးတွေ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်တွင်း ဘဏ်များဖြင့် ပူးပေါင်း၍ဆိုတဲ့နေရာကို ပြည်တွင်းဘဏ်များမှတစ်ဆင့်ဆိုတဲ့ ပုံစံမျိုးလေးနဲ့ နားလည်မှု လွဲတာကို ကြုံတွေ့ရမှာဖြစ်ပါတယ်။ ပြည်တွင်းဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်၍ ဝန်ဆောင်မှုပေးရ မယ်ဆိုတဲ့အချက်က ပြည်တွင်းဘဏ်များကနေတစ်ဆင့် ဆောင်ရွက်စရာမလိုပါဘူး။ နိုင်ငံခြားဘဏ် တွေကလည်း ပြည်တွင်းကုမ္ပဏီများကို တိုက်ရိုက်ဝန်ဆောင်မှုပေးတဲ့အခါမှာ ပြည်တွင်းဘဏ်များနှင့် ပူးပေါင်း၍ ဥပမာ - ချေးငွေများပေးမယ်ဆိုရင် Joint Loan သော်လည်းကောင်း၊ Syndicated Loan သော်လည်းကောင်း အဲဒီလို Loan တွေပေးနိုင်ပါတယ်။ ဒီ့အပြင် ချေးငွေမဟုတ်ဘဲနဲ့ တခြားဝန်ဆောင် မှုများဖြစ်တဲ့ Trade Finance တွေကိုလည်း ပြည်တွင်းဘဏ်များနှင့်ပူးပေါင်းပြီးတော့ ဆောင်ရွက် ဖို့လို့ ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ အခုအချိန်မှာလည်း နိုင်ငံခြားဘဏ်ခွဲအများစုဟာ ပြည်တွင်းဘဏ် များနှင့်ပူးပေါင်း၍ ကုမ္ပဏီများကို ဒီလိုမျိုး Trade Finance ဝန်ဆောင်မှုတွေလည်း စတင်ပြီးတော့ ပေးနေပြီ ဖြစ်ပါတယ်။

တတိယအကြိမ် ထပ်မံလျှော့ပေါ့တဲ့အနေနဲ့ နိုင်ငံခြားဘဏ်များကို ပြည်တွင်းကုမ္ပဏီများကို တိုက်ရိုက်ဝန်ဆောင်မှုပေးခွင့်။ အဓိကပြည်တွင်းကုမ္ပဏီများဆိုတဲ့နေရာမှာ ဦးစားပေးအဖြစ် သတ်မှတ်

ထားတဲ့ ဥပမာ - ပို့ကုန်လုပ်ငန်းများဆောင်ရွက်သောပြည်တွင်းကုမ္ပဏီများ၊ နောက်ပြီးတော့ Micro Finance Institution လို့ခေါ်တဲ့ အသေးစားငွေရေးကြေးရေးချေးငွေလုပ်ငန်း အဲဒါမျိုးတွေကို ဦးစားပေးအဖြစ် သတ်မှတ်တဲ့လုပ်ငန်းတွေကို တိုက်ရိုက်နိုင်ငံခြားဘဏ်တွေကနေပြီးတော့ ဝန်ဆောင်မှုပေးခွင့်ကိုလည်း စတင်ပြီးတော့ ခွင့်ပြုဖို့လို့အတွက် စီစဉ်နေပြီဖြစ်ပါတယ်။ နိုင်ငံခြားဘဏ် ၁၃ ဘဏ်ကို စတင်ပြီးတော့ ဖွင့်တဲ့အချိန်မှာ ဒီနိုင်ငံခြားဘဏ်များ စတင်လုပ်ငန်းလည်ပတ်တဲ့အချိန်ဖြစ်တဲ့ commercial Operation စတာက အခုမှာမှ နှစ်နှစ်ပဲရှိပါသေးတယ်ခင်ဗျား။ အခု နောက်ဆုံးနိုင်ငံခြားဘဏ်ခွဲတစ်ခု commercial Operation စတဲ့အချိန်ကနေပြီးကြည့်လိုက်မယ်ဆိုလို့ရှိရင် ဒီအချိန်အထိက တစ်နှစ်တောင်မပြည့်သေးပါဘူး။ ဒီတစ်နှစ်ဆိုတဲ့၊ နှစ်နှစ်ဆိုတဲ့အချိန်အတွင်းမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ကန့်သတ်ထားတဲ့ကန့်သတ်ချက်တွေကို တဖြည်းဖြည်းချင်း ပထမအကြိမ်လည်းဖြေလျှော့ပြီးပါပြီ။ ဒုတိယအကြိမ်လည်းဖြေလျှော့ပြီးပြီဖြစ်ပါတယ်။ တတိယအကြိမ်ဖြေလျှော့ဖို့ကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်ခင်ဗျား။

လက်လီဘဏ်လုပ်ငန်းနဲ့ပတ်သက်လို့ကတော့ လက်လီဘဏ်လုပ်ငန်းဆိုတဲ့နေရာမှာ အခုနတုန်းက မေးခွန်းထဲမှာပါသွားသလို SMEs လို့ခေါ်တဲ့ Small and Medium Sized Enterprises တွေကို ဒီအရင်းအနှီးရအောင်ပေးတာက ဒါ လက်လီဘဏ်လုပ်ငန်းမဟုတ်ပါဘူးခင်ဗျား။ ဒါက လက်ကားဘဏ်လုပ်ငန်းပါပဲ။ လက်လီဘဏ်လုပ်ငန်းဆိုတာကတော့ တစ်ဦးတစ်ယောက်ချင်းစီအတွက် Account ပေးဖွင့်တာတို့၊ ဘာတို့ ဒါတွေကတော့ လက်လီဘဏ်လုပ်ငန်းလို့ခေါ်ပါတယ်။ နိုင်ငံခြားဘဏ်များအနေနဲ့ တခြားနိုင်ငံတွေမှာလည်းကြည့်လိုက်မယ်ဆိုလို့ရှိရင် လက်လီဘဏ်လုပ်ငန်းကို လုပ်ဖို့အတွက် အဓိကအရေးကြီးတဲ့အချက်နှစ်ချက်ရှိပါတယ်။ ပထမအချက်ကတော့ ဘာလဲဆိုတော့ နိုင်ငံအနှံ့အပြားမှာ ဘဏ်ခွဲတွေရှိနေဖို့ လိုပါတယ်။ အခုအချိန်မှာတော့ နောက်တစ်ချက်အနေနဲ့ကတော့ E-Banking စနစ်ဆိုတဲ့ Electronic Banking System တွေရှိနေဖို့ လိုပါတယ်။ အခုအချိန်မှာတော့ တခြားနိုင်ငံတွေမှာ Electronic Banking စနစ်တွေ၊ Mobile Banking တွေ၊ Internet Banking တွေရှိနေပေမဲ့လည်း အခုအချိန်အထိ လက်လီဘဏ်လုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအနှံ့အပြားမှာ ဘဏ်ခွဲများ အများစုရှိဖို့လို့ လိုအပ်နေဆဲဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ တခြားနိုင်ငံတွေလိုကြည့်လိုက်မယ်ဆိုလို့ရှိရင်လည်း လက်လီဘဏ်လုပ်ငန်းကို တကယ်တမ်းထိထိရောက်ရောက် အောင်အောင်မြင်မြင်လုပ်နိုင်တာက နိုင်ငံခြားဘဏ်များမဟုတ်ဘဲနဲ့ ပြည်တွင်းဘဏ်များကသာ ထိထိရောက်ရောက် အောင်အောင်မြင်မြင်လုပ်နိုင်တာကို တွေ့ရှိရမှာဖြစ်ပါတယ်

ခင်ဗျား။ မြန်မာနိုင်ငံမှာလည်း ဘဏ်တွေဆိုလို့ရှိရင် ဥပမာ - ကမ္ဘောဇပဲဖြစ်ဖြစ်၊ ဧရာဝတီပဲဖြစ်ဖြစ်၊ AGD ပဲဖြစ်ဖြစ်၊ CB ပဲဖြစ်ဖြစ် ကြိုက်တဲ့ဘဏ်မှာ အခုအချိန်မှာ Mobile Banking စနစ်တွေ၊ Internet Banking စနစ်တွေ၊ Electronic Banking စနစ်တွေ စပြီးတော့ ရှိနေပြီဖြစ်ပါတယ်။ အဲဒီ Mobile မိမိကိုင်ထားတဲ့ တယ်လီဖုန်းကိုကိုင်ပြီးတော့ ဘဏ်ကိုသွားစရာမလိုတော့ဘဲနဲ့ မိမိ Bank Statement ကို တယ်လီဖုန်းမှာပဲကြည့်နိုင်နေပါပြီ။ နောက်ပြီးတော့ မိမိဘဏ်စာရင်းကနေပြီးတော့ တခြားဘဏ် စာရင်းကိုလည်း စက္ကန့်ပိုင်းအတွင်းမှာ တယ်လီဖုန်းနဲ့ လွှဲလို့ရနေပါပြီ။ နောက်ပြီးတော့ မိမိတယ်လီဖုန်းကနေပြီးတော့ တခြားတယ်လီဖုန်းကို Top up လုပ်မလား။ နောက် မိမိတယ်လီဖုန်း ကနေတစ်ဆင့် တခြား Bill Payment တွေ ပေးမလား။ အဲဒါတွေလည်း အကုန်လုပ်နိုင်နေပါပြီ။ ဒါပေမဲ့ ဒီဘက် မိမိ တယ်လီဖုန်းကနေပြီးတော့ တခြားဘဏ်မှာရှိတဲ့ လူရဲ့ငွေစာရင်းကို လွှဲပြောင်းတာတို့၊ ဘာတို့အတွက်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှာရှိတဲ့ RTGS လို့ခေါ်တဲ့ Real Time Gross Settlement System လည်းပြီးပါပြီ။ အဲဒီ Real Time Gross Settlement System နဲ့ ဘဏ်တစ်ခု ချင်းစီမှာရှိနေတဲ့ Core Banking System နဲ့ ချိတ်ဆက်ဖို့လို့အတွက် STP ဆိုတဲ့ Application ကိုတပ်ပြီးသွားလို့ရှိရင် ဘာဖြစ်လာမလဲဆိုတော့ မိမိဘဏ်တစ်ခုတည်းမှာမဟုတ်ဘဲနဲ့ တခြားဘဏ်တွေ မှာရှိတဲ့ ဘဏ်စာရင်းတွေကိုလည်း စက္ကန့်ပိုင်းအတွင်း ပေးချေနိုင်မှာဖြစ်သလို ဒီကျွန်တော်တို့ နိုင်ငံမှာပေါ်လာတဲ့ Mobile Payment လို့ခေါ်တဲ့ Mobile Wallet ထဲကပိုက်ဆံနဲ့ ဒီဘဏ်စာရင်း ထဲမှပိုက်ဆံနဲ့ စက္ကန့်ပိုင်းအတွင်းကို လွှဲပြောင်းလို့ရနေပါပြီ။ ဒီတော့ ပြီးတော့ Mobile Payment ဆိုတာကလည်း မြန်မာနိုင်ငံမှာ ဘဏ်စာရင်းမဖွင့်နိုင်တဲ့သူတွေအတွက်သာဖြစ်ပြီးတော့ Mobile Banking ဆိုတာ ဘဏ်စာရင်းဖွင့်နိုင်တဲ့လူတွေဖြစ်တဲ့အတွက် ဘဏ်စာရင်းမဖွင့်နိုင်တဲ့သူတွေက နေပြီးတော့ ဘဏ်စာရင်းဖွင့်လာနိုင်တဲ့အထိ ဖြစ်သွားမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ တခြားနိုင်ငံ တွေမှာလိုပဲ လက်လီဘဏ်လုပ်ငန်းကိုတော့ သေသေချာချာထိထိရောက်ရောက်လုပ်နိုင်တာတော့ ပြည်တွင်းဘဏ်တွေက ဒါ လုပ်နိုင်မှာဖြစ်ပါတယ်။ ပြည်ပဘဏ်တွေအနေနဲ့ မြန်မာနိုင်ငံတစ်နိုင်ငံလုံး မှာနေရာအနှံ့ကို ဘဏ်ခွဲဖွင့်ဖို့လို့ သူတို့မှာ အစီအစဉ်လည်းမရှိပါဘူးခင်ဗျား။ သို့သော် ဘယ်လောက်ပဲ သူတို့နိုင်ငံခြားဘဏ်တွေမှာ အစီအစဉ်ရှိရှိ၊ မရှိရှိ မြန်နိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဒီဖြေလျှော့မှုကို တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း ဖြေလျှော့သွားမှာဖြစ်တဲ့အတွက် အခု ပထမအကြိမ် ဖြေလျှော့၊ ဒုတိယအကြိမ်ဖြေလျှော့၊ တတိယအကြိမ် ဖြေလျှော့ပြီးလို့ စတုတ္ထအကြိမ်ကျလို့ရှိရင် နောင်တစ်ချိန်မှာ ဒါမျိုး လျှော့ပေါ့မှုမျိုး ပြုလုပ်ပြီးတော့ လက်လီဘဏ်လုပ်ငန်းကို ဆောင်ရွက်ခွင့်ကို

ခွင့်ပြုပေးသွားမှာဖြစ်တဲ့အကြောင်း ကျွန်တော်တို့ ပြောကြားလိုပါတယ်ခင်ဗျား။ ဗဟိုဘဏ်ရဲ့ အဲဒီလို ဘယ်အချိန်မှာဆောင်ရွက်မှာလဲဆိုတဲ့ အတိအကျ ကတော့ မြန်မာနိုင်ငံရဲ့ဘဏ်လုပ်ငန်းကဏ္ဍ တည်ငြိမ်မှုအခြေအနေ၊ နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့ ကြီးကြပ်စစ်ဆေးနိုင်ရန်အင်အားပေါ် မူတည်ပြီးတော့ ဒီဖြေလျှော့မှုများကို ဒီထက်ပို မြန်ဆန်အောင် ဖြေလျှော့သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပြီးတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**ကျောက်တံတားမြို့နယ်၊ မြေပေါ်ရှိ ခါတ်တိုင်များအပေါ်၊ အိမ်နံရံများ၊ မြေအောက်ရေဆိုးမြောင်း များအတွင်းနှင့် အဓိကလမ်းမကြီးများထောင့်တို့တွင် ရှုပ်ထွေးစုပုံထားသော ဆက်သွယ်ရေးဝါယာကြိုး များအား ရှင်းလင်းပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့တာဝန်ရှိပုဂ္ဂိုလ်များ၊ လေ့လာရေး လာရောက်ကြသော မိတ်ဆွေအပေါင်းတို့အား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်အတွင်းရှိ မြေပေါ်ရှိခါတ်တိုင်များ၊ အိမ်နံရံများ နောက်ပြီးတော့ ဒီရေမြောင်းအတွင်းမှာ အဓိကလမ်းမကြီးများ ထောင့်တို့တွင် ရှုပ်ထွေးပြီးတော့ စုပုံထားသောဆက်သွယ်ရေးဝါယာကြိုးများကို ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းကို ကျွန်တော် မေးမြန်းမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဦးနေမျိုးထက်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ကျောက်တံတားမဲဆန္ဒနယ်မှ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ဆက်သွယ်ရေးဝါယာနဲ့လျှပ်စစ်ဝါယာ လေတိုက်ပြီးငြိပြီးတော့ မီးစွဲလောင်ကျွမ်းနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါက ကုန်သည်လမ်းနဲ့ လမ်း(၄၀) ခါတ်တိုင်ပါ။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတုန်းကဖြစ်ခဲ့တဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ကုန်သည်လမ်းနဲ့ လမ်း(၄၀) လမ်းအနောက် သမိုင်းဝင်ဂန္ဓီခန်းမ၊ ဆက်သွယ်ရေးရုံးချုပ်အနီးမှာရှိတဲ့ ဆက်သွယ်ရေးရှုပ်ထွေးနေတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါကတော့ အနော်ရထာလမ်းမနဲ့ ဆိပ်ကမ်းသာလမ်းထောင့်မှာ ပုံတွင်မြင်ရတဲ့အတိုင်း ဆက်သွယ်ရေး

ဝါယာတွေရှုပ်ထွေးနေပါတယ်။ ပြီးတော့ အောက်ခြေမှာလည်း ဆက်သွယ်ရေးကြိုးတွေကို လုပ်လက်စလား၊ မလုပ်နေတုန်းလား။ ဒီလို စုပုံထားတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ဒါကတော့ ကုန်သည်လမ်းမပေါ်မှာရှိတဲ့ ဆက်သွယ်ရေးဝါယာကြိုးတွေပါ။ ကျွန်တော်တို့ လျှပ်စစ်ဝါယာကြိုးတွေနဲ့လည်း ပူးထွေးနေတာကို တွေ့ရပါတယ်။ နောက်ပြီးတော့ သစ်ပင်တွေမှာလည်း ငြိပြီးတော့၊ ဟောင်းနွမ်းဆွေးမြည့်ပြီးတော့ ရှုပ်ထွေးနေတဲ့ပုံကို ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ မဟာဗန္ဓုလလမ်းပေါ် ပန်းဆိုးတန်းလမ်းထောင့်မှာ ဆက်သွယ်ရေးဝါယာတွေကို ဒီလိုထားရှိတာကို လက်ရှိဖြစ်ပေါ်နေတဲ့ပုံကို ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ အရမ်းဆိုးရွားတဲ့ပြဿနာတစ်ခုပါ။ မြို့နယ်စည်ပင်သာယာရေးက ရေမြောင်းတွေဖော်တယ်။ နောက်ပြီးတော့ ရေမြောင်းတွေဖော်ပြီးတော့ ဒီတိုင်းထားခဲ့တယ်။ ဆက်သွယ်ရေးဝါယာကြိုးတွေကို ဒီမြောင်းတွေထဲမှာ မဟာဗန္ဓုလလမ်းနဲ့ ဘားလမ်းထောင့်မှာရှိတဲ့ ရေမြောင်းထဲမှာဆက်သွယ်ရေးကြိုးတွေဖြစ်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ရန်ကုန်မြို့တော်စည်ပင်ခန်းမအနီး ဧမာနွေလ Church နားက မြို့ထဲထောင့်တစ်ထောင့်တစ်နေရာရဲ့ ဆက်သွယ်ရေးဝါယာကြိုးတွေ လက်ရှိဖြစ်ပေါ်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ အနော်ရထာလမ်းမှာ ထားရှိနေတဲ့ ဆက်သွယ်ရေးပုံးတွေပါ။ ဒီဆက်သွယ်ရေးပုံးတွေဆိုရင် ကျွန်တော့်အသက်ထက်ကြီးမယ်ထင်ပါတယ်။ ဒီဥစ္စာသည် ဟိုးကြာလှပြီဖြစ်တဲ့ ဆက်သွယ်ရေးပုံး System တွေဖြစ်ပါတယ်။ နောက်ပြီး ဆက်သွယ်ရေးကြိုးတွေကိုလည်း ဒီလိုပဲမြေအောက်ရော၊ မြေပေါ်ရောဆက်သွယ်ထားတဲ့ပုံတွေက မသေမသပ်နဲ့ တချို့ကိစ္စတွေမှာရေကြီးတဲ့အခါ မိုးတွင်းမှာဆိုရင် ဖုန်းလိုင်းပြတ်တောက်တာတွေ အလွယ်တကူဖြစ်ပါတယ်။ ဒါ ဆက်သွယ်ရေးကြိုးတွေ သွယ်တန်းမှုမကောင်းလို့ပါ။ ဒီဘက်ကပုံကတော့ တိုက်နံရံတွေမှာ ဆက်သွယ်ရေးကြိုးတွေကို သွယ်တန်းထားတဲ့ပုံကို မြင်တွေ့ရတဲ့အတိုင်းဖြစ်ပါတယ်။ ဒါကတော့ အနော်ရထာလမ်းမှာ ဆက်သွယ်ရေးကြိုးတွေရှုပ်ထွေးနေတဲ့ပုံဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျောက်တံတားမြို့နယ်အတွင်းရှိ ဆက်သွယ်ရေးကြိုးများကို စနစ်တကျနဲ့ နိုင်ငံတကာအဆင့်မီ ကျွန်တော်တို့ ကျောက်တံတားမြို့နယ်ဟာ မြို့လယ်ခေါင်မြို့ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာအဆင့်မီ ကျွန်တော်တို့ပြုလုပ်သင့်ပါပြီ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဟာဆိုရင်လည်း အရင်တုန်းကလို သီးခြားမဟုတ်တော့ပါဘူး။ ဂျပန်နိုင်ငံ KDDI၊ Sumitomo တို့နဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်နေတဲ့၊ နိုင်ငံတကာအဆင့်မီအောင်ပြုလုပ်နေတဲ့ ရွှေသို့လှမ်းချီမြန်မာပြည်ဆိုပြီးတော့ MPT နဲ့ကြော်ငြာနေတဲ့ ဆက်သွယ်ရေး

ဝန်ကြီးဌာနဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မြို့လယ်ခေါင်မှာ မြင်လို့မကောင်းဘူး။ နိုင်ငံခြားသားဧည့်သည်တွေရော၊ လူတွေအတွက်ရော အန္တရာယ်ရှိနိုင်တဲ့ဆက်သွယ်ရေးကြိုးတွေကို စနစ်တကျနဲ့သွယ်တန်းပြီးတော့ ရှင်းလင်းပေးရန်အစီအစဉ်ရှိ/မရှိကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်းဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်အတွင်းရှိ မြေပေါ်ရှိဓာတ်တိုင်များပေါ်၊ အိမ်နံရံများ၊ မြေအောက်ရေဆိုးမြောင်းများအတွင်းနှင့် အဓိကလမ်းမကြီးများထောင့်တို့မှာ ရှုပ်ထွေးပြီးတော့စုပုံထားတဲ့ ဆက်သွယ်ရေးဝါယာကြိုးများကို ရှင်းလင်းပေးရန်အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်တိုင်များပေါ်ရှိ ကေဘယ်လ်ကြိုးများဟာဆိုရင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအပြင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) ရဲ့ခွင့်ပြုချက်နှင့် လိုင်စင်ရအခြားဆက်သွယ်ရေးကုမ္ပဏီတွေနဲ့ အော်ပရေတာများက သွယ်တန်းထားတဲ့ ဆက်သွယ်ရေးကေဘယ်လ်ကြိုးများလည်း ပါဝင်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ဓာတ်တိုင်များပေါ်ရှိ တယ်လီဖုန်းကေဘယ်လ်ကြိုးများရှင်းလင်းရေး လေးလစီမံချက်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့ပါတယ်။

ယခင် ၁၉၇၈-၁၉၈၂ ခုနှစ်နဲ့ ၁၉၈၃-၁၉၈၆ ခုနှစ် အသီးသီးတုန်းက ဆောင်ရွက်ခဲ့တဲ့ ပထမနဲ့ ဒုတိယဆက်သွယ်ရေးဖွံ့ဖြိုးမှု စီမံကိန်းကာလတွေအတွင်းမှာလည်း ရန်ကုန်မြို့ Downtown ခြောက်မြို့နယ်အနက် ပန်းပဲတန်းမြို့နယ်နဲ့ ကျောက်တံတားမြို့နယ်မှာ ဆက်သွယ်ရေးတယ်လီဖုန်းတိုင်တွေအစား မြို့တွင်းသန့်ရှင်းသာယာလှပစေရန်ရည်ရွယ်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက Overhead ကေဘယ်လ်တွေကို wall type စနစ်နဲ့ အဆောက်အဦနံရံတွေမှာ ချိတ်ဆွဲသွယ်တန်းထားခဲ့တာဖြစ်ပါတယ်။

ကျောက်တံတားမြို့နယ်အတွင်းမှာ မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ Kyaw Home Mart အဆောက်အဦကို အသစ်ပြန်လည်ပြင်ဆင်နေတဲ့အချိန်အတောအတွင်း အဲဒီအဆောက်အဦနံရံတွေမှာ သွယ်တန်းထားတဲ့ ကေဘယ်လ်တွေကို ယာယီဖြုတ်ချထားခဲ့ရလို့ အဲဒီအတောအတွင်း ကြိုးတွေရှုပ်ထွေးနေတဲ့အနေအထား ဖြစ်ပေါ်ခဲ့ရတာဖြစ်ပါတယ်။ အဆောက်အဦပြင်ဆင်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ပြီးဖြစ်တဲ့ ၂၀၁၇ ခုနှစ် မေလအတွင်းမှာ အဲဒီအဆောက်အဦနံရံတွေမှာ ကေဘယ်လ်တွေကို စနစ်တကျပြန်လည်သွယ်တန်းခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ဇွန်လ ၁၅ ရက်နေ့မှာ အပြီးဆောင်ရွက်ခဲ့နိုင်ပါတယ်။ အဲဒီလိုပဲ ကုန်သည်လမ်းနှင့်မဟာဗန္ဓုလပန်းခြံထောင့်မှာ မြေအောက်ကေဘယ်လ် လမ်းကြောင်းပေါ်မှာရှိတဲ့ ရေမြောင်းတွေ ပြုပြင်နေတဲ့အချိန်မှာလည်း အဲဒီနေရာမှာရှိတဲ့မြေအောက် ကေဘယ်လ်အချို့ကို မြေပေါ်မှာယာယီထားရှိခဲ့ရပြီး ရေမြောင်းပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးတဲ့ ၂၀၁၇ ခုနှစ် မေလအတွင်းမှာပဲ အဲဒီကေဘယ်လ်တွေကို ရေမြောင်းဘေးတစ်လျှောက်မှာ စနစ်တကျပြန်လည်ချခင်းခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာလကနေ ၂၀၁၇ ခုနှစ် မတ်လအထိ ခြောက်လပွင့်လင်းရာသီစီမံချက်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းဆောင်ရွက်ခဲ့တဲ့ ကြိုတင်ပြင်ဆင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းတွေဟာဆိုရင်-

(က) Overhead ကေဘယ်လ်တွေကို စနစ်တကျသွယ်တန်းဆောင်ရွက်ခြင်း၊

(ခ) ဟောင်းနွမ်းနေတဲ့ကေဘယ်လ်နဲ့ ကြိုးတွေကိုအသစ်လဲလှယ်ခြင်း၊

(ဂ) ရှုပ်ထွေးနေတဲ့ ကေဘယ်လ်တွေကို ရှင်းလင်းဆောင်ရွက်ခြင်း၊

(ဃ) ယိုင်နေတဲ့ တယ်လီဖုန်းတိုင်တွေကို ပြန်တည့်မတ်ခြင်း၊ လျော့ကျနေတဲ့ ဆိုင်းကြိုးတွေကို တင်းညှိခြင်းတို့ကို ကျွန်တော်တို့ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီအပြင် မြန်မာ့ဆက်သယ်ရေးလုပ်ငန်းအနေနဲ့ အခြားကျန်ရှိနေတဲ့ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်တွေကိုလည်း မိုးရာသီစီမံချက်အနေနဲ့ ၂၀၁၇ ခုနှစ်၊ ဇွန်လမှအောက်တိုဘာလအထိ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ မြေအောက်ကေဘယ်လ်ကြိုးတွေချခင်းတဲ့နေရာမှာ conduit ပိုက် (ဒါမှမဟုတ်) PVC ပိုက်တွေကို အနည်းဆုံးခြောက်ပေအနက်မှာ ချခင်းရတာဖြစ်ပါတယ်။ အခုအခါမှာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ လမ်း/တံတားဌာနက ရေမြောင်းတွေတိုးချဲ့ခြင်း၊ အသစ်ထပ်မံတည်ဆောက် ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့အတွက် ရေမြောင်းနဲ့မြေအောက်ကေဘယ်လ်ကြိုးလမ်းကြောင်း တွေ တစ်ထပ်တည်းကျနေခြင်း၊ ကန့်လန့်ဖြတ်အနေအထားဖြစ်နေခြင်းတို့အတွက် မြန်မာ့ဆက်သွယ် ရေးလုပ်ငန်းအနေနဲ့ ပြုပြင်ခြင်းလုပ်ငန်းတွေကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဲဒီအပြင် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိထားတဲ့ကုမ္ပဏီတွေနဲ့ အခြား အော်ပရေတာများကိုလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း သွယ်တန်းထားတဲ့ဖိုင်ဘာကေဘယ်လ် တွေကို စနစ်တကျနှင့် သပ်သပ်ရပ်ရပ်ရှိစေရန် ဆက်သွယ်ရေးညွှန်ကြားရေးမှူးဦးစီးဌာနက ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကတည်းက အကြောင်းကြားဆောင်ရွက်ထားပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော် ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး အထက်ပါအတိုင်း ရှင်းလင်းဖြေကြားလျက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအပါအဝင် လိုင်စင်ရဆက်သွယ်ရေးကုမ္ပဏီတွေနဲ့ အခြားအော်ပရေတာ များကို လက်ရှိဆက်သွယ်ရေးကွန်ရက်အတွင်းရှိတဲ့ ဆက်သွယ်ရေးကေဘယ်လ်ကြိုးတွေကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားစေရေးနဲ့ ဆက်သွယ်ရေးကွန်ရက်များတိုးချဲ့ထွင်ရာမှာလည်း ဆက်သွယ်ရေး ဆိုင်ရာဆက်စပ်ပစ္စည်းများကို စနစ်တကျဆက်သွယ်တပ်ဆင် ဆောင်ရွက်သွားစေရေးတို့အတွက် ပို့ဆောင်ရေးနဲ့ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ကြီးကြပ် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ အခုလိုဖြေကြားပေးတဲ့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် အဓိကသိချင်တဲ့အကြောင်းကတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြောသွားတဲ့အတိုင်း ပုဂ္ဂလိကအော်ပရေတာတွေကိုလည်း

ဒီလို ဖိုက်ဘာကေဘယ်လ်တွေပေးထားတယ်လို့ ကျွန်တော်တို့ကြားသိရပါတယ်။ အဲဒီတော့ ကျွန်တော် တစ်ဆက်တစ်စပ်တည်းမေးခွန်းအနေနဲ့ ကျွန်တော်တို့နိုင်ငံမှာ ဆက်သွယ်ရေး System က မိုဘိုင်း လောကမှာတော့ တိုးတက်သလောက် ဒီကြိုးဖုန်းဆက်သွယ်ရေးဘက်မှာတော့ ဆက်လက်တိုးတက် အောင်လုပ်ဆောင်တာကို မတွေ့ရပါဘူး။ ဒါကြောင့် ထပ်ဆင့်မေးခွန်းအနေနဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ (၁) ဒီလျှပ်စစ်မီးတိုင်တွေမှာသွယ်တဲ့အစား ကိုယ့် System နဲ့ကိုယ်သွယ်ဖို့ အစီအစဉ်ရှိပါသလား။ (၂) ကတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနက ကျွန်တော်ပထမဆုံးကလည်း ပြောပြီးသားဖြစ်ပါတယ်။ ဂျပန်ကုမ္ပဏီတွေဖြစ်တဲ့ ဂျပန် KDDI၊ ကုမ္ပဏီ၊ Sumitomo ကုမ္ပဏီတွေနဲ့လည်း ပူးပေါင်းထားပါပြီ။ အကျိုးတူပူးပေါင်းပြီးလုပ်ဆောင်နေတဲ့အတွက် နည်းပညာဟာလည်းမြင့်မားသည်ထက် မြင့်မားလာအောင်ကြိုးစားရမှာဖြစ်ပါတယ်။ ဆိုတဲ့အတွက် သူတို့နည်းပညာအတိုင်း ဂျပန်မှာဆက်သွယ်ရေးကြိုးတွေ ဘယ်လိုသွယ်ထားသလဲဆိုတာ သွားရောက်၊ ရောက်ရှိသူတိုင်းသိပါတယ်။ ဒီလိုမျိုးနည်းပညာတွေနဲ့ မြင့်မားအောင် ဘယ်လိုဆက်လက်ပြီး လုပ်ဆောင်မလဲဆိုတာသိချင်ပါတယ်။ နောက်ပြီးတော့ ဒုတိယဝန်ကြီးဖြေထားတဲ့အတိုင်း ပုဂ္ဂလိက ကုမ္ပဏီတွေကို ဖိုက်ဘာကြိုးတွေသွယ်ခိုင်းထားတယ်လို့သိရပါတယ်။ အဲဒီဖိုက်ဘာကြိုးတွေ ပြတ်ကျ နေရင် ပြည်သူလူထုက လျှပ်စစ်ကြိုးလား။ ဆက်သွယ်ရေးကြိုးလားဆိုတာ မသိကြပါဘူး။ ဘာလို့လဲ ဆိုတော့ တစ်နေရာတည်းမှာပဲ၊ ဓာတ်တိုင်မှာပဲ အကုန်ဆွဲသီထားတဲ့အတွက် ပြည်သူလူထုလည်း ထိတ်လန့်ချောက်ချားရပါတယ်။ ပုဂ္ဂလိကဖိုက်ဘာကြိုးကုမ္ပဏီတွေ၊ သွယ်တဲ့ကုမ္ပဏီတွေရော လေတိုက်လို့ပြုတ်ကျတာဖြစ်စေ၊ အကြောင်းကြောင်းကြောင့် ပြုတ်ကျတာဖြစ်စေ၊ ဘယ်လိုအလျင် အမြန်ဆောင်ရွက်အောင် စီမံဆောင်ရွက်ထားသလဲဆိုတာကို တစ်ဆက်တစ်စပ်တည်းအနေနဲ့ သိရှိလို ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ဆက်စပ်မေးခွန်းအတွက် ကျေးဇူးတင်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားသလို ကျွန်တော်တို့အနေနဲ့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်မှာရှိပြီးတော့ အခု ဂျပန်ကုမ္ပဏီဖြစ်တဲ့ KDDI နဲ့ Sumitomo နဲ့ Joint Operation ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ ဒီလိုစတင် ဆောင်ရွက်နေတာ ၂၀၁၄ ခုနှစ်ကစပြီး အဲဒီအချိန်ကဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံမှာ ကြိုးလိုင်းနဲ့

ဆက်သွယ်ရေးစနစ်ဟာ ရှိနေပြီးသားဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ မိုဘိုင်းဆက်သွယ်ရေးဟာ အင်မတန်မှ အားနည်းနေတဲ့အတွက် ဒီမိုဘိုင်းဆက်သွယ်ရေးစနစ်တွေတည်ထောင်ဖို့အတွက်ကို ဦးစား ပေးဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အခု နောက်ကုမ္ပဏီများဖြစ်တဲ့ Ooredoo, Telenor တို့ဟာလည်း ဒီ Fixed Line ခေါ်တဲ့ ကြိုးတယ်လီဖုန်းတွေဆောင်ရွက်ခြင်းမပြုဘဲ မိုဘိုင်းတယ်လီဖုန်းစနစ်ကိုပဲ တိုးတက်အောင်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ လက်ရှိတာဝန်ထမ်းဆောင် ပြီးတဲ့ အချိန်ကစပြီးတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိုဘိုင်းဆက်သွယ်ရေးစနစ်ဟာဆိုရင် အတော်အတန်အားဖြင့် တိုးတက်အောင်မြင်နေပြီဖြစ်တဲ့အတွက် အများပြည်သူသုံးနေတဲ့၊ စီးပွားရေး လုပ်ငန်းရှင်တွေသုံးနေတဲ့ Fixed Line တယ်လီဖုန်းကြိုးစနစ်တွေကို အာရုံစိုက်ပြီးတော့ ပြုပြင် ထိန်းသိမ်းဖို့အတွက်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုရော သူနဲ့ဖက်စပ်ဆောင်ရွက်နေတဲ့ KDDI၊ Sumitomo ကုမ္ပဏီကိုရော ဝန်ကြီးဌာနအနေနဲ့ အလေးအနက်ထားပြီးတော့ ညွှန်ကြားထားတာ ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ဆက်သွယ်ရေးလုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကနေပြီးတော့ မိုဘိုင်းအော်ပရေတာတွေဖြစ်တဲ့ ဖိုက်ဘာကေဘယ်လ် ချခင်းတဲ့ ကုမ္ပဏီတွေကို ကျွန်တော်တို့က လိုင်စင်ထုတ်ပေးရပါတယ်။ လိုင်စင်ထုတ်ပေးတဲ့နေရာမှာ လည်း စည်းကမ်းသတ်မှတ်ချက်တွေရှိပါတယ်။ ကေဘယ်လ်ချခင်းတဲ့ Right of Way ခေါ်တဲ့ လမ်းကြောင်းအတွက်ကလည်း သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွေနဲ့ သူတို့က ခွင့်ပြုချက်တောင်းပြီးတော့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွား တဲ့ဟာကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ ခုနပြောသလို တယ်လီဖုန်းကြိုးမဟုတ်ဘဲ လျှပ်စစ် ကြိုးလား၊ တယ်လီဖုန်းကြိုးလားမသိဘဲနဲ့ ဖိုက်ဘာကေဘယ်လ်ကျနေရင် အမြန်ဆုံးဆောင်ရွက်ဖို့ ကိစ္စကိုလည်း ကျွန်တော်ဆက်လက်ပြီးတော့၊ ညွှန်ကြားပြီးတော့ လက်ရှိလည်း ဘယ်လိုနည်းလမ်းနဲ့ ကြီးကြပ်ကွပ်ကဲနေတယ်ဆိုတာ ကျွန်တော့်အနေနဲ့က ဆောင်ရွက်ညွှန်ကြားသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သံတွဲမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန(ကညန)ရုံးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမင်းကြည်(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များအားလုံး

**မူကြမ်း**

မင်္ဂလာပါ။ ကျွန်တော်အနေနဲ့ ဒေသခံပြည်သူများအတွက် မေးမယ့်မေးခွန်းကတော့ ကုန်းလမ်းပို့ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေး (ကညန)မှာ သံတွဲခရိုင်၊ သံတွဲမြို့မှာ ကညန ရုံးတစ်ရုံးဖွင့်လှစ်ပေးဖို့အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သံတွဲခရိုင်မှာ တောင်ကုတ်-သံတွဲ-ဂွဆိုပြီး မြို့သုံးမြို့ပါဝင်ပြီးတော့ လူဦးရေ ၄၀၀၀၀၀ ကျော်နေထိုင်ပါတယ်။ သံတွဲမြို့ဟာ ငပလီကမ်းခြေရှိ ဟိုတယ်ဇုန်များကြောင့် စည်ကားသောမြို့တစ်မြို့ဖြစ်ပြီး မော်တော်ကားတွေ၊ မော်တော်ဆိုက်ကယ်တွေနဲ့ ပြည့်လျှံနေပါတယ်။ တောင်ကုတ်နှင့်ဂွမြို့တွေကလည်း ရေထွက်ပစ္စည်းများနဲ့ စီးပွားရေးအောင်မြင်လျက်ရှိတဲ့ မြို့ဖြစ်ပြီးတော့ ပြည်မနှင့်ဆက်သွယ်ထားတဲ့ ရခိုင်ရိုးမဖြတ်လမ်းများရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စည်ကားတဲ့မြို့တွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမြို့တွေမှာလည်း မော်တော်ကားတွေ၊ မော်တော်ဆိုင်ကယ်တွေနဲ့အလွန်စည်ကားနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကညန (ရုံးချုပ်)ဟာ ရခိုင်ပြည်နယ် စစ်တွေမှာသာရှိပြီးတော့ ကျွန်တော်တို့မြို့နယ်တွေကို တစ်နှစ်မှာနှစ်ကြိမ်လောက်ပဲ လာရောက်ပြီးတော့ လိုင်စင်သက်တမ်းတိုးပေးတဲ့လုပ်ငန်းတွေကို လုပ်ကိုင်ပါတယ်။ တစ်ကြိမ်လာတဲ့အချိန်မှာလည်း တစ်မြို့မှာ သုံးရက်လောက်သာဆောင်ရွက်ပေးတဲ့အတွက် များပြားလှတဲ့ကားတွေ၊ ဆိုင်ကယ်တွေ၊ သုံးဘီးဆိုင်ကယ်တွေ၊ Light truck တွေ စောင့်ဆိုင်းပြီးတော့ သက်တမ်းတိုးရတဲ့လုပ်ငန်းကို ဆောင်ရွက်ပါတယ်။ တစ်ခါတစ်ရံ သတ်မှတ်ရက်ထက်မပြီးတာကို တွေ့ရတဲ့အတွက်ကြောင့် တချို့တွေဟာ ငွေကုန်၊ အချိန်ကုန်၊ ပင်ပန်းပြီးစောင့်ဆိုင်းရတာတွေ့ရပါတယ်။ ပြီးတော့ လိုင်စင်လုပ်တာလည်း ယာယီလိုင်စင်ကို သံတွဲမြို့မှာ လုပ်ပေးပြီးတော့ Smart Card ကိုတော့ စစ်တွေမှာသွားယူရတဲ့အတွက်ကြောင့် ဒေသခံတွေဟာ ငွေကုန်ကြေးကျပြီး အခက်အခဲများစွာကို ကျော်လွှားပြီးသွားနေရပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

ဒါကတော့ ကျွန်တော်တို့ သံတွဲခရိုင်၊ တောင်ကုတ်-သံတွဲ-ဂွမှာရှိတဲ့ RKE ဆိုတဲ့ ရခိုင်လိုင်စင်အရ မော်တော်ယာဉ်စာရင်းဖြစ်ပါတယ်။ သံတွဲမှာမော်တော်ကားက ၄၈၃ စီး၊ RKE ဆိုတာ ရခိုင်လိုင်စင်ပါ။ မော်တော်ဆိုင်ကယ်က ၅၇၈၀၊ ဆိုင်ကယ်တက္ကစီက ၃၉၉ စီး၊ Light truck က ကျောက်တွေ၊ သဲတွေသယ်တဲ့ စီးရေက ၂၁ စီးပါ။ တောင်ကုတ်မှာက ရခိုင်လိုင်စင်နဲ့ ၁၇၆ စီးမော်တော်ကားပါ၊ မော်တော်ဆိုင်ကယ်က ၂၅၅၈ စီးပါ၊ ဆိုင်ကယ်တက္ကစီက ၁၄၇ စီး၊ Light truck က ၆၇ စီးပါ။ ဂွမှာလည်း RKE

ရခိုင်လိုင်စင်နဲ့ မော်တော်ယာဉ် ၂၁ စီး၊ မော်တော်ဆိုင်ကယ်က ၁၈၆၀၊ ဆိုင်ကယ်တက္ကစီက တစ်စီးနဲ့ Light truck က ကိုးစီးပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမှာရှိတဲ့ မော်တော်ယာဉ်အများစုဟာ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ သံတွဲမှာဆိုလို့ရှိရင် ရန်ကုန်လိုင်စင် (YGN) ဆိုတဲ့လိုင်စင်ကို ယူထားတာများပါတယ်။ ဒါကြောင့် နှစ်နှစ်မှာတစ်ခါ၊ သုံးနှစ်တွေမှာတစ်ခါ ရန်ကုန်ကိုသွားရောက်ပြီး သက်တမ်းတိုးရပါတယ်။ ခရိုင်အဆင့်ဖြစ်တဲ့ သံတွဲမှာ ကညနရုံးခွင့်ပြုလိုက်လို့ရှိရင် ရန်ကုန်ကိုသွားစရာမလိုဘဲ RKE ရခိုင်လိုင်စင်များကို ပြောင်းလဲယူခြင်းဖြင့် ငွေကုန်၊ အချိန်ကုန်၊ လူပင်ပန်းမှုများ ဖြေလျှော့သွားမှာဖြစ်ပါတယ်။ သို့ပါသောကြောင့် ဒေသခံပြည်သူတွေရဲ့ အမှန်တကယ်လိုအပ်လျက်ရှိတဲ့ ကညနရုံးကို ကျွန်တော်တို့ သံတွဲခရိုင်၊ သံတွဲမြို့မှာဖွင့်လှစ်ပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်ရဲ့ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်တွင် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)ရုံး ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးပါမည်နည်းနဲ့စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)ရဲ့ သံတွဲခရိုင်ရုံးကို ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပြီး ၁၉၉၂ ခုနှစ်မှာ အဲဒီအချိန်က ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ဆက်သွယ်ရေး၊ သတင်းအချက်အလက်၊ စာတိုက်နဲ့ ကြေးနန်းဝန်ကြီးဌာနတို့ ဝန်ကြီးဌာနသုံးခုခွဲလိုက်တဲ့အချိန်မှာ ကညနက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက် ရောက်ရှိသွားပြီးတော့ လုပ်ငန်းများကျစ်ကျစ်လျစ်လျစ်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စုရုံးများ စုပေါင်းဖွဲ့စည်းခဲ့ရသဖြင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှာ ပြည်နယ်ရုံးစိုက်ပြီးလုပ်ငန်းများ ပူးပေါင်း၍ စုစည်းဆောင်ရွက်ခဲ့ရပါတယ်။ ယခုအခါ ရခိုင်

ပြည်နယ်မှာ ကညန စစ်တွေရုံးတစ်ရုံးသာရှိတဲ့အတွက် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်ကို နယ်လှည့်သွားရောက်ပြီး လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါတယ်။

သံတွဲခရိုင်မှာပါဝင်တဲ့ သံတွဲ၊ တောင်ကုတ်နဲ့ ဂွသုံးမြို့နယ်မှာ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ အထိ မော်တော်ယာဉ် ၇၁၅ စီး၊ နှစ်ဘီးတပ်၊ သုံးဘီးတပ်နှင့် ထော်လာဂျီ ၁၀၇၄၈ စီးရှိတာကြောင့် ယာဉ်စီးရေ စုစုပေါင်း ၁၁၄၆၃ စီးနဲ့ ယာဉ်မောင်းလိုင်စင် ၁၄၅၆၈ စောင်မှတ်ပုံတင်ထားရှိပါတယ်။ ယခုအခါ သံတွဲခရိုင်မှာ ကညန ရုံးမရှိတဲ့အတွက် သံတွဲခရိုင်အတွင်းရှိ ပြည်သူတွေ မော်တော်ယာဉ်နဲ့ ယာဉ်မောင်းလိုင်စင်လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပေးရေးအတွက် စစ်တွေ ပြည်နယ်ရုံးမှ သံတွဲခရိုင်သို့ နှစ်စဉ်ဖေဖော်ဝါရီ၊ ဇွန်နဲ့ အောက်တိုဘာ ၃ လမှာ သက်ဆိုင်ရာ ဒေသ အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ကြိုတင်ညှိနှိုင်းပြီး ပြည်သူများအဆင်ပြေစေရန် နယ်လှည့်ဆောင်ရွက် ပေးလျက်ရှိပါတယ်။

အဲဒီအပြင် သံတွဲမြို့ရှိ ကုန်းလမ်းပို့ဆောင်ရေးမှ ဖွင့်လှစ်ထားတဲ့ ယာဉ်မောင်းသင်တန်း ကျောင်းမှ သင်တန်းဆင်းအောင်မြင်သူများကို လုပ်ထုံးလုပ်နည်းနဲ့အညီ ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းရေးဖြေစစ်ဆေးခြင်းနဲ့ ယာဉ်မောင်းလက်တွေ့ဖြေဆိုခြင်း၊ Chip ပါတဲ့ Smart Card ယာဉ် မောင်းလိုင်စင်များထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ဖို့အတွက် သံတွဲခရိုင်ရှိ လုပ်ငန်းလိုင်စင်နဲ့ သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနသို့ ကွန်ပျူတာစက်ကိရိယာများကို ပေးပို့ထားပြီးဖြစ် ပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်မှာ မော်တော်ယာဉ်နဲ့ ယာဉ်မောင်းလိုင်စင်များ တိုးတက်များပြား လာခြင်း၊ စစ်တွေပြည်နယ်ရုံးမှာလည်း သံတွဲခရိုင်ရဲ့ လုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်ပေးနေရ တာကြောင့်လုပ်ငန်းများရော ပြည်သူတွေအတွက်ပါ အဆင်ပြေစွာဆောင်ရွက်ပေးနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံကို ပြင်ဆင်ရေးဆွဲနေတဲ့နေရာမှာ ကညနရဲ့ သံတွဲခရိုင်ရုံးအတွက် ဖွဲ့စည်းပုံထည့်သွင်းရေးဆွဲထားပါကြောင်းနဲ့ ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိတဲ့အခါ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြစ်ချောင်းကမ်းထိန်းနံရံများ/ရေကာတာများ တည်ဆောက်ရာတွင် နိုင်ငံတော်၏ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် ရေရှည်ခိုင်ခံ့၍ အကျိုးရှိသောကမ်းထိန်းနံရံများ/ရေကာတာများ တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ဖြစ်ပါတယ်။ ယနေ့ကျွန်တော်မေးမယ့်မေးခွန်းကတော့ မြစ်ချောင်းကမ်းထိန်းနံရံများ/ရေကာတာများတည်ဆောက်ရာတွင် နိုင်ငံတော်၏ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် ရေရှည်ခိုင်ခံ့၍အကျိုးရှိသော ကမ်းထိန်းနံရံများ၊ ရေကာတာများ တည်ဆောက်နိုင်ရေးစီစဉ်ဆောင်ရွက်ခြင်းရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုမေးမြန်းရခြင်းအကြောင်းကတော့ ကျွန်တော်တို့နိုင်ငံမှာ သဘာဝကပေးထားတဲ့ တောတောင်တွေပျက်စီးဆုံးရှုံးလာမှုနှင့်အတူ ရာသီဥတုများဖောက်ပြန်လျက် မိုးခေါင်ရေကြီးမှုများ၊ သဘာဝဘေးအန္တရာယ်များ၊ ကျရောက်မှုများကို မကြာခဏတွေ့မြင်ကြားသိနေရပါတယ်။ အခုကိုပဲ ချင်းတွင်းမြစ်တစ်လျှောက် ရေကြီးနစ်မြုပ်မှုတွေ၊ ကမ်းပြိုမှုတွေဖြစ်နေတာကို အားလုံးအသိပဲဖြစ်ပါတယ်။ အခုလို ရာသီဥတုဖောက်ပြန်မှုများနဲ့အတူ မြစ်ချောင်းများတိမ်ကောလာပြီး လူနေတိုက်တာအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ၊ လယ်ယာမြေများကို ရေကြီးနစ်မြုပ်မှုများနှင့် ရေတိုက်စားမှုများမှကာကွယ်ရန် မြစ်ချောင်းကမ်းထိန်းနံရံများ၊ ရေကာတာများကို တည်ဆောက်ပေးလျက်ရှိပါတယ်။ ဒါပေမဲ့ တည်ဆောက်ခဲ့တဲ့ကမ်းထိန်းနံရံတွေ၊ ရေကာတာတွေကိုကြည့်လျှင် တည်ဆောက်ခဲ့တဲ့ နေရာရဲ့မြေအနေအထားအမာခံရှိ/မရှိ၊ ဒေသခံပြည်သူများ၏ ရေ၊ မြေသဘောသဘာဝ တင်ပြချက်များကို အလေးမထားဘဲတည်ဆောက်ခဲ့ကြလို့ အကျိုးမရှိဘဲ ပျက်စီးဆုံးရှုံးခဲ့ရတဲ့မြစ်ချောင်းကမ်းထိန်းနံရံတွေအမြောက်အမြားရှိခဲ့ပါတယ်။ အထူးသဖြင့် မျှောတိုင်တန်းကျောက်စီရေကာတာတွေ၊ ကမ်းထိန်းနံရံတွေဟာ အပျက်အစီးများခဲ့ပါတယ်။ အပျက်အစီးများရခြင်းအကြောင်းကတော့ အဲဒီမှာ သုံးတဲ့ မျှောတွေ၊ တိုင်တွေဟာ တစ်နှစ်တောင်အသုံးမခံတဲ့၊ မြေစိုက်မခံတဲ့သစ်သားတွေကို အသုံးပြုခဲ့ကြလို့ဖြစ်ပါတယ်။ နောက်တစ်ခုက ရေစီးကြောင်းတွေကို ကန့်လန့်ခံပြီးတည်ဆောက်ခဲ့တဲ့ ရေကာတာတွေကိစ္စဖြစ်ပါတယ်။ ဒေသခံတွေကမဖြစ်နိုင်ဘူး၊ မရနိုင်ဘူးပြောတဲ့ကြားကနေပြီးတော့ တည်ဆောက်ခဲ့တဲ့ ရေကာတာတွေကြောင့်ကို ရေပြန်တိုက်စားလို့ လူနေအိမ်တွေပြောင်းရွှေ့ရတဲ့အဖြစ်တွေလည်း ရှိခဲ့ပါတယ်။ ရေထဲမျှောပါသွားတဲ့ရေကာတာတွေလည်း ရှိခဲ့ပါတယ်။ ယခုလို ပြည်သူ့ဘဏ္ဍာများဆုံးရှုံးနေတာဟာ ဒေသခံပြည်သူများ၏တင်ပြချက် အကြံဉာဏ်များကို အလေးမထားဘဲ ပညာရှင်ဆိုသူများရဲ့ လွဲမှားသော စီမံဆောင်ရွက်မှုများကြောင့် ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေထဲမျှောသွားတဲ့ငွေကိုလိုက်ဆည်လျှင် ပြန်ရကောင်းရနိုင်ပါတယ်။ နိုင်ငံတော်ရဲ့ကမ်းထိန်းနံရံတွေ၊ ရေကာတာစီမံကိန်းတွေကို ရေထဲမျှောလိုက်ရင်တော့ ပြန်ဆည်လို့မရနိုင်ပါဘူး။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဒါကတော့ ကျွန်တော်တို့ ချင်းတွင်းမြစ်ဘေးမှာရှိတဲ့ ကနဲမျှောတိုင်တန်းကျောက်စီရေကာတာဖြစ်ပါတယ်။ ဒါကလည်း ကနဲမျှောတိုင်တန်းကျောက်စီရေကာတာရဲ့ပျက်စီးနေမှုများဖြစ်ပါတယ်။ ဒါကလည်း ကနဲမျှောတိုင်တန်းကျောက်စီရေကာတာပဲဖြစ်ပါတယ်။ ဒါကတော့ ရေဝါချောင်းမျှောတိုင်တန်း ကျောက်စီရေကာတာတွေရဲ့ အခြေအနေပဲဖြစ်ပါတယ်။ ဒါကလည်း ရေဝါချောင်းမျှောတိုင်နှင့် ကျောက်စီရေကာတာပဲဖြစ်ပါတယ်။ ဒါကလည်း ရေဝါချောင်းမျှောတိုင်တန်းကျောက်စီရေကာတာတွေ ပျက်စီးနေမှုများဖြစ်ပါတယ်။ ဒါကတော့ ချင်းတွင်းမြစ်ဘေးမှာရှိတဲ့ ဝက်ချောင်းကလေး မျှောတိုင်တန်းကျောက်စီရေကာတာလေးရဲ့ အခြေအနေပဲဖြစ်ပါတယ်။ ဒါကလည်း ဝက်ချောင်းကလေး မျှောတိုင်တန်းကျောက်စီရေကာတာတွေပျက်စီးနေမှုများ ဖြစ်ပါတယ်။ ဒါကလည်း ဝက်ချောင်းကလေး မျှောတိုင်တန်းကျောက်စီရေကာတာတွေရဲ့ ပျက်စီးနေမှုအခြေအနေများပဲ ဖြစ်ပါတယ်။ ရေစီးချောင်းတွေကို ကန့်လန့်ခံတည်ဆောက်ခဲ့လို့ ရေထဲမျှောပါပျောက်ဆုံးသွားတဲ့ ရေကာတာတွေကိုတော့ ကျွန်တော့်အနေနဲ့ Power Point မှာတင်ပြလို့မရတော့ပါဘူး။ ဒါကြောင့်မို့လို့ မြစ်ချောင်းကမ်းထိန်းနံရံရေကာတာ လုပ်ငန်းတွေဟာ အင်မတန်မှ အကုန်အကျများတဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ အကုန်အကျများသလောက်လေလွင့်ဆုံးရှုံးမှုအနည်းဆုံး နဲ့ရေရှည်အကျိုးဖြစ်ထွန်းရန်ဟာ အင်မတန်မှကို အရေးကြီးနေပါတယ်။ ဒါကြောင့်မို့ ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ယခုလိုမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့ မြစ်ချောင်းကမ်းထိန်းနံရံများ/ရေကာတာများ တည်ဆောက်ရာတွင် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် ရေရှည်ခိုင်ခံ့၍ အကျိုးရှိသောကမ်းထိန်းနံရံများ/ရေကာတာများ တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းရှိ/မရှိကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့

မြစ်ချောင်းများ ရေရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြစ်ချောင်းရေလမ်းကြောင်းတွေ ပြောင်းလဲမှုကြောင့် မြို့ရွာများ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရေးတို့အတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့မြစ်ကြီးတွေမှာ ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုံလောက်စွာမဆောင်ရွက်နိုင်ခြင်းကြောင့် ရေလမ်းကြောင်းပြောင်းလဲမှုများဖြစ်ပေါ်ပြီး ရေမှာပေါက်များဖြစ်ထွန်းခြင်း၊ ကမ်းပြိုကမ်းစားခြင်းများဖြစ်ပေါ်ခြင်းတို့ကို ကြုံတွေ့နေရပါတယ်။ ကမ်းပြိုကမ်းစားမှုတွေကို ကာကွယ်ထိန်းသိမ်းရန်အတွက် တိုက်ရိုက်ကာကွယ်ခြင်းနှင့် သွယ်ဝိုက်ကာကွယ်ခြင်းဆိုပြီးတော့ လုပ်ငန်း(၂)မျိုးနဲ့ ကာကွယ်ပေးနိုင်ပါတယ်။ တိုက်ရိုက်ကာကွယ်ခြင်းမှာ ကမ်းပြိုမှုဖြစ်ပေါ်တဲ့နေရာကို ကမ်းထိန်းနံရံ၊ ကမ်းထိန်းတမံတွေတည်ဆောက်ပြီး ကာကွယ်တာဖြစ်ပြီး သွယ်ဝိုက်ကာကွယ်ခြင်းကတော့ ကမ်းပြိုမှုဖြစ်ပေါ်တဲ့နေရာမှာ ကာကွယ်ခြင်းမျိုးမဟုတ်ဘဲ မြစ်ရေလမ်းကြောင်းပြောင်းလဲရန်အတွက် ရေလွှဲရေကာတည်ဆောက်ကာကွယ်ပေးခြင်းတို့ပဲဖြစ်ပါတယ်။ အဲဒီအပြင် river training လို့ခေါ်တဲ့ ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းတွေ ပိုင်ပိုင်နိုင်နိုင်ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်လည်း မြို့ရွာတွေမှာ ကမ်းပြိုမှုကို ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တွေအတွင်းရှိ ကမ်းပြိုကမ်းစားခံနေရသော ပြည်သူလူထုရဲ့ လိုလားတောင်းဆိုမှုများအရ တိုက်ရိုက်ကမ်းပြိုကာကွယ်ရေးဖြစ်တဲ့ ကမ်းထိန်းနံရံ၊ ကမ်းထိန်းတမံများဖြင့် အဓိက ကာကွယ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအသီးသီးရဲ့ ရန်ပုံငွေနဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းပေါင်း ၁၇၃ ခု ဆောင်ရွက်ခဲ့ရာမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ လိုလားချက်နဲ့ဆောင်ရွက်ပေးခဲ့တဲ့ လုပ်ငန်း ၅၆ ခု၊ ပြည်သူများကို ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ လိုလားချက်အရ ဆောင်ရွက်ပေးခဲ့တဲ့လုပ်ငန်း ၉၇ ခုနဲ့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ လိုလားချက်အရ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်း အခု ၂၀ ပါဝင်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

ဒီဟာက ကျွန်တော်စောစောကတင်ပြသွားသလို စုစုပေါင်းလုပ်ငန်းက ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၁၇၃ ခုရှိပါတယ်။ အဲဒီတော့ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များရဲ့လိုလားချက် ဆိုတဲ့နေရာမှာ ဒေသခံပြည်သူများအနေနဲ့ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်တွေမှာ တင်ပြချက်အရလည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့တွေက နယ်လှည့်ပြီးတော့ ဒေသခံပြည်သူတွေနဲ့ တွေ့ဆုံတဲ့အခါမှာ တင်ပြတောင်းဆိုတဲ့အရလည်းကောင်း ဆောင်ရွက်ခဲ့တာတွေ ဖြစ်ပါတယ်။ နောက်တစ်ခါ

လွှတ်တော်ကိုယ်စားလှယ်များရဲ့လိုလားချက်ဆိုတာကတော့ ပြည်သူတွေကိုကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ ဒေသခံပြည်သူတွေရဲ့တောင်းဆိုမှုကို တင်ပြပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ လိုလားချက်ဆိုတဲ့နေရာမှာ ကျွန်တော်တို့က အရေးပေါ်သဘာဝဘေးအန္တရာယ်ကြောင့် အရေးပေါ်ဖြစ်တဲ့အတွက် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများ၊ ဝန်ကြီးဌာနအကြီးအကဲများနဲ့ ဌာနဆိုင်ရာအကြီးအကဲများက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တွေမှာ ပြည်သူတွေနဲ့ထိတွေ့တဲ့နေရာမှာ ပြည်သူတွေကနေတိုက်ရိုက်တင်ပြတဲ့အပေါ်မှာမူတည်ပြီးတော့ လိုအပ်သလို ကျွန်တော်တို့က ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တွေအတွင်းမှာဖြစ်ပေါ်ခဲ့တဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကစပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ မီးဘေးနဲ့ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်အောက်မှ ကျခံဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆောင်ရွက်မယ့် အစီအမံနဲ့ဒီဇိုင်းတွေကို ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ တိုင်းဒေသကြီး/ပြည်နယ်ရုံးတွေက ရေးဆွဲအဆိုပြုပြီးရုံးချုပ်ရဲ့ စိစစ်အတည်ပြုချက်နဲ့ဆောင်ရွက်ရပါတယ်။ လုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ လုပ်ငန်းသုံးပစ္စည်းတင်ဒါ၊ လုပ်ငန်းတင်ဒါခေါ်ယူပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးကဦးဆောင်တဲ့အဖွဲ့နဲ့ စိစစ်ကြီးကြပ်ရွေးချယ်ဆောင်ရွက်ပေးပါတယ်။ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကိုလည်း သက်ဆိုင်ရာခရိုင်/မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီများက ကြီးကြပ်ဆောင်ရွက်ပြီးလုပ်ငန်းကို အပ်နှံစေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို ကာကွယ်ရေးလုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ ကမ်းပြိုတဲ့အလျားကို ခွင့်ပြုရန်ပုံငွေနဲ့လုံလောက်တဲ့ ကာကွယ်မှုပေးနိုင်အောင် ချင့်ချိန်တွက်ဆ၍ ဆောင်ရွက်ရပါတယ်။ ခိုင်ခံ့တဲ့ ဒီဇိုင်းတွေနဲ့ ရေရှည်ရည်ရွယ်ပြီး ဆောင်ရွက်ရမှာဖြစ်သလို ဒေသထွက်ပစ္စည်းနဲ့ လိုက်လျောညီထွေဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေမဲ့အပြင် မြစ်ချောင်းများရဲ့ သွင်ပြင်သဏ္ဍာန်ပြောင်းလဲမှု နည်းပါးစေမယ့်ဒီဇိုင်းများနဲ့လည်း ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အဲဒီရေရှည်ခိုင်ခံ့မယ့်ဒီဇိုင်းများ ဥပမာ-sheet pile များရိုက်ခြင်း၊ geotube ချတာတို့နှင့် ကာကွယ်ခြင်းကို နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေတို့အပေါ်မူတည်၍ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ကုန်ကျစရိတ်နဲ့ရရှိနိုင်မယ့်အကျိုးရလဒ်ကို ချင့်ချိန်ရမှာ ဖြစ်ပါတယ်။

ကမ်းပြိုမှုကာကွယ်ခြင်းနဲ့ ရေလမ်းဖွံ့ဖြိုးရေးဆောင်ရွက်ခြင်းလုပ်ငန်းတွေဟာ သဘာဝကို အံတုပြီး ဆောင်ရွက်ရတဲ့လုပ်ငန်းတွေဖြစ်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလို ယိုယွင်းမှုများလည်း အနည်းငယ်ရှိနိုင်ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကစပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေများနဲ့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းပေါင်း ၄၃၉ ခုအနက် ယိုယွင်းမှုဖြစ်ခဲ့တဲ့လုပ်ငန်းပေါင်း ၃၆ ခုရှိခဲ့ပါတယ်။ ယိုယွင်းမှုဖြစ်ပေါ် ခဲ့တဲ့ အချိန်သက်တမ်းမှာလည်း အများအားဖြင့် တည်ဆောက်ပြီး တစ်နှစ်ကျော်နောက်ပိုင်းမှဖြစ်ပြီး ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုဖြစ်ခြင်းကြောင့် ယိုယွင်းမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်တယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။ ကျွန်တော် Power Point ဖြင့် တင်ပြထားပါတယ်။ ဒါကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်း၊ ယိုယွင်းခဲ့တဲ့လုပ်ငန်းအရေအတွက်၊ တည်ဆောက်ပြီးဘယ်လောက်အကြာမှာ ယိုယွင်းခဲ့တယ်ဆိုတာ ကျွန်တော်တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီမှာဆိုရင် ကျွန်တော်တို့ စုစုပေါင်း ၄၃၉ ဦးအနက်မှ ၃၆ ဆိုတော့ ၈ ရာခိုင်နှုန်းကျော်ကျော်ဟာဆိုရင် ကျွန်တော်တို့က ယိုယွင်းပျက်စီးခဲ့တယ်လို့ မှတ်ယူလို့ရပါတယ်။ များသောအားဖြင့်က သဘာဝကြောင့် ရေစီးကြောင်းပြောင်းလဲခြင်းကြောင့်ဖြစ်သလို တစ်ခါတလေကျရင်လည်း လူတွေရဲ့လုပ်ဆောင်ချက်ကြောင့်လည်း ပျက်စီးခြင်းရှိပါတယ်။ ဥပမာအားဖြင့် တချို့ဆိုရင် ကျွန်တော်တို့က သဲ၊ ကျောက်လုပ်ငန်းရှင်တွေ မဆင်မခြင်ဝန်တင် အလေးဖိအားဒဏ်မခံနိုင်အောင်သယ်ယူခြင်း၊ နောက်ခုနက ကားကြီး၊ ကားငယ်နဲ့ လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ ကမ်းပါးနားကပ်ပြီးတော့လုပ်ခြင်း ဒီလိုဟာတွေလည်း ကျွန်တော်တို့ ကြုံတွေ့ရပါတယ်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေဟာ ဆောင်ရွက်ခဲ့တဲ့နေရာမှာ ရန်ပုံငွေတင်ပြတောင်းခံမှုနဲ့ ခွဲဝေရရှိမှုပုံစံများအရ ကန့်သတ်ချက်များရှိလို့ ရန်ပုံငွေများစွာဆုံးရှုံးရမယ့်အာမခံရှိတဲ့ဒီဇိုင်းများနဲ့ ဆောင်ရွက်ရမယ့်အစား ထပ်မံတိုက်စားမှုမခံရစေရေးနဲ့ ရန်ပုံငွေချွေတာရေးဖြစ်တဲ့ Low cost design မှုနဲ့ဆောင်ရွက်တဲ့စနစ် ကျင့်သုံးခဲ့ရပါတယ်။ ပြောင်းလဲလာတဲ့ခေတ်စနစ်နဲ့အညီ အာမခံချက်ရှိတဲ့ ဒီဇိုင်းတွေဖြစ်ထွန်းလာရေးအတွက် ကုန်ကျစရိတ်ကိုအခြေခံမထားတဲ့စနစ်ကို ပြောင်းလဲဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတကာနည်းပညာအကူအညီများ၊ ကွန်ပျူတာအသုံးချနည်းစနစ်များနဲ့ အားဖြည့်ဆောင်ရွက်ရမှာဖြစ်ပြီး လုံလောက်တဲ့ရန်ပုံငွေများခွင့်ပြုပေးရန် လိုအပ်မှာဖြစ်ပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ရေရှည်ခိုင်ခံ့တဲ့ကမ်းထိန်းနံရံများ၊ ရေကာတာများဖြစ်စေရန်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နဲ့မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဒီဇိုင်းတွက်ချက်ရာမှာ လိုအပ်တဲ့ အချက်အလက်များဖြစ်တဲ့ မြေကြီးဂုဏ်သတ္တိ(Soil Properties)အတွက် Soil Test စစ်ဆေးမှုများပြုလုပ်ခြင်းနဲ့ ရေလမ်းကြောင်းအနေအထား သိရှိရန်အတွက် bathymetric survey လို့ခေါ်တဲ့ မြစ်ချောင်းကြမ်းပြင်ကို လေ့လာတိုင်းတာခြင်းများပြုလုပ်ပြီးမှသာ ဒီဇိုင်းရေးဆွဲပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ အခုလိုပြည့်ပြည့်စုံစုံဖြေသွားတဲ့ ဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော် ခုနကတင်ပြခဲ့တဲ့အထဲမှာလည်း ရှိပါတယ်။ အခု ကျွန်တော်တို့ချပေးနေတဲ့ ပြီးခဲ့တဲ့အစိုးရကချပေးတဲ့ဟာတွေပဲဖြစ်ဖြစ်၊ အခုအစိုးရလက်ထက်မှာချပေးတဲ့ ကမ်းထိန်းလုပ်ငန်းတွေအတွက်ချပေးတဲ့ငွေကြေးတွေဟာလည်း နည်းလှတဲ့ငွေကြေးတွေတော့ မဟုတ်ပါဘူး။ သိန်းပေါင်းထောင်ချီပေးနေတဲ့လုပ်ငန်းတွေအများကြီးရှိပါတယ်။ ဒါကိုပဲ နည်းလို့ပျက်တယ်ဆိုတဲ့ အနေအထားမျိုးတော့ အဲလိုကတော့ ကျွန်တော်တို့အနေနဲ့ သိပ်အဆင်မပြေပါဘူး။ တကယ်တမ်း ခုနကတင်ပြသလို ဥပမာ-မျှောတိုင်တန်းကျောက်စီရေကာတာတွေဆိုရင် တစ်နှစ်မြေစိုက်မခံတဲ့မျှောတိုင်တွေသုံးလို့ဖြစ်ပါတယ်။ အဲဒါက အသေအချာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ သစ်သားတွေမှာ မြေစိုက်ခံတဲ့အသား၊ မြေစိုက်မခံတဲ့အသားဆိုတာရှိပါတယ်။ အခုလုပ်ခဲ့တဲ့ ကျွန်တော်မြင်သလောက်၊ တွေ့သလောက် မျှောတိုင်တန်းကျောက်စီရေကာတာတွေဆိုရင် အဲဒီမျှောတွေ၊ တိုင်တွေဟာ တကယ့်အနုတွေ၊ အင်သားတွေကိုလုပ်ခဲ့လို့ ပျက်စီးခဲ့ကြခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ကျောက်စီရေကာတာတွေဆိုရင်လည်း ပြီးခဲ့တာတွေကို ပြန်ကြည့်လို့ရှိရင် မြေအနေအထားကို သိပ်ပြီးတော့ မလေ့လာဘဲလုပ်ခဲ့ကြတဲ့ ဥပမာ-ကျွန်တော်တို့ မြေအမာခံမရှိတဲ့ နုန်းတင်မြေတွေကိုမှ လုပ်ခဲ့တဲ့အနေအထားလေးတွေလည်း ရှိပါတယ်။ အဲဒါတွေကို ကျွန်တော်တို့က လာမယ့်နှစ်တွေမှာဆောက်မယ့်၊ အခုနှစ်မှာဆောက်မယ့် ဘတ်ဂျက်တွေမှာလုပ်မယ့်လုပ်ငန်းတွေမှာ မျှောတန်းကျောက်စီတွေပဲဖြစ်ဖြစ်၊ ကျောက်စီရေကာတာတွေပဲဖြစ်ဖြစ် ဒါတွေကို တိတိကျကျလေးဖြစ်အောင်၊ ခိုင်ခိုင်ခံ့ခံ့လေးဖြစ်အောင် အခုငွေတွေနဲ့ပဲ၊ အခုချပေးတဲ့ငွေ Amount နဲ့ပဲ တကယ်တမ်းက သေသေချာချာလုပ်ရင်ဖြစ်နိုင်တယ်

ဆိုတဲ့အကြောင်း ကျွန်တော်တို့ကို ပြောပြလိုခြင်းဖြစ်ပါတယ်။ တင်ပြလိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအတွက် အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ကလည်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို ထိထိရောက်ရောက်နဲ့ ခုနကပြောသလို ရေရှည်ခိုင်ခံ့အောင်လည်း ကျွန်တော်တို့အနေနဲ့ စိစစ်ပြီးဆောင်ရွက်နေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတာလည်း မှန်ပါတယ်။ ဒါကြောင့်မို့လို့ အခုချိန်ဆိုရင် ကျွန်တော်တို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အပတ်စဉ်လိုလို တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ ဒီကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို သွားရောက်စစ်ဆေးပြီးတော့ ဒေသခံပြည်သူတွေရော၊ လွှတ်တော်ကိုယ်စားလှယ်တွေရော၊ ဒေသခံအာဏာပိုင်တွေနဲ့ရော တွေ့ဆုံဆွေးနွေးပြီးတော့ ပိုပြီးတော့ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက်ကို၊ လိုအပ်တဲ့လမ်းညွှန်မှုများကို ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ အကြံပြုချက်တွေကို အလေးထားထည့်သွင်းစဉ်းစားပြီးတော့ ကျွန်တော်ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**National Database Centre နှင့် ဒေသအနှံ့ဆက်သွယ်နိုင်သည့် Network Line များ ဖြန့်ကြက်တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်မေးထားတဲ့မေးခွန်းကတော့ National Database Center နဲ့ Network Line တွေ တည်ဆောက်ဖို့အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ National Database Center ဆိုတာကတော့ ဝန်ကြီးဌာနတွေမှာရှိတဲ့ ပြည်သူတစ်ဦးချင်းစီရဲ့အချက်အလက်နဲ့ ဝန်ကြီးဌာနတွေရဲ့ အချက်အလက်တွေကို တစ်နေရာတည်းမှာစုစည်းထားတဲ့ ဗဟိုဌာနလို့ ယေဘုယျအားဖြင့် ပြောနိုင်ပါတယ်။

နိုင်ငံတော်တော်များများဟာ ပိုမိုကောင်းမွန်ပြီးတော့မှ ပိုမိုခေတ်မီတဲ့စနစ်တွေဆီကို ချဉ်းကပ်လုပ်ဆောင်ကြတဲ့နေရာမှာ ပထမအဆင့်ကတော့ e-Government ကို အကောင်အထည်ဖော်ကြပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနတွေ သီခြားစီဆောင်ရွက်ခဲ့ကြတာဖြစ်လို့ ထင်သလောက်မအောင်မြင်ခဲ့ကြပါဘူး။ နောက်ဆုံးတော့မှ National Database Centre တည်ဆောက်ရမယ်ဆိုတာကို သူတို့သိပါတယ်။ သိတဲ့အတိုင်းပဲ ဆောင်ရွက်ခဲ့ကြပါတယ်။ Single Platform ဖြစ်သွားတဲ့အတွက်ကြောင့် commute လမ်းကြောင်းပေါ်ကိုလည်း ရောက်ရှိသွားရပါတယ်။ ကျွန်တော် Case study တစ်ခု တင်ပြချင်ပါတယ်။ တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူနဲ့ ထိုင်းတို့ကို လေ့လာထားပါတယ်။ အဲဒီနိုင်ငံတွေဟာ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်သလို ဖွံ့ဖြိုးဆဲနိုင်ငံတွေလည်း ပါပါတယ်။ ဒီစနစ်တွေကို သူတို့တကယ်တမ်း အဓိကဆောင်ရွက်ခဲ့ကြတာဟာ ၁၉၆၀ ခုနှစ်နှင့် ၁၉၈၀ ခုနှစ်ကြားကာလများမှာ ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ကျွန်တော် တာဝန်တစ်ခုနဲ့ မလေးရှားကိုသွားရင်း သူတို့ရဲ့ National Database Centre ကို သွားရောက်လေ့လာခဲ့ဖူးပါတယ်။ သူတို့လည်း စနစ်တွေမှားယွင်းမှုကြောင့်မို့လို့ ၁၀ နှစ်လောက်အချိန်တွေကုန်ခဲ့တယ်။ ဆုံးရှုံးခဲ့တယ်လို့ရှင်းပြပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံဟာ လုပ်မယ်ဆိုလို့ရှိရင်လည်း သူတို့လိုမမှားစေချင်ဘူးလို့ စေတနာစကားပြောပါတယ်။ အဲဒီ ငါးနိုင်ငံမှာ စီမံကိန်းတွေလုပ်ပေမဲ့လည်း ယေဘုယျအားဖြင့်ကတော့ ငါးနှစ်ကနေပြီးတော့မှ နှစ် ၂၀ ကြားထဲမှာ ကြာမြင့်မှသာလျှင် အောင်မြင်မှုရှိတယ်ဆိုတာကိုလည်း တွေ့ရှိရပါတယ်။ ဒီစနစ်ကိုသွားရင် စိန်ခေါ်မှုတွေလည်းရှိပါတယ်။ ကျွန်တော် ဇယားမှာဖော်ပြထားပါတယ်။ နိုင်ငံအလိုက်ကတော့ စိန်ခေါ်မှုတွေမတူပေမဲ့ အဓိကကတော့ Man နဲ့ Material ပဲဖြစ်ပါတယ်။ စိန်ခေါ်မှုတွေကို ဘယ်လိုကျော်လွှားခဲ့တယ်ဆိုတာကိုလည်း ကျွန်တော် ဇယားမှာဖော်ပြထားပါတယ်။ အချိန်ကို ငဲ့ကွက်သောအားဖြင့် အသေးစိတ်တော့ ရှင်းမပြတော့ပါဘူး။ အဲဒီတော့ ဒီစနစ်မှာတော့ e-Services တွေရဲ့ အကျိုးသက်ရောက်မှုကိုလည်း ကျွန်တော် ဇယားမှာဖော်ပြထားပါတယ်။ လက်ရှိ သူတို့ဆီမှာပေးနေတဲ့ e-Service တွေကိုလည်း ကျွန်တော်ရှင်းပြထားပါတယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့ဆိုတဲ့နေရာမှာတော့ Clean Government, Good Governance ဖြစ်ဖို့အတွက် National Database Centre ဟာ မရှိမဖြစ်လိုအပ်တယ်ဆိုတာ ထင်ထင်ရှားရှား မီးမောင်းထိုးပြနေပါတယ်။ အဲဒီလို Single Platform မရှိတဲ့အတွက် ကျွန်တော်တို့အစိုးရနဲ့ ပြည်သူလူထုက အခက်အခဲတွေ ကြုံတွေ့နေရပါတယ်။ သိသာထင်ရှားတဲ့ ဥပမာသုံးခုလောက် ထုတ်နုတ်တင်ပြချင်ပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်ပြီး ရဲကလူတစ်ယောက်ကို တရားခံပြေးလို့ယူဆပြီး စစ်မယ်ဆိုရင် သတင်းတွေ၊ ဓာတ်ပုံတွေ

မရှိဘူးဆိုရင် ဘယ်လိုမှ ခြေရာခံလို့မရပါဘူး။ တကယ်လို့သာ ဒီ Centre ရှိတယ်ဆိုလို့ရှိရင်တော့ စက္ကန့်ပိုင်းအတွင်းမှာ အဲဒီလူရဲ့ကိုယ်ရေးရာဇဝင်ကို Up to Date အတိအကျသိနိုင်ပါတယ်။ အခု ဖြစ်နေတာကတော့ တစ်နေရာရာမှာ ဥပဒေချိုးဖောက်ပြီးတော့မှ လက်လှမ်းမမှီတဲ့နောက်တစ်နေရာ ကိုရှောင်နေမယ်ဆိုရင် လူကောင်းဖြစ်သွားပါတယ်။ ဒါကြောင့်မို့လို့ တရားဥပဒေစိုးမိုးရေးအတွက် လည်း မရှိမဖြစ်လိုအပ်ပါတယ်။ နောက်ဥပမာတစ်ခုကတော့ အခွန်ရှောင်တဲ့ကိစ္စပါ။ တစ်ဦးချင်း အသင်းအဖွဲ့လိုက် ကုမ္ပဏီတွေဟာ သူတို့ရဲ့ Information နဲ့ ငွေစာရင်းကို ဒီ Centre မှာအတိအကျ သိုမှီးထားလို့ရှိရင် အခွန်ရှောင်ဖို့အတွက် ရာခိုင်နှုန်းအတော်နည်းသွားပြီဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ စက္ကန့်ပိုင်းအတွင်းမှာ Cross Check လုပ်နိုင်ပါတယ်။ လူတစ်ယောက်က ဝင်ငွေ ၁၀ သိန်းပြထားပြီး အခွန်ရှောင်လို့ရှိရင် သူ့ရဲ့မူရင်းကုမ္ပဏီမှာလိုက်ကြည့်လို့ ၁၅ သိန်းဆိုလို့ရှိရင် ဒါ သူရှောင်လို့မရတော့ပါဘူး။ မူရင်းကုမ္ပဏီကပါ ၁၀ သိန်းလို့ညာတယ်ဆိုလို့ရှိရင် အဲဒီ Company ရဲ့ ဝင်ငွေကပိုတိုးလာ မယ်။ ဒါဆိုရင် ပိုပြီးတော့မှ အခွန်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စက အခွန်ကိုကောက်ခံတဲ့နေရာမှာ ပိုမိုပြီးတော့မှ ရှင်းလင်းလွယ်ကူမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ တော်တော်များများကို စားပွဲမှာအလုပ် မလုပ်ပါဘူး။ Online ကပဲလုပ်ပါမယ်။ စားပွဲနဲ့မလုပ်တော့ဘူးဆိုရင်တော့ Under table ပျောက်သွား မယ်ဆိုတာ ကျွန်တော်တင်ပြချင်တာဖြစ်ပါတယ်။ အဲဒီတော့ National Database Centre System ကို အကောင်အထည်ဖော်ဖို့အတွက် ကျွန်တော်တို့နိုင်ငံမှာ အချိန်ကျရောက်နေပါပြီ။ e-Government ကလည်း ထိုက်သင့်သလောက် ခရီးရောက်ခဲ့ပါပြီ။ အခက်အခဲကတော့ ရှာကျန်ပြော မယ်ဆိုရင် အများ ကြီးရှိပါတယ်။ ဒါပေမဲ့ ချုပ်လိုက်ရင်တော့ Man နဲ့ Material ပါပဲ။ အဓိကကတော့ Political Will ဖြစ်ပါတယ်။ ခေတ်မီတဲ့၊ ဖွံ့ဖြိုးတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းချင် တယ်ဆိုပြီး အော်နေရုံနဲ့မရပါဘူး။ ဒီလိုဖြစ်ဖို့အတွက် ဘာတွေလိုအပ်သလဲ၊ ဘာတွေဖြည့်ဆည်းဖို့ လိုသလဲဆိုတာကိုလည်း စဉ်းစားဖို့လိုပါတယ်။ အဲဒီအထဲမှာတော့ အဓိကကျတာက National Database System ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ National Database Centre နဲ့ ဒေသအနှံ့ဆက်သွယ်နိုင်တဲ့ Network Line များကို ဖြန့်ကြက်တည်ဆောက် ဖို့အတွက် အစီအစဉ်ရှိ/မရှိဖြစ်ပါကြောင်း လွှတ်တော်မှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်၍ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့ National Database Center နှင့် ဒေသအနှံ့ဆက်သွယ်နိုင်တဲ့ Network Line များ ဖြန့်ကြက်တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ ရဲ့ အမျိုးသားစီးပွားရေးမူဝါဒနဲ့အညီ e-Government စနစ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရဝန်ကြီးဌာနများနဲ့ ဗဟိုရုံးများအသီးသီးမှ ပါဝင်ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနက Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့အတွက် လိုအပ်တဲ့ Infrastructure များဖြစ်တဲ့ Data Center နဲ့ Network အစရှိတာတွေကို တည်ဆောက် ထားပေးရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၅ ခုနှစ်မှာ ကိုရီးယားသမ္မတနိုင်ငံရဲ့ EDCF ချေးငွေနဲ့ Myanmar Basic e-Government စီမံကိန်းကို အဲဒီအချိန်ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီစီမံကိန်းအစီအစဉ်နဲ့ တပ်ကုန်းမှာ e-Government Data Center တစ်ခုကို တည်ဆောက်ပြီး ဝန်ကြီးဌာနများအားလုံးအတွက် Sever များအသီးသီးတပ်ဆင်ပေးခဲ့ပြီး Common e-Government Application များဖြစ်တဲ့ Government Personnel Management System(GPMS), Electronic Document Management System(EDMS)နဲ့ e-mail စနစ်တွေကို ဝန်ကြီးဌာန များမှ ၂၄ နာရီ၊ ၇ ရက်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီ Data Center ကို ချိတ်ဆက်အသုံးပြုနိုင်ရန်အတွက် ဝန်ကြီးဌာနရုံးများကို ချိတ်ဆက်ထားတဲ့ e-Government Wide Area Network ဖိုင်ဘာကွန်ယက်ကိုလည်း နေပြည်တော်မှာ တည်ဆောက် ထားရှိခဲ့ပြီး အစိုးရဌာနများအားလုံးမှ အဲဒီကွန်ယက်ကို အသုံးပြု၍ e-Government လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာ အဲဒီ Data Center ကို နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာ့ဆက်သွယ် ရေးလုပ်ငန်းရဲ့ S 12 exchange သို့ ရွှေ့ပြောင်းခဲ့ပြီးနောက်မှာလည်း အရှေ့မှာတင်ပြခဲ့တဲ့ e-Government လုပ်ငန်းစဉ်တွေကို ဝန်ကြီးဌာနများအနေနဲ့ ဆက်လက်၍ ၂၄ နာရီ၊ ၇ ရက် အသုံးပြုနိုင်ဖို့အတွက် ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ အဲဒီအပြင် ဝန်ကြီးဌာနများရဲ့ e-

Government လုပ်ငန်းစဉ်များမှာ  အသုံးပြုလျက်ရှိတဲ့ sever များကို co-location ထားနိုင်ရန်နဲ့ web hosting အစရှိတဲ့ အခြားဝန်ဆောင်မှုများကို အသုံးပြုသွားနိုင်ရန်အတွက် Data Center တစ်ခုကိုလည်း S 12 exchange မှာပဲ ၂၀၁၇ ခုနှစ် မတ်လမှာ တိုးချဲ့တည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ e-Government လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနများနဲ့ ဗဟိုရုံးများအလိုက် အကောင်အထည်ဖော်နေတဲ့အဆင့်ကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလိုပဲ အမျိုးသားအဆင့်သို့ ဟန်ချက်ညီစွာ ပေါင်းစပ်အဆင့်မြှင့်တင်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်ရန်နဲ့ အစိုးရအဖွဲ့အစည်းများ အချင်းချင်း ဆက်သွယ်၍ အချက်အလက်များရယူနိုင်မည့်အပြင် ပြည်သူများမှ အစိုးရရဲ့ Online ဝန်ဆောင်မှုများနဲ့ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ (real time) လွယ်ကူချောမွေ့စွာရယူ၍ လုံခြုံစွာအသုံးပြုသွားနိုင်ရန် ရည်ရွယ်၍ အမျိုးသားအဆင့် (National Data Center)တစ်ခုအဖြစ် e-Government Integrated Data Center တစ်ခုကို တည်ဆောက်ပြီး ဝန်ကြီးဌာနတွေအားလုံးက မျှဝေအသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီ e-Government Integrated Data Center ကို ကိုရီးယားသမ္မတနိုင်ငံ Economic Development Cooperation Fund (EDCF) ထံမှချေးငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ခန့်ရယူ၍ တည်ဆောက်နိုင်ရေးအတွက် စီမံကိန်းအဆိုပြုလွှာကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးက သဘောတူခဲ့ပြီး ဖြစ်ပါတယ်။ e-Government Integrated Data Center တည်ဆောက်ခြင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်တဲ့ ဖြစ်နိုင်ချေလေ့လာဆန်းစစ်ခြင်း (Feasibility Study)လုပ်ငန်းများကို EDCF က Technical Assistance ဖြင့် ရွေးချယ်ခန့်အပ်ထားတဲ့ ကိုရီးယားကုမ္ပဏီက ၂၀၁၇ ခုနှစ် ဇွန်လမှစတင်၍ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအဖွဲ့ကဆိုရင် ဒီလ ၁၅ ရက်နေ့မှာဆိုရင် ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေရဲ့ Chief Information Officer နဲ့ လက်ထောက်တွေကို ခေါ်ယူပြီး WorkShop ပြုလုပ်ခဲ့တာရှိပါတယ်။ အဲဒီ  Data Center တည်ဆောက်ရန် လိုအပ်တဲ့ မြေနေရာကိုလည်း နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ တင်ပြတောင်းခံခဲ့ရာ ဇမ္ဗူသီရိမြို့နယ်တွင် မြေနေရာအသုံးပြုခွင့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ စီမံကိန်းကို ၂၀၁၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပြီး စီမံကိန်းကာလမှာ သုံးနှစ်ခန့်ကြာမြင့်မှာ ဖြစ်ပါတယ်။

စီမံကိန်းဆောင်ရွက်တဲ့အခါမှာလည်း EDCF ရဲ့မူဝါဒနဲ့အညီ အတိုင်ပင်ခံ ငှားရမ်းပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ Network Line များ ဖြန့်ကြက်တည်ဆောက်ရေးနဲ့ စပ်လျဉ်းပြီးတော့ National Data Center ကို ချိတ်ဆက်ပြီး သတင်းအချက်အလက်များကို အချိန်နဲ့ တစ်ပြေးညီ ရယူအသုံးပြုနိုင်ဖို့ လိုအပ်တဲ့ဆက်သွယ်ရေး အခြေခံအဆောက်အအုံများဖြစ်တဲ့ ဖိုင်ဘာဆက်ကြောင်းများနဲ့ Microwave ဆက်ကြောင်းများကို နိုင်ငံတစ်ဝန်း တည်ဆောက်ထားရှိပြီး ဖြစ်သလို ဝေးလံခေါင်ဖျားဒေသများအတွက် Intelsat ကုမ္ပဏီနဲ့ ပူးပေါင်းငှားရမ်းထားတဲ့ Myanmar Condo SAT 1 ဂြိုလ်တုစနစ်နဲ့ ချိတ်ဆက်အသုံးပြုသွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီအပြင် မြန်မာနိုင်ငံတစ်ဝန်းမှ National Data Center သို့ ချိတ်ဆက်၍ အစိုးရရဲ့ Online ဝန်ဆောင်မှုများကို အချိန်နဲ့တစ်ပြေးညီ ရယူအသုံးပြုနိုင်ရန်အတွက် နေပြည်တော်ရှိ e-Government Wide Area Network ဖိုင်ဘာကွန်ယက်ကို တိုးချဲ့အဆင့်မြှင့်တင်ပြီး Government Service Network တည်ဆောက်သွားနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့ National Database Center နှင့် ဒေသအနှံ့ဆက်သွယ်နိုင်မယ့် Network Line များ ဖြန့်ကြက်တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် ရှေ့တွင်တင်ပြသွားတဲ့အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားသွားတာကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မေးခွန်းကတော့ အဓိကက ပြည်သူကို ကျွန်တော်တို့က Awareness လုပ်ချင်တဲ့မေးခွန်းပဲဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်ကတော့ နိုင်ငံတော်အပိုင်းက လုပ်နေတယ်။ ပြည်သူနဲ့က သီးခြားစီဖြစ်နေတယ်ပေါ့။ ပြီးတော့ ဒီဟာကို ကျွန်တော်တို့က How to apply ပေါ့။ ပြည်သူက ဘယ်လိုအသုံးချရမယ်ဆိုတာ မရှိဘူး။ ဒါကြောင့်မို့လို့လည်း e-Government နဲ့ National Database System ရဲ့ချိတ်ဆက်မှုအတူတူ Single Platform ဖြစ်တာအပေါ်မှာ ပြည်သူက အကျိုးအရှိဆုံး အသုံးချနိုင်ဖို့လိုပါတယ်။ အလားတူ အစိုးရကလည်း အကျိုးအရှိဆုံး အသုံးချနိုင်ဖို့လိုပါတယ်။ တကယ်တမ်းသာ အကျိုးရှိရှိအသုံးချလိုက်

မယ်ဆိုလို့ရှိရင်တော့ဖြင့် ကျွန်တော်တို့လက်ရှိရင်ဆိုင်နေရတဲ့ တချို့အခက်အခဲတော်တော်များများဟာ ပြီးပြည့်သွားမယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို ပြည်သူကို Awareness ပေးဖို့နဲ့ ပြည်သူကို Educate လုပ်ဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ဆက်လက်ပြီးတော့မှ ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်ကတော့ မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ဟာ မှန်ပါတယ်။ ကျွန်တော်တို့က ဒီ e-Government စနစ်ဖြစ်ဖြစ် ဒီ National Data Center လုပ်တဲ့နေရာမှာ ကျွန်တော်တို့က အစိုးရဌာနအချင်းချင်းတွင်မကဘဲနဲ့ ကျွန်တော်တို့ e-Government ရဲ့ ရည်ရွယ်ချက်က G to G ခေါ်တဲ့ Government to Government အစိုးရအချင်းချင်း၊ နောက် G to C ခေါ်တဲ့ Government to Citizen ပြည်သူတွေနဲ့အစိုးရကြား၊ နောက်တစ်ခုက G to B စီးပွားရေးလုပ်ငန်းအနေနဲ့ အစိုးရကြား ဒီအချိတ်အဆက်တွေကို ကျွန်တော်တို့ အားလုံး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလို ဒီဟာလည်း ပြည်သူတွေကို Awareness ပေးဖို့အတွက်ကို ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုအချိန်အထိ ကျွန်တော်တို့က e-Government နဲ့ပတ်သက်ပြီးတော့ Consultation တွေလုပ်ပါတယ်။ ကျွန်တော်တို့က အစိုးရချည်းပဲလုပ်တာမဟုတ်ဘဲနဲ့ ကျွန်တော်တို့ ဥပမာ-မြန်မာကွန်ပျူတာအသင်းချုပ်တို့၊ ပုဂ္ဂလိကဘက်က NGO တွေနဲ့လည်း ကျွန်တော်တို့က အမြဲညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီးတော့ လုပ်သွားမှာဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြသွားသလို ကျွန်တော်တို့က အားလုံးပြီးပြည့်စုံအောင်လို့ ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ကာလအတန်ကြာ ရပ်ဆိုင်းထားသော ပြည်တွင်းစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်မှုများအား (၂၀၁၇)ခုနှစ်အတွင်း ပြန်လည်ထုတ်လုပ်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ မည်ကဲ့သို့ သတ်မှတ်၊ စမ်းသပ်၊ စစ်ဆေး၊ ကြပ်မတ်ဆောင်ရွက်နေကြောင်းနှင့် ယခင်ကာလများကဲ့သို့ ပြည်တွင်းစက်မှုဇုန်ထုတ် အမည်ခံ အယောင်ပြ၍ ပြည်ပမှ တရားမဝင်တင်သွင်းလာသော မော်တော်ယာဉ်များအား ကိုယ်ထည်နံပါတ် ဖြတ်၊ ဖောက်၊ ဆက် ပြုလုပ်၍လည်းကောင်း၊ RTA ကိုယ်ထည်နံပါတ်ထုခွင့်ပြု၍ လည်းကောင်း၊**

**ယာဉ်မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းများ မဖြစ်ပေါ်စေရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းထွဋ်(ဖျာပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းထွဋ် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ကာလအတန်ကြာ ရပ်ဆိုင်းထားသော ပြည်တွင်းစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်မှုများအား ၂၀၁၇ ခုနှစ်အတွင်း ပြန်လည်ထုတ်လုပ်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ မော်တော်ယာဉ်ထုတ်လုပ်မှုစက်မှုလုပ်ငန်းများ(Auto mobile Industry) ပေါ်ထွန်းစေရေး၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်များဖြင့် သိရှိလိုသည်များကို မေးမြန်းထားခြင်းဖြစ်ပါတယ်။ ဤမေးခွန်းကို မေးမြန်းရခြင်းရဲ့ အကြောင်းတရားများမှာ ကျွန်တော်တို့နိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်ပတ်ဝန်းကျင်မှစပြီးတော့ ပြည်တွင်း မော်တော်ယာဉ်ထုတ်လုပ်မှုများကို စတင်ခွင့်ပြုခဲ့ပါတယ်။ အဲဒီအချိန်မှာ ပြည်ပမှမော်တော်ယာဉ် တင်သွင်းမှုများကို ကန့်သတ်ထားတဲ့အချိန်ဖြစ်ပြီးတော့ ပြည်တွင်းရှိ စစ်ကျန်ဂျစ်ကားများကို အင်ဂျင်နှင့် ကိုယ်ထည်အစိတ်အပိုင်းများ လဲလှယ်ပြုပြင်မွမ်းမံပြီး လမ်းကြမ်းများမှာ အသုံးပြုတဲ့အခါ မှာ များစွာအဆင်ပြေနေချိန်လည်း ဖြစ်ပါတယ်။ ကနဦးမှာ ဂျစ်ကားများကို ပြည်ပမှ တင်သွင်းလာတဲ့ အစိတ်အပိုင်းများနဲ့ ပြည်တွင်းထုတ် ဘောင်ကိုယ်ထည်များ တွဲစပ်၍ စတင်ထုတ်လုပ်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်ခန့်တွင် ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် စက်မှုဇုန်ထုတ်မော်တော်ကားပြပွဲများ ပြုလုပ်ပြီးတော့ ဂျစ်ကားများသာမက Pickup, Wagon, MPV, Mini Bus, Light-Truck နဲ့ Truck ကားကြီးများ အထိ ထုတ်လုပ်ခွင့်ပေးခဲ့ပါတယ်။ ရိုးရှင်းသောဂျစ်ကားများရဲ့ ကိုယ်ထည်ဘောင်တွေများကို ပြည်တွင်း မှာ ထုတ်လုပ်ရန် လွယ်ကူသော်လည်း အဆင့်မြင့်ကားများရဲ့ကိုယ်ထည်ဘောင်များကို ထုတ်လုပ်ရာမှာ ကုန်ကြမ်း၊ နည်းပညာ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်၊ စက်မှုလုပ်ငန်းများ စနစ်တကျမထူထောင်နိုင်တဲ့ အတွက် အဆင့်မီထုတ်လုပ်နိုင်ခြင်းမရှိပါဘူး။ ကားတင်သွင်းခွင့်ပိတ်ပင်ထားခြင်းကို အခွင့်ကောင်းယူ ပြီးတော့ စက်မှုဇုန်ထုတ် လက်ရိုက်ကိုယ်ထည်ဘောင်များဖြင့် တပ်ဆင်ထုတ်လုပ်ကာ စက်မှုဝန်ကြီးဌာန တွင် ယာဉ်စစ်ဆေးခံခွင့်ပြုချက်ရယူပြီးတော့ ယာဉ်မှတ်ပုံတင်ခဲ့ကြပါတယ်။ ခွင့်ပြုပြီး စက်မှုဇုန်ကားမှ ဘောင်နှင့် ကိုယ်ထည်နံပါတ်များကို ဖြတ်ယူပြီးတော့ တရားမဝင်တင်သွင်းလာသော ပုံစံတူမော်တော်

ယာဉ်များတွင် ဖြတ်၊ ဖောက်၊ ဆက်ပြုလုပ်ကာ ထုတ်လုပ်ရောင်းချတဲ့ ဈေးကွက်ကြီးပေါ်ပေါက်လာခဲ့ရပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထိုပြောင်းလဲမှုများကို ဒဏ်ကြေးပေးဆောင်စေပြီးတော့ RTA ကိုယ်ထည်ဘောင်နံပါတ်များ ရိုက်နှိပ်ပေးပြီးတော့ တရားဝင်ဖြစ်စေခဲ့ပါတယ်။ ယာဉ်တင်သွင်းခွင့်ပါမစ်မလို၊ မည်သည့်အခွန်မှမပေးဆောင်ရဘဲနဲ့ ဂျပန်ကားများကို ထုတ်လုပ်ရောင်းဝယ်နိုင်ကာ အယောင်ဆောင်စက်မှုဇုန် ကားထုတ်လုပ်မှုဈေးကွက်ကြီးထွားလာခဲ့ရပါတယ်။ ဂျပန် Van car, Wagon ကားများကို နောက်ခန်းအပေါ်ပိုင်းကို ဖြတ်ပြီးတော့ Pickup ကားအဖြစ် အသွင်ပြောင်းထုတ်လုပ်ခြင်း၊ စက်မှုဇုန်ကားထုတ်လုပ်မှုကို အယောင်ပြပြီးတော့ တရုတ်နိုင်ငံထုတ်ကားများကို ပြည်တွင်း၌ တပ်ဆင်ကာ အခွန်ရှောင်ထုတ်လုပ်ခြင်းများလည်း ပေါ်ပေါက်ခဲ့ရပါတယ်။ ဤအကျိုးဆက်မှာ ပြည်တွင်းစက်မှုလုပ်ငန်းများ မှန်ကန်စွာဖွံ့ဖြိုးတိုးတက်လာမှုမရှိခြင်း၊ နိုင်ငံတော်အခွန်ဘဏ္ဍာများ နစ်နာဆုံးရှုံးခြင်း၊ သုံးစွဲသူများ အရည်အသွေးမမီ ဖြတ်၊ ဖောက်၊ ဆက်များကြောင့်ယာဉ်အန္တရာယ်များ ကြုံတွေ့ရခြင်းနှင့် သက်တမ်းမပြည့်မီ ယာဉ်အို၊ ယာဉ်အဟောင်းအဖြစ် ဖျက်သိမ်းလိုက်ရခြင်းများကို တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ စက်မှုစီးပွားဖွံ့ဖြိုးမှုကို ဘယ်လိုမှအထောက်အကူမပြုကြောင်း တွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လူဦးရေ ၅၂ သန်းရှိတဲ့၊ ဒေသတွင်းအချက်အချာကျတဲ့ တည်နေရာမှာရှိနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ မော်တော်ယာဉ်နဲ့ အစိတ်အပိုင်းထုတ်လုပ်တဲ့စက်မှုလုပ်ငန်းများ ဝင်ရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများ များစွာရှိနေပါတယ်။ မှန်ကန်သော မူဝါဒများဖြင့် မော်တော်ယာဉ်ထုတ်လုပ်မှု(Global Supply Change)များဝင်ရောက်ရင်းနှီးမြှုပ်နှံစေရေး၊ ပြည်တွင်းထုတ်လုပ်မှုအချိုးအစား(Localization)အားဖြင့် အဆင့်လိုက် ပြည်တွင်းထုတ်လုပ်မှုတိုးတက်ပါဝင်စေရေး၊ ပြည်တွင်းလုပ်ငန်းရှင်များ အရင်းအနှီး၊ နည်းပညာများ ရယူပြီးတော့ ထုတ်လုပ်မှုကွင်းဆက်တွေ ပါဝင်ခွင့်ရှိစေခြင်းဖြင့် မှန်ကန်သော စက်မှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ရရှိမှာဖြစ်ပါတယ်။ သို့ပါ၍ ပြည်တွင်းစက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်မှုပြန်လည်ထုတ်လုပ်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ သိရှိလိုသည်မှာ (၁) ထုတ်လုပ်ခွင့်ပြုသည့် စုစုပေါင်းမော်တော်ယာဉ်အရေအတွက်နှင့် ကိုယ်ထည်အမျိုးအစားများ၊ (၂) ပြည်တွင်းတွင်ထုတ်လုပ်သည့်အစိတ်အပိုင်းနှင့် ပြည်ပမှတင်သွင်းသည့် အစိတ်အပိုင်းအချိုး၊ (၃) အရည်အသွေးစံသတ်မှတ်ချက်များ၊ ဥပမာ အစိတ်အပိုင်းသစ်များ သို့မဟုတ် အသုံးပြုပြီးအစိတ်အပိုင်းများ၊ ကာဗွန်ထုတ်လွှင့်မှုစံသတ်မှတ်ချက်(Emission Standard)၊ ဘယ်မောင်း သို့မဟုတ် ညာမောင်း၊ (၄) ထုတ်လုပ်မှု

လုပ်ငန်းစဉ်အဆင့်ဆင့်၊ (၅) ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံစိတ်ချမှုရှိစေရေး(Road Safety Test)။ အထက်ပါအချက်များနှင့်ပတ်သက်၍ မည်ကဲ့သို့ သတ်မှတ်၊ စမ်းသပ်၊ စစ်ဆေး၊ ကြပ်မတ်ဆောင်ရွက်နေကြောင်းနှင့် ယခင်ကာလများကဲ့သို့ ပြည်တွင်းစက်မှုဇုန်ထုတ် အမည်ခံအယောင်ပြ၍ ပြည်ပမှ တရားမဝင်တင်သွင်းလာသော မော်တော်ယာဉ်များအား ကိုယ်ထည်နံပါတ်များ ဖြုတ်၊ ဖောက်၊ ဆက်ပြုလုပ်၍လည်းကောင်း၊ RTA နံပါတ်ထုခွင့်ပြု၍လည်းကောင်း၊ ယာဉ်မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းများ မဖြစ်ပေါ်စေရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်ရဲ့ ကာလအတန်ကြာရပ်ဆိုင်းထားသော ပြည်တွင်းစက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်မှုများအား ၂၀၁၇ ခုနှစ်အတွင်း ပြန်လည်ထုတ်လုပ်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ မည်ကဲ့သို့ သတ်မှတ်၊ စမ်းသပ်၊ စစ်ဆေး၊ ကြပ်မတ်ဆောင်ရွက်နေကြောင်းနှင့် ယခင်ကာလများကဲ့သို့ ပြည်တွင်းစက်မှုဇုန်ထုတ် အမည်ခံအယောင်ပြ၍ ပြည်ပမှ တရားမဝင်တင်သွင်းလာသော မော်တော်ယာဉ်များအား ကိုယ်ထည်နံပါတ် ဖြုတ်၊ ဖောက်၊ ဆက်ပြုလုပ်၍လည်းကောင်း၊ RTA ကိုယ်ထည်နံပါတ်ထုခွင့်ပြု၍လည်းကောင်း၊ ယာဉ်မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းများမဖြစ်ပေါ်စေရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ကြယ်ပွင့်ပြမေးခွန်းကို စက်မှုဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းချက်အရ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ပထမမေးမြန်းတဲ့ ကာလအတန်ကြာရပ်ဆိုင်းထားတဲ့ ပြည်တွင်းစက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်မှုများကို ၂၀၁၇ ခုနှစ်အတွင်း ပြန်လည်ထုတ်လုပ်ခွင့်ပြုခြင်းနှင့် ပတ်သက်ပြီး မည်ကဲ့သို့သတ်မှတ်၊ စမ်းသပ်၊ စစ်ဆေး၊ ကြပ်မတ်ဆောင်ရွက်နေကြောင်း သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီးတော့ စက်မှုဝန်ကြီးဌာနရဲ့ဖြေကြားချက်အရ ယခုအစိုးရသစ်လက်ထက်မှာ ယခင်စက်မှုဇုန်

များမှ မော်တော်ယာဉ်ထုတ်လုပ်မှုများအတွက် ဆက်လက်၍ ထုတ်လုပ်ခွင့်ပြုပေးခဲ့ခြင်းမရှိကြောင်း သိရှိရပါတယ်။ ယခင်အစိုးရလက်ထက်က ထုတ်လုပ်ခွင့်ရရှိခဲ့တဲ့ စက်မှုဇုန်များက သွင်းကုန်လိုင်စင်နဲ့ တရားဝင်တင်သွင်းခဲ့တဲ့ အစိတ်အပိုင်းများ၊ ကားပစ္စည်းအဟောင်းများနှင့် ၎င်းတို့အလုပ်ရုံထုတ် ပစ္စည်းတွေနဲ့ တပ်ဆင်ထုတ်လုပ်ခဲ့တဲ့ လက်ကျန်များအနက် သတ်မှတ်ချက်တွေနဲ့ကိုက်ညီပြီး အစစ်ဆေးခံနိုင်တဲ့ မော်တော်ယာဉ် ၂၇၄ စီးကိုသာ မူဝါဒနှင့်အညီ စစ်ဆေးပေးခဲ့တယ်လို့လည်း သိရှိရပါတယ်။ လက်ရှိမှာ ယခင်စက်မှုဇုန်ခေတ်က ပစ္စည်းအဟောင်းတွေနဲ့ မော်တော်ယာဉ်ထုတ်လုပ်ခဲ့တဲ့ စနစ်ကို ဆက်လက်ခွင့်မပြုတော့ဘဲ နိုင်ငံတကာမှ ပညာရှင်များနဲ့ပူးပေါင်းပြီး နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)ရဲ့ ခွင့်ပြုချက်နဲ့ ပြည်တွင်း ပုဂ္ဂလိကနှင့်ဖက်စပ်လုပ်ငန်းများအနေနဲ့ ထုတ်လုပ်မယ့် Brand new မော်တော်ယာဉ်အသစ်တွေကိုသာ SKD စနစ်ဖြင့် ထုတ်လုပ်ခွင့်ပြုလျက်ရှိပြီး ထုတ်လုပ်မှုစရိတ်သက်သာစေရန်အတွက် MIC ရဲ့ ခွင့်ပြုချက်နဲ့ ပထမသုံးနှစ်အတွင်း သွင်းကုန်အခွန်ကင်းလွတ်ခွင့်ရရှိမှာဖြစ်တယ်လို့ သိရှိရပါတယ်။ အဲဒီ မော်တော်ယာဉ်အသစ်တွေကို မူလထုတ်လုပ်သူများရဲ့နည်းပညာ၊ စက်ကိရိယာများနဲ့ အင်ဂျင်နီယာ များမှ စနစ်တကျတပ်ဆင်ထုပ်လုပ်တဲ့ယာဉ်တွေရဲ့ စစ်ဆေးအတည်ပြုချက်လက်မှတ်(Inspection Certificate)များကို သက်ဆိုင်ရာဌာနများပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့ထပ်ဆင့်အတည်ပြုချက် (Certificate of approval)ထုတ်ပေးပြီးနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)က တရားဝင်မှတ်ပုံတင်လိုင်စင် ထုတ်ပေးလျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ စက်မှုဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းစက်မှုဇုန်ထုတ်အရောင်းပြ၍ တရားမဝင် ကားများကို မှတ်ပုံတင်ခွင့်(လုံးဝ)ခွင့်မပြုဘဲ စက်မှုဇုန်များတွင် အင်ဂျင်ဟောင်းများ၊ စက်ပစ္စည်း အစိတ်အပိုင်းဟောင်းများအသုံးပြု၍ မော်တော်ယာဉ်ထုတ်လုပ်မှုများကို ရပ်ဆိုင်းထားပြီးဖြစ်သဖြင့် ယခုအချိန်တွင် ဆက်လက်ထုတ်လုပ်ခွင့်မပေးတော့ပါကြောင်းနှင့် မော်တော်ယာဉ်အသစ်များကိုသာ မူဝါဒနှင့်အညီ ထုတ်လုပ်ခွင့်ပြုလျက်ရှိနေပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးမြန်းတဲ့ ဒုတိယအချက်ဖြစ်တဲ့ ယခင်ကာလများကဲ့သို့ ပြည်တွင်းစက်မှုဇုန်ထုတ်အမည်ခံအယောင်ပြ၍ ပြည်ပမှတရားမဝင်တင်သွင်းလာသော မော်တော် ယာဉ်များအား ကိုယ်ထည်နံပါတ်ဖြတ်၊ ဖောက်၊ ဆက်ပြုလုပ်၍လည်းကောင်း၊ RTA ကိုယ်ထည်နံပါတ် ထုခွင့်ပြု၍လည်းကောင်း၊ ယာဉ်မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းများ မဖြစ်ပေါ်စေရေးအတွက် မည်ကဲ့သို့စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ ဖြေကြားရပါလျှင် ကညနက စက်မှုဇုန်ထုတ်

ယာဉ်များကို ကနဦးယာဉ်စစ်ဆေးခဲ့ရာမှာ သံဘောင်တွင် Z Code သင်္ကေတနဲ့ ကိုယ်ထည်မှာ RTA အမှတ်များ သတ်မှတ်ရိုက်နှိပ်ပေးခဲ့ပါတယ်။ ပြည်တွင်းစက်မှုဇုန်များ ၂၀၀၁-၂၀၀၂ ခုနှစ်ကစပြီး ကားတွေစတင်ထုတ်လုပ်ခဲ့ရာ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ယာဉ်စီးရေပေါင်း ၁၀၈၃၀၉ စီး မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အရင်က ကညနမှာ မှတ်ပုံတင်ထားတဲ့ ပြည်တွင်းစက်မှုဇုန် ထုတ်ယာဉ်တွေ ကနဦးမှတ်ပုံတင်သက်တမ်းတစ်နှစ်ပြည့်ပြီး နှစ်လဲသက်တမ်းတိုးဆောင်ရွက်တဲ့နေရာ မှာ ကိုယ်ထည်၊ သံဘောင်၊ ဦးခေါင်းစတဲ့ အစိတ်အပိုင်းတွေ မမှန်မကန်ပြောင်းလဲတာ စစ်ဆေးတွေ့ရှိ ရပါက အမှုတွဲတစ်ခုချင်းအလိုက် ကညန(ရုံးချုပ်)သို့ တင်ပြရန်ညွှန်ကြားပေးခဲ့ပေမဲ့လည်း ယာဉ် ပိုင်ရှင်တွေ ကြုံတွေ့ရတဲ့အခက်အခဲတွေကို ဖြေလျှော့ပေးရေးနဲ့ လုပ်ငန်းများ မြန်ဆန်ချောမွေ့စေရေး အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ခရိုင် ဦးစီးမှူးများအနေနဲ့ပဲ တာဝန်ယူစိစစ်ခွင့်ပြုပြီး ပြောင်းလဲတဲ့အစိတ်အပိုင်းများအတွက် သတ်မှတ်ဒဏ်ကြေးများကောက်ခံပြီး ဆောင်ရွက်ပေးခဲ့ ပါတယ်။ အဲဒီလို စက်မှုဇုန်ထုတ်ယာဉ်တွေကို ဒဏ်ကြေးကောက်ခံပြီး ပြည်နယ်/တိုင်းဒေသကြီး/ခရိုင် ရုံးများ၌ သက်တမ်းတိုးဆောင်ရွက်ပေးခဲ့ပေမဲ့လည်း ပြောင်းလဲတပ်ဆင်မှုများဟာ လျော့နည်းလာခြင်း မရှိဘဲ အစိတ်အပိုင်းမမှန်မကန် ပြောင်းလဲခြင်းများနဲ့ဆက်စပ်ပြီး လုပ်ငန်းများရှုပ်ထွေးစေတဲ့အတွက် ကနဦးယာဉ်စစ်ဆေးစဉ်က အတည်ပြုထားတဲ့ အစိတ်အပိုင်းများအတိုင်းသာ နှစ်လဲသက်တမ်းတိုး ဆောင်ရွက်ပေးရန်နဲ့ ပြောင်းလဲခြင်းများကို လုံးဝခွင့်မပြုတော့ဘဲ မှတ်ပုံတင်ဖျက်သိမ်းမှာဖြစ်ကြောင်း စာသားကို မှတ်တမ်းကတ်နဲ့ ယာဉ်မှတ်ပုံတင်စာအုပ်တွေမှာ အနီရောင်တံဆိပ်တုံး ရိုက်နှိပ်ပြီးတော့ ၂၀၁၄ ခုနှစ်ကစပြီး ဆောင်ရွက်ခဲ့ပါတယ်။

ဒါပေမဲ့လည်း ပြည်တွင်းစက်မှုဇုန်ထုတ်ယာဉ်များရဲ့အစိတ်အပိုင်းတွေကို ပြည်ပစက်ရုံထုတ်ပုံစံ အစားထိုးပြောင်းလဲပြုပြင်ခြင်း ယာဉ်မှတ်ပုံတင်လုပ်ငန်းများ လာရောက်ဆောင်ရွက်နေဆဲဖြစ်တာကို စိစစ်တွေ့ရှိရတဲ့အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီရဲ့ ၂၀၁၆ ခုနှစ် ဇူလိုင်လ အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၆)ကနေပြီးတော့ ပြည်တွင်းစက်မှုဇုန်ထုတ်ယာဉ် များရဲ့အစိတ်အပိုင်းများကို ပြည်ပစက်ရုံထုတ်ပုံစံဖြင့် အစားထိုးပြောင်းလဲပြုပြင်ခြင်းတွေကို လက်ခံ ဆောင်ရွက်ပေးခြင်းမပြုရေးကို တိကျစွာလိုက်နာကျင့်သုံးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ သို့ဖြစ် ပါ၍ ပြည်တွင်းစက်မှုဇုန်ထုတ်ယာဉ်များရဲ့အစိတ်အပိုင်းများကို ပြည်ပစက်ရုံထုတ်ပုံစံဖြင့် အစားထိုး ပြောင်းလဲခြင်းကို လက်ခံဆောင်ရွက်ပေးခြင်းမပြုရန် ညွှန်ကြားချက်ထုတ်ပြန်ပြီး ၂၀၁၆ ခုနှစ်၊

စက်တင်ဘာလ ၁ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးခြင်း မပြုတော့ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းထွဋ်(ဖျာပုံမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဖြေသွားတဲ့အထဲမှာ ယခင်နှစ်ကျန် ၂၇၄ စီးကို ခွင့်ပြုထားတယ်လို့ ဖြေဆိုသွားပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာက (၁)အချက်အနေနဲ့က ပြည်တွင်းစက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်မှုတွေကို ခေတ္တရပ်ဆိုင်းထားတဲ့အခါမှာ ကျန်ရှိနေတဲ့ ထုတ်လုပ်ခွင့်ပြုရန် ကျန်တဲ့ ယာဉ်အစီးရေ ၂၀၀၀ ခန့်ရှိပြီးတော့ အဲဒီအစီးရေ ၂၀၀၀ ထဲကနေပြီးတော့ အစီးရေ ၁၆၀၀ ခန့်ကို ထုတ်လုပ်ခွင့်ပြုထားခြင်းရှိ/မရှိကို သိရှိလိုပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ စက်မှုဝန်ကြီးဌာန၊ မော်တော်ယာဉ်နဲ့ လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးအဖွဲ့အနေနဲ့ ယာဉ်စစ်ဆေးခံဖို့ စည်းကမ်းချက်တွေထဲမှာဆိုရင် ဒဏ်ကြေးပေးဆောင်စေပြီးတော့ ဖြေလျှော့ပေးထားတဲ့အချက်များကို တွေ့ရပါတယ်။ အဲဒီအချက်တွေက ဘာတွေလဲဆိုလို့ရှိရင် Cut Frame Body များကို Original ဖြစ်ပါက အောက်ပါအတိုင်းဒဏ်ကြေးပေးဆောင်ရမယ်ဆိုပြီးတော့ ဒဏ်ကြေးတွေကောက်ခံထားပါတယ်။ Original 1 Ton Light Truck တစ်စီးကို Original Cut ဖြစ်မယ်ဆိုလို့ရှိ ရင် ၁၀ သိန်း၊ Original Frame ဖြစ်မယ်ဆိုလို့ရှိရင် တစ်သိန်း၊ Original Body ဖြစ်မယ်ဆိုလို့ရှိရင် တစ်သိန်း၊ သတ်မှတ်ချက်နဲ့မကိုက်ညီတဲ့ တင်သွင်းမှုတွေဖြစ်မယ်ဆိုလို့ရှိရင် တစ်သိန်း စုစုပေါင်း ၁၃ သိန်းပါ။ 2 Ton နဲ့ 2.5 Ton Truck တွေကိုလည်း အဲဒီလိုပဲ ဒဏ်ကြေးသတ်မှတ်ပြီးတော့ ၁၄ သိန်းသတ်မှတ်ထားပါတယ်။ ပြည်တွင်းဖြစ် Cut Frame ဖြစ်မယ်ဆိုရင်တော့ အဲဒီဒဏ်ကြေးတွေကိုပေးသွင်းရန်မလိုပါဘူးလို့ စည်းကမ်းချက်အနေနဲ့ ထုတ်ပြန်ထားပါတယ်။ စက်မှုဇုန်ကားထုတ်လုပ်မှုမှာ ပြည်တွင်းက အမှန်တကယ်ထုတ်လုပ်နိုင်တာက Cut နဲ့ Body, Frame တွေဖြစ်ပါတယ်။ အဲဒီ Cut Frame Body တွေကို အခုလိုဖြေလျှော့ပြီးတော့ ဒဏ်ကြေးတွေ ပေးဆောင်ခိုင်းခြင်းအားဖြင့် ပြည်တွင်းထုတ်လုပ်မှုမပါသလောက်ဖြစ်ပြီးတော့ ပြည်ပကနေ တရားမဝင်တင်သွင်းတဲ့ကားတွေကို စက်မှုဇုန်အဖြစ် အသွင်ပြောင်းဖို့အတွက် ခွင့်ပြုပေးမယ့်၊ အဲဒီလိုဆောင်ရွက်ဖို့ လွယ်ကူစေမယ့် အနေအထားမျိုးတွေကို တွေ့ရပါတယ်။ အဲဒီအတွက် ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းကတော့ အခုကျန်ရှိတဲ့ကားတွေကို အခုလိုခွင့်ပြုချက်ပေးတဲ့နေရာမှာ၊ စစ်ဆေးတဲ့နေရာမှာ မူလသတ်မှတ်ထားတဲ့ သတ်မှတ်ချက်တွေနဲ့အညီ ပြည်တွင်းဖြစ်နဲ့ ပြည်ပတင်သွင်းမှုအချိုးကို စနစ်တကျစိစစ်ပြီးတော့ အခြား

သတ်မှတ်ချက်များကိုလည်း ဥပမာအားဖြင့် Road Safety Test ဟာမျိုးကိုလည်း စနစ်တကျစိစစ် ကြပ်မတ်ပြီးတော့ ထုတ်လုပ်နိုင်ဖို့အတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းအတွက် အထူးပဲကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့က စက်မှုဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဖြေကြားရတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မူလမေးမြန်းတဲ့ မေးခွန်းအပေါ်မှာပဲ စက်မှုဝန်ကြီးဌာနကလည်း သူရဲ့အချက်အလက်တွေ ကျွန်တော်တို့ဆီကို ပြန်လည် ဖြေကြားခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ သူဖြေကြားတဲ့အထဲမှာ ကျွန်တော်တင်ပြသွားတဲ့အထဲမှာလည်း အခုနကပြောသလို ဌာနဆိုင်ရာတွေပါတဲ့စုပေါင်းအဖွဲ့နဲ့ သေချာစိစစ်ပြီးတော့ ဆောင်ရွက်ပေးတယ်လို့ပဲ သူဖော်ပြထားပါတယ်။ နောက်တစ်ခုကလည်း အခုနကပြောသလို ယာဉ် အစီးရေပေါင်းကလည်း အစစ်ဆေးခံနိုင်တဲ့မော်တော်ယာဉ် ၂၇၄ စီးကိုသာ စစ်ဆေးပေးခဲ့တယ်လို့ပဲ ဖြေကြားထားတာ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့မေးခွန်းက ကျွန်တော်ဖြေကြားပေးမယ့်လည်း ဒီဟာက စက်မှုဝန်ကြီးဌာနရဲ့အပိုင်းအခန်းကဏ္ဍဖြစ်တဲ့အတွက် ကျွန်တော်တို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားဖြေကြားလို့မရပါကြောင်း ကျွန်တော် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ စက်မှုဝန်ကြီးဌာနအနေနဲ့ ညှိနှိုင်းပေါင်းစပ်ပြီးတော့ ဒီကိုယ်စားလှယ်ရဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို ပြန်လည်ဖြေကြားပေးဖို့တော့လိုပါတယ်။ မေးခွန်းများဖြေကြားပေးတဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဝင်း(အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့အဖွဲ့ဝင်ဖြစ်ပြီး ကော်မတီရဲ့ တာဝန်ပေးချက်အရ ကော်မတီရဲ့တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အစီရင်ခံစာ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များခင်ဗျား။ ပြည်သူ့ လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ(ဂ)နှင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ တို့နှင့် အညီ ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၆)ဖြင့် အဖွဲ့ဝင် ၁၅ ဦး နဲ့ စတင်ဖွဲ့စည်းခဲ့ပါသည်။

တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ရည်ရွယ်ချက်များအနေဖြင့်-

(က) တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ လုပ်ငန်းများမှန်ကန်မှု၊ တရားမျှတမှုရှိစေရေး တို့အတွက် ကူညီဆောင်ရွက်ရန်။

(ခ) ဥပဒေနှင့်အညီ တရားစီရင်ရေး၊ တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့် အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ကို နိုင်ငံသားတိုင်း ခံစားနိုင်ရေးအတွက် အားပေးကူညီရန်။

(ဃ) နိုင်ငံ့ဝန်ထမ်းများ၏ အခွင့်အရေးများ မှန်ကန်စွာ ရရှိရေးအတွက် စိစစ်ကူညီ ဆောင်ရွက်ပေးရန်။

( င ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရန်။

( စ ) သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ် ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာ ဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရန်။

(ဆ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရန်တို့ ရည်ရွယ်ပါတယ် ခင်ဗျား။

ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခြင်းအနေနဲ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်၊ အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၇)ဖြင့် ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီလွင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစား ဗိုလ်မှူးချုပ်ဝင်းမောင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို အစားထိုးလဲလှယ်ဖွဲ့စည်းခဲ့ပါတယ်။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော် အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၇)ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဒေါက်တာဦးခင်မောင်သင်း (အရာတော်မဲဆန္ဒနယ်)နှင့် ဦးထွန်းထွန်းဝင်း(ရမည်းသင်းမဲဆန္ဒနယ်)တို့ကို ကော်မတီအဖွဲ့ဝင်များ အဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါတယ်။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်၊ အမိန့်အမှတ်(၁/၂၀၁၇)ဖြင့် ကြည်း ၂၀၁၉၃ ဒုတိယဗိုလ်မှူးကြီးညီညီလွင်နှင့် ကြည်း ၂၆၈၃၉ ဒုတိယဗိုလ်မှူးကြီးကျော်သီဟ တို့အား လေ့လာသူအဖြစ် ထည့်သွင်းတာဝန်ပေးအပ်ခဲ့ပါတယ်။

ကော်မတီရဲ့ဆောင်ရွက်ချက်များမှာ အစည်းအဝေးများကို နှစ်မျိုးသတ်မှတ်၍ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ကော်မတီ၏ ပုံမှန်အစည်းအဝေးကို လွှတ်တော်အစည်းအဝေးကျင်းပသည့်ကာလအတွင်း အပါတ်စဉ် ကြာသပတေးနေ့များတွင် ကျင်းပပြုလုပ်ပါတယ်။ ကော်မတီစတင်ဖွဲ့စည်းသည့် ၁၉-၅-၂၀၁၆ ရက်နေ့မှ ၁၈-၅-၂၀၁၇ ရက်နေ့ထိ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၃)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ အထူးအစည်းအဝေးများကို လိုအပ်သောအခါမှာ ခေါ်ယူပြုလုပ်ခဲ့ပြီး ကျန်းမာရေးမကောင်း၍ မတက်နိုင်သော ကိုယ်စားလှယ်များမှလွဲ၍ ကော်မတီဝင်အားလုံး အစည်းအဝေးတက်ရောက်ကြပါတယ်။

တာဝန်ခွဲဝေဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ကော်မတီသည် အထက်ရည်ရွယ်ချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာ၌ တိုင်ကြားစာများတွင် သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး၊ တရားစီရင်ရေးအဖွဲ့အဆင့်ဆင့်၏ ဆောင်ရွက်မှုအပေါ် စိစစ်ဆောင်ရွက်ပေးရေး၊ တရားစွဲအဖွဲ့အစည်းများဖြစ်သော ဥပဒေအရာရှိများနှင့် ရဲများအပေါ် အရေးယူပေးရေးတို့ပါဝင်ပါတယ်။ လယ်ယာမြေရရှိရေး တိုင်ကြားစာများကို မိမိတို့အဖွဲ့အနေနဲ့ ဆောင်ရွက်နိုင်စွမ်းမရှိတဲ့အတွက် တာဝန်ရှိအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးပို့ခဲ့ပါတယ်။ တိုင်ကြားစာများကို ကော်မတီဝင်များအား ဖတ်ရှုစေပြီးနောက် ၎င်းတို့၏ မှတ်ချက်အသီးသီးကို ရယူကာ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှ စိစစ်၍ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြပါရှိပါတယ်။

ကော်မတီစတင်ဖွဲ့စည်းသည့် ၁၉-၅-၂၀၁၆ ရက်နေ့မှ ၁၈-၅-၂၀၁၇ ရက်နေ့ထိ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာစုစုပေါင်းမှာ (၁၁၃၂)စောင်ရှိပါတယ်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ လွှဲပြောင်းပေးပို့ခဲ့သည့် တိုင်ကြားစာမှာ (၁၀)စောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့(၂)စောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ (၄)စောင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ (၁)စောင်၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့

(၂၅)စောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့သို့(၁၈)စောင်၊ သက်ဆိုင်ရာကော်မတီများသို့ လွှဲပြောင်းပေးခြင်းမှာ (၁၃)စောင်၊ ကော်မတီသို့ လိပ်မူခြင်းမှားယွင်း၍ ပြည့်စုံမှုမရှိခြင်း၊

**ဥက္ကဋ္ဌ**။ ။ ကော်မတီအစီရင်ခံစာကို အစအဆုံးအသေးစိတ်ဖတ်မယ့်အစား အချိန်ကို ငဲ့ညှာသောအားဖြင့် လိုရင်းတိုရှင်းအကျဉ်းချုပ်ကို ဖတ်ပေးပါ။

**ဦးဝင်းဝင်း(အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)**။ ။ ကော်မတီရဲ့ အစီရင်ခံစာအား ကိုယ်စားလှယ်ကြီးများထံဖြန့်ဝေထားပြီးတဲ့အတွက် အကျဉ်းချုံး၍ ဖတ်ကြားသွားမှာဖြစ်ပါတယ်။ ကော်မတီရဲ့အခြားတာဝန်ထမ်းဆောင်မှုအပိုင်းများကို အစီရင်ခံစာရဲ့ စာမျက်နှာ ၅ မှ ၇ အထိ ဖော်ပြထားပြီး၊ ကော်မတီရဲ့ ပြည်ပသွားရောက်ခြင်းကို အစီရင်ခံစာရဲ့ စာမျက်နှာ ၇ မှ ၈ တို့အထိ ဖော်ပြပါရှိပါတယ်။ ကော်မတီသည် အထက်အပိုဒ် ၂ ပါ ဖော်ပြထားတဲ့ရည်ရွယ်ချက်များ၊ ပြဋ္ဌာန်းချက်များကို မှီငြမ်း၍ နှစ်ဖက်အမှုသည်တို့အကြား ကြားနားခြင်းများပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုကြားနာခြင်းများ ပြုလုပ်ရာမှာ တိုင်ကြားသူ၏ ဆန္ဒအရသာမဟုတ်ပဲ တိုင်ကြားခံရသူ၏ ဆန္ဒကိုပါရယူ၍ နှစ်ဖက်ကြားနာခဲ့ပါတယ်။ အစီရင်ခံသောကာလမှာ ကြားနာမှု(၇)မှု ပြုလုပ်ခဲ့ပါတယ်။ ကြားနာသောအမှုများမှာ အချို့က မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များတွင် အနိုင်ရသော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရောက်မှ အမှုရှုံးသောကိစ္စများလည်းပါဝင်ပါတယ်။ သို့ရာတွင် အမှုတိုင်းမှာ အပြီးသတ်ကြားနာ၍ အမိန့်ချမှတ်ပြီးနောက် နောက်ဆုံးအနိုင်ရသူက ညှိနှိုင်းမှုကို လက်မခံခြင်းများလည်းရှိခဲ့ပါတယ်။

အထက်အပိုဒ်ပါ ကြားနာခြင်းများ ပြုလုပ်ရာတွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဥပဒေပညာရှင်များကို ဖိတ်ကြား၍တက်ရောက်စေခဲ့ပြီး လိုအပ်သောအကြံဉာဏ်များကိုလည်း ရယူခဲ့ပါတယ်။ အဆိုပါကော်မရှင်တွင် အငြိမ်းစား တရားလွှတ်တော် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ဥပဒေပါမောက္ခများပါဝင်သဖြင့် ဥပဒေရေးရာတွင် ကျွမ်းကျင်၍ အတွေ့အကြုံရှိသူများဖြစ်သည်နှင့်အညီ အားလုံး၏ အကြံပေးဆွေးနွေးချက်များနှင့် အလေးထား ဆွေးနွေးမှုများအပေါ် အမှုသည်များက အားရကျေနပ်လျက်ရှိပါတယ်။

ဥပဒေကြမ်းတင်သွင်းခြင်းနှင့်ပတ်သက်၍ ကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြည်သူ့လွှတ်တော်ကို တင်သွင်းနိုင်

ခဲ့ပါသည်။ အဆိုပါ ဥပဒေသည် ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် တင်သွင်းရန်စီစဉ်ခဲ့သော်လည်း တင်သွင်းနိုင်ခြင်းမရှိခဲ့ပါဘူး။ ၎င်းဥပဒေကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ အခြားကော်မတီများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းကိစ္စနှင့် လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်းကိစ္စကို စာမျက်နှာ ၁၀ မှာပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကော်မတီအနေနဲ့ တွေ့ရှိချက်နှင့် သုံးသပ်ချက်ကိုပဲ ဖတ်လိုက်ပါတော့။ တွေ့ရှိချက်ရယ်၊ အကြံပြုချက်ရယ်။

**ဦးဝင်းဝင်း(အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)**။ ။ ကော်မတီရဲ့ တွေ့ရှိချက်များမှာ ဥပဒေရေးရာ၊ အုပ်ချုပ်ရေးရာအဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်မှုများမှာ နှေးကွေးသော်လည်း ပြောင်းလဲမှုများကို တွေ့မြင်နေရပါတယ်။ တရားစီရင်ရေးကဏ္ဍတွင် အချို့ အဖွဲ့အစည်းများမှာ ယခင်ကထက် ပူးပေါင်းဆောင်ရွက်မှုရှိသော်လည်း အများစုမှာ ပြောင်းလဲမှုမရှိ သေးသည်ကို တွေ့ရပါတယ်။ တရားရုံးများတွင် တရားသူကြီးများ၏ ပြည်သူအပေါ်ဆက်ဆံရေးမှာ သိသာထင်ရှားစွာ ပြောင်းလဲလာခြင်းကို မတွေ့ရပါ။ အမှုသည်များအပေါ် ဆက်ဆံရေးမှာ မောက်မာ နေဆဲဖြစ်သည်ကိုလည်း ကြားသိနေရပါတယ်။ ပိုမို၍ မနှစ်မြို့ဖွယ်တွေ့မြင်ရသည်မှာ တရားစီရင်ဆဲ မှာပင် ဂျာနယ်ဖတ်ခြင်း၊ သတင်းစာဖတ်ခြင်း၊ တရားခွင်အပြင်ထွက်၍ တယ်လီဖုန်းပြောခြင်းများကို တွေ့နေရဆဲဖြစ်ပါတယ်။ မလိုအပ်ပဲဖြစ်စေ၊ ဘက်လိုက်၍ဖြစ်စေ၊ ရုံးချိန်းမကြာခဏပေးခြင်း၊ ဝရမ်းနှင့် သမ္မာန်စာ အတည်ပြုသည့်ကိစ္စများတွင် လိုလျှင်လိုသလို အတည်ဖြစ်စေပြီး မလိုလျှင် ဝရမ်းနှင့် သမ္မာန်စာ အကြိမ်ကြိမ်ထုတ်၍ အမှုကို နှောင့်နှေးအောင် ဆောင်ရွက်ခြင်းများကိုလည်း တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ပြောင်းလဲလာပြီဖြစ်သော်လည်း အချို့ရဲစခန်းများတွင် အမှုတစ်ခုကို သွားရောက်တိုင်ကြားလျှင် ရဲအရေးမပိုင်သည့်အမှုဖြစ်သည်ဟု အကြောင်းပြကာ အရေးယူပေးခြင်း မပြုပါ။ ရဲအရေးမပိုင်သော အမှုများနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက ညွှန်ကြားလွှာ ၁၇/၆၄ဖြင့် ညွှန်ကြားထားပြီးဖြစ်သော်လည်း လိုက်နာခြင်း မရှိသည်များကိုတွေ့ရပါတယ်။

တရားသူကြီးအချို့သည် ဥပဒေကို လက်တစ်လုံးခြားပြုလုပ်၍ သုံးသပ်ကြပြီး မှုခင်းဖြစ်ရပ်တွင် တရားလို၊ တရားခံ သို့မဟုတ် တရားလို၊ တရားပြိုင် တင်ပြသော သက်သေများ၏ ထွက်ချက်များကို အခြားသော သက်သေခံအထောက်အထားများနှင့်အတူ သုံးသပ်ဆုံးဖြတ်ခြင်းမပြုပဲ မိမိအနိုင်ပေး လိုသော အမှုသည်၏ သက်သေဘက်ကိုသာ အသာပေးသုံးသပ်ပြီး အခြားဘက်က သက်သေ ထွက်ချက်များကို နောက်မှအကြံရ၍ ထွက်သောသက်သေများဖြစ်သည်ဟု သုံးသပ်ပြီး တဖက်သတ်

အမိန့်ချမှတ်သည်များကိုလည်း တွေ့ရှိရပါတယ်။ စာမျက်နှာ ၁၂ ကို ကျွန်တော်တို့ ဆက်လက်ပြီးတော့ မဖတ်တော့ပါဘူး။

ကော်မတီရဲ့အကြံပြုချက် စာမျက်နှာ ၁၃ ကို ဆက်လက်ဖတ်ကြားခွင့်ပြုပါခင်ဗျား။ တရားဥပဒေစိုးမိုးရေး၏ ပစ်ပယ်၍မရသော လိုအပ်ချက်မှာ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ပြီး ဥပဒေများကို လေးစားလိုက်နာရန် အာမခံနိုင်သော မျှတ၍ လွတ်လပ်သည့် တရားစီရင်ရေးတစ်ရပ်သို့ ပြောင်းလဲရန်ဖြစ်ပါတယ်။ တရားသူကြီးများသည် အမှုများကို ဥပဒေ အရသာ ဆုံးဖြတ်ရမည်ဖြစ်ပြီး ဥပဒေအပြင် အခြားမည်သည့်အရာကိုမျှ ကိုးကားဆုံးဖြတ်ခြင်း မပြုသင့်ပါဘူး။ အစိုးရနှင့် သီးခြားကင်းလွတ်ရမည်ဖြစ်ပြီး ဩဇာလွှမ်းမိုးမှုမှလည်း ကင်းလွတ်ရမည်ဖြစ်ပါတယ်။ တရားသူကြီး များသည် ဥပဒေများကို မျှတစွာ အသုံးပြုကြရမည်ဖြစ်ပါတယ်။ ဥပဒေ၏ ရှေ့မှောက်တွင် အားလုံး အတူတူပင်ဖြစ်သော ပြည်သူများကို ခွဲခြားဆက်ဆံ၍ မရနိုင်ပါ။ တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ တစ်စုတစ်ဖွဲ့ကိုဖြစ်စေ၊ တင်ကူးသဘောထား အဂတိ သို့မဟုတ် မကောင်းသောစိတ်ဖြင့် ခွဲခြား၍ ဆက်ဆံခြင်းမျိုးမပြုသင့်ပါ။ တရားဥပဒေစိုးမိုးရေးသည် မျှတသည့် စိတ်နေသဘောထားအပေါ် တွင်သာ အခြေခံရမည်ဖြစ်ပါတယ်။ အကျင့်ပျက်ခြစားခြင်းကို ယခုအခါ ပြည်သူများက လက်မခံကြ တော့ပါ။ ထိပ်ပိုင်းခေါင်းဆောင်များက ယခင်စိတ်နေစိတ်ထားမျိုးကို ပြောင်းလဲနေပြီဖြစ်ရာ တံစိုးလက်ဆောင်ယူ၍ သို့မဟုတ် မဟုတ်သည်ကို ဟုတ်ယောင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်များမှာ သက်ဆိုးရှည်တော့မည် မဟုတ်သည်ကို သတိထားသင့်ပါတယ်။ အရည်အချင်းပြည့်မီစွာဖြင့် အလုပ်တာဝန်ကျေပွန်သူ၊ ဥပဒေနှင့်အညီ တရားမျှတစွာ အမှုစီရင်နိုင်သူ၊ အမည်ကောင်း သတင်းဖြင့်ကျော်ကြားသူများကို လုပ်သက်မကြည့်ပဲ ရာထူးတိုးပေးခြင်း၊ ပညာသင်စေလွှတ်ခြင်း၊ ချီးကျူးဂုဏ်ပြုခြင်းများဖြင့် ကောင်းသောစိတ်များကို အတုယူအားကျစေသင့်လှပါတယ်။ တိုင်ကြားစာအပါအဝင် လာဘ်ပေးလာဘ်ယူမှုများကို စုံစမ်းဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူ အပြစ်ပေးရန်နှင့် တာဝန်မကျေသူများကို အလုပ်မှ ရပ်စဲသင့်ပါတယ်။ လူ့အဖွဲ့အစည်းကို တုန်လှုပ်ချောက်ချားစေသော မှုခင်းကြီးများနှင့် အများပြည်သူစိတ်ဝင်စားသော အမှုများကို ဂျူရီစနစ်ဖြင့် စစ်ဆေးခြင်းဖြင့် စုပေါင်းဆုံးဖြတ်တာဝန်ယူရသဖြင့် ရဲရဲဝံ့ဝံ့ဆုံးဖြတ်နိုင်ခြင်း၊ အာဏာ၊ ငွေကြေး၊ ဆွေမျိုး၊ မိတ်ဆွေတို့၏ စွက်ဖက်မှုကင်းခြင်း၊ ဂျူရီများက အပြစ်ရှိ၊ မရှိသာ ဆုံးဖြတ်ပြီး ကျွမ်းကျင်သော တရားသူကြီးများက ပြစ်ဒဏ်နှင့် စီရင်ချက်ကို ချမှတ်ခြင်းများ ကျင့်သုံးသင့်ပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့သည် အပြန်အလှန်ထိန်းကျောင်းရန် တာဝန်ရှိပါ

တယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်သူ့လွှတ်တော်ကိုသော်လည်းကောင်း၊ ပြည်သူများကိုသော်လည်းကောင်း အထင်သေးရန်မသင့်ပါ။ တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ချက်သည် တရားရုံး၌ပင် ပြီးဆုံးခြင်းမဟုတ်တော့ပဲ အမှန်တရားကို အများမြင်သာရမည်ဆိုသည့် အဆိုအမိန့်ကို မီဒီယာများကလည်း စောင့်ကြည့်နေမည်ဖြစ်သည်ကို သတိမူသင့်လှပါတယ်။

နိဂုံးချုပ်အနေနဲ့ ယခုတင်ပြသော အစီရင်ခံစာသည် ကော်မတီစတင်ဖွဲ့စည်းခဲ့သော ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့ မှ ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော ဆောင်ရွက်ချက်များကို တတ်နိုင်သလောက် တင်ပြအစီရင်ခံခြင်းဖြစ်ပါတယ်။ ထိုသို့တင်ပြရာတွင် လိုအပ်သည်ဟုယူဆသော အကြောင်းအရာများကိုသာဖော်ပြပြီး မလိုအပ်ဟု ကော်မတီက ယူဆသော အချက်အလက်များကို ကျန်ရှိနေမည်ဖြစ်ပါတယ်။ ကော်မတီသည် ပြည်သူ့လွှတ်တော်က ပေးအပ်သည့် တာဝန်နှင့် အကြံဉာဏ်ကို အလေးထားရယူ၍ ပြည်သူနှင့်အတူ ရှေ့သို့ချီတက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ပြည်သူ့လွှတ်တော်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်**

**ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏**

**အစီရင်ခံစာ အမှတ်စဉ်(၁/၂၀၁၇)**

**၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(ဂ)နှင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ် ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့နှင့်အညီ ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့တွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို အမိန့်ကြော်ငြာစာအမှတ်(၆၆/၂၀၁၆)ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

## ရည်ရွယ်ချက်

၂။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသည်-

(က) တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ လုပ်ငန်းများမှန်ကန်မှု၊ တရားမျှတမှုရှိစေရေး အတွက် ကူညီဆောင်ရွက်ရန်။

(ခ) ဥပဒေနှင့်အညီ တရားစီရင်ရေး၊ တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့် အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို နိုင်ငံသားတိုင်း ခံစားနိုင်ရေးအတွက် အားပေးကူညီရန်။

(ဃ) နိုင်ငံ့ဝန်ထမ်းများ၏ အခွင့်အရေးများ မှန်ကန်စွာရရှိရေးအတွက် စိစစ်ကူညီ ဆောင်ရွက်ပေးရန်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရန်။

(စ) ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် မှပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ် ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကိုစောင့်ကြည့် ထိန်းညှိကူညီရန်။

(ဆ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရန် ရည်ရွယ်ပါသည်။

## ဖွဲ့စည်းခြင်း

၃။ အထက်အပိုဒ်(၁)ပါပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းဝင်း | မင်းဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်ဋ္ဌေး | လေရှီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး | ဗိုလ်တထောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ခင်စန္ဒီ | လောင်းလုံးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးချင်းဖေလင်း | မံစီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးတင်နု(ခ)ဦးတင်နုအောင် | မာန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်အေးမြမြမျိုး | ကျောက်တန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်စိုးနွယ်အေး | တံတားဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဒေါက်တာဦးအေးကြူ | လပွတ္တာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးလှသန်း | ကဝမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးအေးမောင် | ဘောလခဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးမောင်သိန်းခိုင် | စစ်တွေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဗိုလ်မှူးကြီးညီညီလွင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအောင်တင်လင်း | နတ်မောက်မဲဆန္ဒနယ် | အတွင်းရေးမှူး |

**ပြင်ဆင်ဖွဲ့စည်းခြင်း**

၄။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမိန့်ကြော်ငြာစာ အမှတ်(၁၄/၂၀၁၇)ဖြင့် ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးညီညီလွင်၊ တပ်မတော်သား ကိုယ်စားလှယ်အစား ဗိုလ်မှူးချုပ်ဝင်းမောင်၊ တပ်မတော်သားကိုယ်စားလှယ်ကို အစားထိုး လဲလှယ် ဖွဲ့စည်းခဲ့ပါသည်။

၅။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော် အမိန့်ကြော်ငြာစာ အမှတ်၊ ၁၅/၂၀၁၇ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဒေါက်တာဦးခင်မောင်သင်း (အရာတော်မဲဆန္ဒနယ်)နှင့် ဦးထွန်းထွန်းဝင်း(ရမည်းသင်းမဲဆန္ဒနယ်)တို့ကို ကော်မတီအဖွဲ့ဝင်များ အဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

၆။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမိန့်အမှတ် ၁/၂၀၁၇ ဖြင့် အောက်ဖော်ပြပါ တပ်မတော်သားကိုယ်စားလှယ်(၂)ဦးကို လေ့လာသူအဖြစ် ကော်မတီတွင် တာဝန် ပေးအပ်ခဲ့ပါသည် -

(က) ကြည်း ၂၀၁၉၃ ဒုတိယဗိုလ်မှူးကြီး ညီညီလွင်

( ခ ) ကြည်း ၂၆၈၃၉ ဒုတိယဗိုလ်မှူးကြီး ကျော်သီဟ

**ဆောင်ရွက်ချက်များ**

၇။ ကော်မတီ၏ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အစည်းအဝေးကျင်းပခြင်း။** အစည်းအဝေးများကို နှစ်မျိုးသတ်မှတ်၍ ကျင်းပပြုလုပ်ပါသည်။ ကော်မတီ၏ ပုံမှန်အစည်းအဝေးကို လွှတ်တော် အစည်းအဝေးကျင်းပသည့်ကာလအတွင်း အပါတ်စဉ် ကြာသပတေးနေ့များတွင် ကျင်းပပြုလုပ်ပါသည်။ ကော်မတီစတင်ဖွဲ့စည်းသည့် ၁၉-၅-၂၀၁၆ ရက်နေ့မှ ၁၈-၅-၂၀၁၇ ရက်နေ့ထိ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၃) ကြိမ် ပြုလုပ်ခဲ့ပါသည်။ အထူးအစည်းအဝေးများကို လိုအပ်သောအခါများတွင် ကျင်းပ ပြုလုပ်ပါသည်။ ကျန်းမာရေးမကောင်း၍ မတက်ရောက်နိုင်သည့် ကိုယ်စားလှယ် များမှလွဲ၍ ကော်မတီဝင်အားလုံး အစည်းအဝေးတက်ရောက်ကြပါသည်။

(ခ) **တာဝန်ခွဲဝေဆောင်ရွက်ခြင်း**

(၁) ဤကော်မတီသည် အထက်ရည်ရွယ်ချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာ၌ တိုင်ကြားစာများတွင် သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး၊ တရားစီရင်ရေးအဖွဲ့အဆင့်ဆင့်၏ ဆောင်ရွက်မှုအပေါ် စိစစ်ဆောင်ရွက်ပေးရေး၊ တရားစွဲအဖွဲ့အစည်းများဖြစ်သော ဥပဒေအရာရှိများနှင့် ရဲများအပေါ် အရေးယူပေးရေးတို့ပါဝင်ပါသည်။ လယ်ယာမြေရရှိရေး တိုင်ကြားစာများကို မိမိတို့အဖွဲ့အနေဖြင့် ဆောင်ရွက်နိုင်စွမ်းမရှိသဖြင့် တာဝန်ရှိ အဖွဲ့အစည်းသို့ လွှဲပြောင်းပေးခဲ့ပါသည်။

(၂) တိုင်ကြားစာများကို ကော်မတီဝင်များအား ဖတ်ရှုစေပြီးနောက် ၎င်းတို့၏ မှတ်ချက်အသီးသီးကို ရယူပြီး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က စိစစ်၍ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်ပါသည်။ ဤကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အလိုက် နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြအပ်ပါသည်။

(၃) ကော်မတီစတင်ဖွဲ့စည်းသည့် ၁၉-၅-၂၀၁၆ ရက်နေ့မှ ၁၈-၅-၂၀၁၇ ရက်နေ့ထိ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာ စုစုပေါင်းမှာ (၁၁၃၂)စောင် ရှိပါသည်။ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ လွှဲပြောင်းပေးပို့ခဲ့သည့် တိုင်ကြားစာမှာ (၁၀) စောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့(၂)စောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ (၄)စောင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ (၁) စောင်၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့ (၂၅)စောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့သို့ (၁၈)စောင်၊ သက်ဆိုင်ရာကော်မတီများသို့ လွှဲပြောင်းခြင်း (၁၃)စောင်၊ ကော်မတီသို့ လိပ်မူခြင်း မှားယွင်း၍ ပြည့်စုံမှုမရှိခြင်း၊ လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊ တိုင်ကြားချိန်မှာ တရားရုံးကာလစည်းကမ်းသတ်မှတ်ချက်အချိန် ကျော်လွန်နေပြီဖြစ်ခြင်းနှင့် လိုအပ်သောအထောက်အထားများမပါရှိသည့် တိုင်ကြားစာစုစုပေါင်း (၆၆၄)စောင်ကို မှတ်တမ်းအဖြစ်ထားရှိပြီး ကော်မတီတွင် ဆောင်ရွက်ရန်ကျန်ရှိသော

တိုင်ကြားစာမှာ (၃၉၅)စောင်ဖြစ်ပါသည်။ အသေးစိတ်ကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြထားပါသည်။

(၄) ဤကော်မတီသည် တိုင်ကြားစာတစ်ခုချင်းအပေါ် အလေးအနက်ထား စဉ်းစားပြီး တရားရုံးအဆင့်ဆင့်က ဆုံးဖြတ်ပြီးသည့်တိုင်အောင် နစ်နာဆုံးရှုံးမှုကို ပြန်လည်ကုစားနိုင်ရေးအတွက် တိုင်ကြားသူများ၏ ဆန္ဒအပေါ် တည်မှီ၍ ကြားနာပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအခန်း(၂)ပါ တရားစီရင်ရေးဆိုင်ရာမူများတွင်ပါရှိသော ပုဒ်မ(၃)အရ ပြည်သူအချင်းချင်းနှင့်ပတ်သက်သောအမှုကို ဥပဒေဘောင်အတွင်းက ကျေအေးခြင်းဆိုသည့် ပြဋ္ဌာန်းချက်အရလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ အခန်း(၄) ပုဒ်မ ၉(ဃ)ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဆိုသည့် ပြဋ္ဌာန်းချက်များနှင့်အညီသာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**အခြားတာဝန်များ ထမ်းဆောင်ခြင်း**

၈။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရဖြစ်စေ၊ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများက ဆက်သွယ်လာသည့်အခါတွင်ဖြစ်စေ အောက်ပါအတိုင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများပြုလုပ်ခဲ့ပါသည်-

(က) **အမေရိကန်ကျောက်မျက်ကုန်သွယ်ရေးအသင်း (American Gem Trade Association) နှင့်တွေ့ဆုံခြင်း။** ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် အမေရိကန်ကျောက်မျက်ကုန်သွယ်ရေးအသင်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဤကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံခဲ့ပါသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်စိမ်းအပြင် ကမ္ဘာက လိုအပ်နေသော ပတ္တမြားကို အမေရိကန်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် လိုအပ်သော ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြပါသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်း ကျောက်စိမ်းတူးဖော်ထုတ်လုပ်နေသော်လည်း နည်းစနစ်မမှန်သဖြင့် အလေအလွင့်ဆုံးရှုံးမှုများခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုရှိခြင်း၊ တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် တိုင်းပြည်၏ ဝင်ငွေနှင့် အဖိုးတန်သယံဇာတများ ပျက်စီးခြင်းကို တွေ့ရကြောင်း၊ ယခု ၎င်းတို့ ထုတ်လုပ်မည့် ပတ္တမြားတူးဖော်ခြင်းမှာ နည်းပညာ မြင့်မားစွာဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး တန်ရာတန်ဖိုးကောင်းစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မကြာခင် ၎င်းလုပ်ငန်းအတွက် ဥပဒေကြမ်း ဖော်ထုတ်နိုင်ရန် အကူအညီပေးမည် ဖြစ်ကြောင်း ဆွေးနွေးကြပါသည်။

(ခ) **JICA အဖွဲ့အစည်းမှ ဥပဒေအကြံပေး Mr.Komatsu Kantaနှင့်အဖွဲ့အား တွေ့ဆုံခြင်း။** ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်မှ ဥပဒေရေးရာကိစ္စများကို ပြင်ဆင်ပြဋ္ဌာန်းရာတွင် ဂျပန်နိုင်ငံက ထိရောက်စွာ ကူညီနိုင်ရေး ဂျပန်နိုင်ငံသို့ Study Tourများ ခေါ်ယူရေးနှင့်စပ်လျဉ်းပြီး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံး ဆွေးနွေးခဲ့ကြပါသည်။

(ဂ) **နော်ဝေသံအမတ်ကြီးH.E.Ms Tone Tinnesနှင့်တွေ့ဆုံခြင်း။** ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နော်ဝေနိုင်ငံ သံရုံးမှ သံအမတ်ကြီးကို မြန်မာနိုင်ငံနှင့် နော်ဝေ နှစ်နိုင်ငံကြား လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပါသည်။ သံအမတ်ကြီးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြောင်းလဲရေးတွင် ဆက်လက် အကူအညီပေးမည်ဖြစ်ကြောင်း အားပေးခဲ့ပါသည်။

(ဃ) **ပြင်သစ်သုတေသီ Dr.Remond Egretean နှင့်တွေ့ဆုံခြင်း။** ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ ၁၅၀၀ နာရီအချိန်တွင် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် စင်္ကာပူနိုင်ငံ ISEAS - Tusof Ishak အဖွဲ့မှ သုတေသီ Dr.Remond Egreteanကို လက်ခံတွေ့ဆုံခဲ့ပါသည်။ Dr.Remond Egreteanသည် မြန်မာနိုင်ငံ၏ လွှတ်တော်ကို လေးနှစ်ကြာ လေ့လာခဲ့ပြီး မကြာမီ Asia Foundationမှ ထုတ်ဝေမည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံလွှတ်တော်များ၏ တိုးတက်မှုအခြေအနေကို ရေးသားရန် လာရောက်ဆွေးနွေးခြင်းဖြစ်ပါသည်။

**ကော်မတီဝင်များ ပြည်ပခရီးသွားရောက်ခြင်း**

၉။ ဤကော်မတီမှ ကော်မတီအဖွဲ့ဝင် ဒေါ်အေးမြမြမျိုးသည် ASEAN Parliamentarians For Human Rights ဖိတ်ကြားချက်အရ ၂၉-၅-၂၀၁၆ ရက်နေ့ မှ ၃-၆-၂၀၁၆ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့ပြီး ဖနွမ်းပင်မြို့ပေါ်ရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စ၊ ဆည်တည်ဆောက်ခြင်းကြောင့် ထိခိုက်မှုရှိသော ဒေသခံများကို ပြန်လည်နေရာချထားခြင်း၊ နစ်နာကြေးအဖြစ် လျော်ကြေးပေးအပ်ခြင်းကိစ္စများကို လေ့လာဆွေးနွေးခဲ့ပါသည်။

၁၀။ ဤကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသည် JICA (Japanese International Coorporation Agency)၏ ဖိတ်ကြားချက်အရ ၁၃-၆-၂၀၁၆ ရက်နေ့ မှ ၂၄-၆-၂၀၁၆ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး Insolvency Law ဘာသာရပ်ကို မြန်မာနိုင်ငံတွင်း ပြဋ္ဌာန်းနိုင်ရန်၊ ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာနနှင့် လေ့လာဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ စင်စစ်မှာ ဂုဏ်ဥပဒေနှင့် အလားတူ ဥပဒေများကို မြန်မာနိုင်ငံတွင် The Yangon Insolvency Act (India Act3,1909) နှင့်The Myanmar Insolvency Act (India Act5,1920)တို့ကို ၁၉၀၉ ခုနှစ်နှင့် ၁၉၂၀ ပြည့်နှစ်များတွင် ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်အနည်းငယ် အတွင်းသာ နိုင်ငံခြားကုန်သည်များအတွင်း ကျင့်သုံးခဲ့သော်လည်း ၁၉၆၂ ခုနှစ်နောက်ပိုင်း ဆိုရှယ်လစ်စီးပွားရေးစနစ် စတင်ချိန်မှစ၍ အိပ်ပျော်နေသည့်ဥပဒေ(Sleeping Law)များဖြစ်ပါသည်။ ယခုအခါ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲလာပြီဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့အတွက် အထူးလိုအပ်သည့် ဥပဒေဖြစ်ပြီး မကြာမီပြည်သူ့လွှတ်တော်ရုံးတွင် ဆွေးနွေးအတည်ပြုနိုင်တော့မည် ဖြစ်ပါသည်။

၁၁။ ဤကော်မတီ၏ အတွင်းရေးမှူးဖြစ်သူ ဦးအောင်တင်လင်းသည် ၁၄-၉-၂၀၁၆ ရက်နေ့မှ ၁၆-၉-၂၀၁၆ ရက်နေ့ထိ ကမ္ဘောဒီးယားနိုင်ငံတွင် ပြုလုပ်သော အရှေ့တောင်အာရှဒေသတွင်း လုံခြုံရေးဆိုင်ရာကဏ္ဍတွင် ကောင်းမွန်သော အုပ်ချုပ်ရေးအတွက် ပါလီမန်အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။

၁၂။ ဤကော်မတီ၏ အဖွဲ့ဝင်ဖြစ်သူ ဦးဝင်းဝင်းသည် JICA၏ ဖိတ်ကြားချက်အရ ၂၅-၂-၂၀၁၇ ရက်နေ့မှ ၁၁-၃-၂၀၁၇ ရက်နေ့ထိ ဂျပန်နိုင်ငံ Tokyoမြို့နှင့် Osakaမြို့များသို့ Study

Tour သွားရောက်ခဲ့ပါသည်။ ၎င်းသည်လည်း Insolvency Law ပြဋ္ဌာန်းရာတွင် အထောက်အကူပြုနိုင်ရေးအတွက် Study Tourအဖြစ် သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။

၁၃။ ဤကော်မတီမှ အဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုးသည် ပါကစ္စတန်လွှတ်တော် Women’s Parliamentary Caucus မှ ကြီးမှူး၍ ၁၃-၃-၂၀၁၇ ရက်နေ့မှ ၁၅-၃-၂၀၁၇ ရက်နေ့ အထိ အစ္စလာမာဘတ်မြို့၌ ကျင်းပပြုလုပ်သော The Role of Women Parliamentarians in Stengthening Democracy and Social Justice ကွန်ဖရင့်သို့ တက်ရောက်ခဲ့ပြီး မိမိနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေးတို့တွင် အမျိုးသမီးပါဝင်မှုအားနည်းချက် အားသာချက်များအား ကဏ္ဍအလိုက်ဆွေးနွေးခြင်း၊ လူမှုစီးပွားရေးနှင့်ဆက်နွယ်၍ ဘာသာ၊ ယဉ်ကျေးမှု၊ အကြမ်းဖက်ခံရမှု၊ လိင်မတရားပြုကျင့်မှုနှင့် ဆက်နွယ်ပြီး အမျိုးသမီးများကဏ္ဍမှ ကာကွယ်မှု လက်ရှိအခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်ကြမည့် ရေရှည်စီမံကိန်း အကောင်အထည် ဖော်နိုင်မှု၊ အမျိုးသမီးများအပေါ် နိုင်ငံအသီးသီးမှ မည်သို့မည်ပုံ တရားစီရင်ရေး ညီမျှမှုရှိ/ မရှိ၊ နိုင်ငံအသီးသီးမှ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက် လုပ်ဆောင်ကြမည့် ကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့ပါသည်။

**နှစ်ဖက်အမှုသည်တို့အားကြားနာခြင်း**

၁၄။ ဤကော်မတီသည် အထက်အပိုဒ်( ၂ )တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်ပါ ပြဋ္ဌာန်းချက်များကို မှီငြမ်း၍ နှစ်ဖက်အမှုသည်တို့အား ကြားနာခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ကြားနာရာတွင် တိုင်ကြားသူ၏ ဆန္ဒအရသာမဟုတ်ပဲ တိုင်ကြားခံရသူ၏ ဆန္ဒကိုပါ ရယူ၍ နှစ်ဖက်ကြားနာခဲ့ခြင်းဖြစ်ပါသည်။ အစီရင်ခံသောကာလတွင်း ကြားနာမှု(၇)မှုကို ပြုလုပ်ခဲ့ပါသည်။ ကြားနာသော အမှုများမှာ အချို့က မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များတွင် အနိုင်ရသော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရောက်မှ အမှုရှုံးသောကိစ္စများပါဝင်ပါသည်။ သို့ရာတွင် အမှုတိုင်းမှာ အပြီးသတ်ကြားနာ၍ အမိန့်ချမှတ်ပြီးဖြစ်၍ နောက်ဆုံးအနိုင်ရသူက ညှိနှိုင်းမှုကို လက်ခံခြင်းမပြုပါ။ သို့ရာတွင် အချို့အမှုများကို ဆန်းစစ်သုံးသပ်ရာတွင် ပြည်သူ့လွှတ်တော်သို့ ဆက်လက်တင်ပြရန် သင့်၊ မသင့်၊ ဤကော်မတီက အထူးစဉ်းစားလျက်ရှိပါသည်။ တရားရုံးများ မထိမဲ့မြင်ပြုမှုဥပဒေနှင့် ၎င်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မူကြမ်း**

၁၅။ အထက်အပိုဒ်ပါ ကြားနာခြင်းများကို ပြုလုပ်ရာတွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဥပဒေပညာရှင်များကို ဖိတ်ကြား၍ တက်ရောက်စေခဲ့ပြီး လိုအပ်သော အကြံဉာဏ်ကို ရယူခဲ့ပါသည်။ အဆိုပါကော်မရှင်တွင် အငြိမ်းစား တရားလွှတ်တော် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ဥပဒေ ပါမောက္ခများ ပါဝင်သဖြင့် ဥပဒေရေးရာတွင် ကျွမ်းကျင်၍ အတွေ့အကြုံရှိသူများဖြစ်သည်နှင့်အညီ အားလုံး၏ အကြံပေးဆွေးနွေးချက်များနှင့် အလေးထား ဆွေးနွေးမှုများအပေါ် အမှုသည်များက ကျေနပ်အားရဖြစ်ကြပါသည်။

## AIPA General Assembly တွင် ပါဝင်ဆောင်ရွက်ခြင်း

၁၆။ ဤကော်မတီဥက္ကဋ္ဌသည် မြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၃၀-၉-၂၀၁၆ ရက်နေ့မှ ၂-၁၀-၂၀၁၆ ရက်နေ့အထိ (၃၇)ကြိမ်မြောက်ကျင်းပပြုလုပ်သော AIPA General Assembly တွင် Committee on Organizational Matters ဘာသာရပ်ဆွေးနွေးပွဲ၌ Rapporteur အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအစည်းအဝေးမှာ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ပြုလုပ်သည့် ညီလာခံဖြစ်ပါသည်။

## ဥပဒေကြမ်းတင်သွင်းခြင်း

၁၇။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းနိုင်ခဲ့ပါသည်။ အဆိုပါ ဥပဒေသည် ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းရန် စီစဉ်ခဲ့သော်လည်း တင်သွင်းနိုင်ခဲ့ခြင်းမရှိပါ။ ၎င်းဥပဒေကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်ပါသည်။

## အခြားကော်မတီများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

၁၈။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်မှ ပေးအပ်သော အထက်တာဝန်များ အပိုဒ်(၂)အရ တရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စများတွင် တာဝန်ရှိသည်နှင့်အညီ ဥပဒေရေးရာကိစ္စများ စဉ်ဆက်မပြတ် ဖြစ်ပေါ်တိုးတက်မှုကို သိရှိစေရန် ကော်မတီဝင်(၂)ဦးကို ဥပဒေကြမ်းကော်မတီ

ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ဥပဒေကြမ်းကော်မတီသို့ တက်ရောက်လေ့လာပူးပေါင်းဆောင်ရွက် စေလျက်ရှိပါသည်။

**လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်း**

၁၉။ ဤကော်မတီသို့ ရောက်ရှိလာသော တိုင်စာများ၊ အကြံပြုစာများနှင့် မေတ္တာရပ်ခံစာ များတွင် ပြည်သူတို့က သိရှိလို၍ မေးမြန်းစေလိုသော အကြောင်းအရာများ ပါဝင်ပါသည်။ ၎င်းတို့အနက် ပြည်သူတို့အတွက် အမှန်သိရှိရန် လိုအပ်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန များသို့ ပြည်သူများ၏ ဆန္ဒအမှန်ကို သိရှိစေရန် ကော်မတီဝင်များက ပြည်သူ့လွှတ်တော်တွင် မေးခွန်းများတင်၍ မေးမြန်းခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ မေးခွန်းများ မေးမြန်းရာတွင် အချို့သောဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ဖြေကြားချက်များမှာ အားရကျေနပ်ဖွယ် ကောင်းသော်လည်း အချို့မှာ ကျေနပ်ဖွယ်မကောင်းပါ။ ပြည်ထောင်စုဝန်ကြီးအချို့၏ ဖြေကြားချက် များအပေါ် သုံးသပ်ရာတွင် ပြည်သူလူထု၏ ဆန္ဒအပေါ် မည်သို့အလေးအနက်ထားသည်ကို ပြည်သူများက တွေ့မြင်ရပါသည်။ အချို့သော ပြည်ထောင်စုဝန်ကြီးတို့သည် ဝန်ကြီးဌာန များကြား ပူးပေါင်းအဖြေရှာရမည့်အစား တာဝန်လွတ်အောင် ဝတ္တရားကျေ ဆောင်ရွက်ခြင်းမျိုးကို တွေ့ရှိရပါသည်။

**ရသုံးခန့်မှန်းခြေငွေစာရင်းများအပေါ် စိစစ်ဖြတ်တောက်ခြင်း**

၂၀။ ဤကော်မတီသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရငွေသုံးငွေစာရင်းများကို စိစစ်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နှင့်ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ ရသုံးငွေစာရင်းစိစစ်ရေးပူးပေါင်းအဖွဲ့(၁၇)တွင် ပါဝင်စိစစ် ရပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ရငွေသုံးငွေမှ ဖြတ်တောက်ရန်မရှိ၍ ဖြတ်တောက်ခြင်းမပြုပါ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အသုံးစရိတ်များတွင် ငွေလုံးငွေရင်း အသုံးစရိတ်မှ စုစုပေါင်းအသုံးစရိတ် ၄၄၈.၆၃သန်း ဖြတ်တောက်ခဲ့ပါသည်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ်မှလည်း စုစုပေါင်း ၂၃၂၂.၄၀၈သန်းကို စိစစ် ဖြတ်တောက်ခဲ့ပါသည်။

**တွေ့ရှိချက်များ**

၂၁။ ဥပဒေရေးရာ၊ အုပ်ချုပ်ရေးရာအဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်မှုများမှာ နှေးကွေးသော်လည်း ပြောင်းလဲမှုများကို မြင်တွေ့ရပါသည်။ တရားစီရင်ရေးကဏ္ဍတွင် အချို့အဖွဲ့အစည်းများမှာ ယခင်ကထက် ပူးပေါင်းဆောင်ရွက်မှုရှိသော်လည်း အများစုမှာ ပြောင်းလဲမှုမရှိသေးသည်ကို တွေ့ရပါသည်။

၂၂။ တရားရုံးများတွင် တရားသူကြီးများ၏ ပြည်သူအပေါ်ဆက်ဆံရေးမှာ သိသာထင်ရှားစွာပြောင်းလဲလာခြင်းကို မတွေ့ရပါ။ အမှုသည်များအပေါ် ဆက်ဆံရေးမှာ မောက်မာနေဆဲဖြစ်သည်ကိုကြားသိနေရပါသည်။ ပိုမို၍ မနှစ်မြို့ဖွယ် တွေ့မြင်ရသည်မှာ တရားစီရင်နေဆဲမှာပင် ဂျာနယ်ဖတ်ခြင်း၊ သတင်းစာဖတ်ခြင်း၊ တရားခွင် အပြင်ထွက်၍ တယ်လီဖုန်းပြောခြင်းများကို တွေ့နေရဆဲဖြစ်ပါသည်။

၂၃။ မလိုအပ်ပဲဖြစ်စေ၊ ဘက်လိုက်၍ဖြစ်စေ၊ ရုံးချိန်းမကြာခဏပေးခြင်း၊ ဝရမ်းနှင့်သမ္မန်စာအတည်ပြုသည့်ကိစ္စများတွင် လိုလျှင်လိုသလို အတည်ဖြစ်စေပြီး မလိုလျှင် ဝရမ်းနှင့်သမ္မန်စာအကြိမ်ကြိမ်ထုတ်ပြီး အမှုကို နှောင့်နှေးအောင် ဆောင်ရွက်နေခြင်းများကို တွေ့ရပါသည်။

၂၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ပြောင်းလဲလာပြီဖြစ်သော်လည်း အချို့ရဲစခန်းများတွင် မှုခင်းတစ်ခုကိုသွားရောက်တိုင်ကြားလျှင် ရဲအရေးမပိုင်သည့်အမှုဖြစ်သည်ဟု အကြောင်းပြကာ အရေးယူပေးခြင်းမပြုပါ။ ရဲအရေးမပိုင်သော အမှုများနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနက ညွှန်ကြားလွှာ ၁၇/၆၄ဖြင့် ညွှန်ကြားပြီးဖြစ်သော်လည်း လိုက်နာခြင်း မရှိသည်များကိုတွေ့ရပါသည်။

၂၅။ တရားသူကြီးအချို့သည် ဥပဒေကို လက်တစ်လုံးခြားပြု၍ သုံးသပ်ကြပြီး မှုခင်းဖြစ်ရပ်တွင် သက်သေခံတရားလို၊ တရားခံ သို့မဟုတ် တရားလို၊ တရားပြိုင် တင်ပြသော သက်သေများ၏ ထွက်ချက်များကို အခြားသော သက်သေခံအထောက်အထားများနှင့်အတူ သုံးသပ်ဆုံးဖြတ်ခြင်းမပြုကြပဲ မိမိအနိုင်ပေးလိုသော အမှုသည်၏ သက်သေဘက်ကိုသာ အသာပေးသုံးသပ်ပြီး အခြားဘက်က သက်သေထွက်ချက်များကို နောက်မှအကြံရ၍ ထွက်သောသက်သေများ ဖြစ်သည်ဟု သုံးသပ်ပြီး တဖက်သတ် အမိန့်ချမှတ်သည်များကိုလည်း တွေ့ရပါသည်။

၂၆။ အယူခံမှုများသည် ရှုံးနိမ့်သော အမှုသည်အတွက် အရေးတကြီးဆောင်ရွက်ရသော အမှုဖြစ်ပါသည်။ အယူခံမှုနှင့် ပြင်ဆင်မှုတို့မှာ အဓိပ္ပာယ်သက်ရောက်ပုံချင်းမတူပါ။ အဆင့်မြင့်တရားရုံးသို့ တက်ရောက်လာသော အယူခံမှုများကို အချို့သော တရားသူကြီးများသည် အမှုတွဲကိုလက်ခံ၍ မူလရုံး၏ ဆုံးဖြတ်ချက်အမိန့်ဒီဂရီကို သေချာစွာ ပြန်လည်သုံးသပ်သင့်ပါလျက်

လျှောက်လဲချက်ကြားနာပြီးနောက် "မူလရုံးအပေါ် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်၍ ပလပ်သည်"ဟု အကျဉ်းနည်း ပလပ်သည့် အမိန့်ချခြင်းမှာ အယူခံတရားရုံး၏ ကျင့်ဝတ် တာဝန်နှင့်မညီပါ။ ယင်းကိစ္စများအတွက် မကျေနပ်သူ များပြားလာပြီဖြစ်၍ လွှတ်တော်တွင် တင်ပြဆွေးနွေးရမည့်ကိစ္စ ဖြစ်လာဖွယ်ရှိပါသည်။

၂၇။ တရားရုံးချုပ်က တရားစီရင်ရာတွင် လိုက်နာရန် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာစစ်ဆေးရန် ညွှန်ကြားပြီးဖြစ်သော်လည်း သိရှိသူ နည်းပါးသည်ကို တွေ့ရပါသည်။ တာဝန်မဲ့ ပေါ့လျော့စွာ ဆောင်ရွက်၍ မှားယွင်းမှုတွေ့ပါက ထိရောက်စွာ အရေးယူရန်လိုပါသည်။ မကောင်းသည့် တရားသူကြီးကို နယ်ပြောင်းခြင်း၊ ရာထူး တိုးမပေးခြင်းလောက်နှင့် ယခုအခါ ခရီးမရောက်နိုင်ပါ။ ထုတ်ပယ်ရန်လိုလျှင် ထုတ်ပယ်ရန်နှင့် အရေးယူရန်လိုလျှင် ထိရောက်စွာအရေးယူရန်ဖြစ်ပါသည်။

၂၈။ တရားရုံးများသည် သက်သေများကို စစ်ဆေးပြီးသည့်အခါ ပြန်လည်ဖတ်ပြခြင်း၊ ဖတ်ရှုပြီး မှန်ကန်ကြောင်းသက်သေကို လက်မှတ်ရေးထိုးစေခြင်းများကို ဆောင်ရွက်ရန် အထက်အဖွဲ့ အစည်းက ညွှန်ကြားပြီးဖြစ်သော်လည်း မလိုက်နာသည့် တရားရုံးများကို တွေ့နေရပါသေးသည်။ အချို့ရုံးများတွင် အမှုတွဲနေ့စဉ်မှတ်တမ်းကို ပြင်ဆင်ရေးသွင်းသည်များကိုပါ တွေ့ရှိရပါသည်။

၂၉။ ရှေ့နေများသည် ဥပဒေပညာရှင်များဖြစ်ကြပါသည်။ ဥပဒေဖြင့် အသက်မွေးခြင်းသည် မွန်မြတ်သော အသက်မွေးခြင်းဖြစ်ပါသည်။ ယခုအခါ ရှေ့နေအများစုသည် မိမိတို့၏ပညာကို တန်ဖိုးမထားဘဲ မိမိတို့အမှုသည် အနိုင်ရရေးအတွက် တရားသူကြီးများ၊ အစိုးရရှေ့နေများကြားတွင် လာဘ်ပေးလာဘ်ယူပွဲစားများအဖြစ် ကျယ်ပြန့်စွာ ဆောင်ရွက်နေသည်ကို သိမြင်တွေ့ရှိကြရာ များစွာ စိတ်မကောင်းဖွယ်ဖြစ်ရပါသည်။ ထိုသို့ဖြစ်ပေါ်သော တရားစီရင်ရေးရပ်ဝန်းတွင် တရားရေး လောကမှ ဝန်ထမ်းများ ပျက်စီးနေသည်ကို အချိန်မီပြင်ဆင်ရန် လိုအပ်မည်ဖြစ်ပါသည်။

**အကြံပြုချက်များ**

၃၀။ တရားဥပဒေစိုးမိုးရေး၏ ပစ်ပယ်၍မရသော လိုအပ်ချက်မှာ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ပြီး ဥပဒေများကို လေးစားလိုက်နာရန် အာမခံနိုင်သော မျှတ၍ လွတ်လပ်သည့် တရားစီရင်ရေးတစ်ရပ်သို့ ပြောင်းလဲရန်ဖြစ်ပါသည်။ တရားသူကြီးများသည် အမှုများကို ဥပဒေ အရသာ ဆုံးဖြတ်ရမည်ဖြစ်ပြီး ဥပဒေအပြင် အခြားမည်သည့်အရာကိုမျှ ကိုးကားဆုံးဖြတ်ခြင်း

မပြုသင့်ပါ။ အစိုးရနှင့် သီးခြားကင်းလွတ်ရမည်ဖြစ်ပြီး ဩဇာလွှမ်းမိုးမှုမှလည်း ကင်းလွတ်ရမည်ဖြစ်ပါသည်။

၃၁။ တရားသူကြီးများသည် ဥပဒေများကို မျှတစွာ အသုံးပြုကြရမည်ဖြစ်ပါသည်။ ဥပဒေ၏ ရှေ့မှောက်တွင် အားလုံးအတူတူပင်ဖြစ်သော ပြည်သူများကို ခွဲခြားဆက်ဆံ၍ မရနိုင်ပါ။ တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ တစ်စုတစ်ဖွဲ့ကိုဖြစ်စေ၊ တင်ကူးသဘောထား အဂတိ သို့မဟုတ် မကောင်းသောစိတ်ဖြင့် ခွဲခြား၍ ဆက်ဆံခြင်းမျိုးမပြုသင့်ပါ။ တရားဥပဒေစိုးမိုးရေးသည် မျှတသည့် စိတ်နေသဘောထား အပေါ်တွင်သာ အခြေခံရမည်ဖြစ်ပါသည်။

၃၂။ အကျင့်ပျက်ခြစားခြင်းကို ယခုအခါ ပြည်သူများက လက်မခံကြတော့ပါ။ ထိပ်ပိုင်းခေါင်းဆောင်များက ယခင်စိတ်နေစိတ်ထားမျိုးကို ပြောင်းလဲနေပြီဖြစ်ရာ တံစိုးလက်ဆောင်ယူ၍ မဟုတ်သည်ကို ဟုတ်ယောင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်များမှာ သက်ဆိုးရှည်တော့မည် မဟုတ်သည်ကို သတိထားသင့်ပါသည်။

၃၃။ အရည်အချင်းပြည့်မီစွာဖြင့် အလုပ်တာဝန်ကျေပွန်သူ၊ ဥပဒေနှင့်အညီ တရားမျှတစွာ အမှုစီရင်နိုင်သူ၊ အမည်ကောင်းသတင်းကျော်ကြားသူများကို လုပ်သက်မကြည့်ပဲ ရာထူးတိုးပေးခြင်း၊ ပညာသင်စေလွှတ်ခြင်း၊ ချီးကျူးဂုဏ်ပြုခြင်းများဖြင့် ကောင်းသောစိတ်များကို အတုယူအားကျစေသင့်ပါသည်။

၃၄။ တိုင်ကြားစာအပါအဝင် လာဘ်ပေးလာဘ်ယူမှုများကို စုံစမ်းဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူ အပြစ်ပေးရန်နှင့် တာဝန်မကျေသူများကို အလုပ်မှ ရပ်စဲသင့်ပါသည်။

၃၅။ လူ့အဖွဲ့အစည်းကို တုန်လှုပ်ချောက်ချားစေသော မှုခင်းကြီးများနှင့် အများပြည်သူ စိတ်ဝင်စားသော အမှုများကို ဂျူရီစနစ်ဖြင့် စစ်ဆေးခြင်းဖြင့် စုပေါင်းဆုံးဖြတ်တာဝန်ယူရသဖြင့် ရဲရဲဝံ့ဝံ့ဆုံးဖြတ်နိုင်ခြင်း၊ အာဏာ၊ ငွေကြေး၊ ဆွေမျိုး၊ မိတ်ဆွေတို့၏ စွက်ဖက်မှုကင်းခြင်း၊ ဂျူရီများက အပြစ်ရှိ၊ မရှိသာ ဆုံးဖြတ်ပြီး ကျွမ်းကျင်သော တရားသူကြီးက ပြစ်ဒဏ်နှင့် စီရင်ချက်ကို ချမှတ်ခြင်းများ ကျင့်သုံးသင့်ပါသည်။

၃၆။ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့သည် အပြန်အလှန်ထိန်းကျောင်းရန် တာဝန်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်သူ့လွှတ်တော်ကိုလည်းကောင်း၊ ပြည်သူများကိုလည်းကောင်း အထင်သေးရန်မသင့်ပါ။ တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ချက်သည်

တရားရုံး၌ပင် ပြီးဆုံးခြင်းမဟုတ်တော့ပဲ အမှန်တရားကို အများမြင်သာရမည်ဆိုသည့် အဆိုအမိန့်ကို မီဒီယာများကလည်း စောင့်ကြည့်နေမည်ဖြစ်သည်ကို သတိမူသင့်ပါသည်။

**နိဂုံး**

၃၇။ ယခုတင်ပြသော အစီရင်ခံစာသည် ကော်မတီစတင်ဖွဲ့စည်းခဲ့သော ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့ မှ ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော ဆောင်ရွက်ချက်များကို တတ်နိုင်သလောက် တင်ပြအစီရင်ခံခြင်းဖြစ်ပါသည်။ ထိုသို့တင်ပြရာတွင် လိုအပ်သည်ဟုယူဆသော အကြောင်းအရာများကိုသာဖော်ပြပြီး မလိုအပ်ဟု ကော်မတီက ယူဆသော အချက်အလက်များ ကျန်ရှိမည်ဖြစ်ပါသည်။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်က ပေးအပ်သည့် တာဝန်နှင့် အကြံဉာဏ်ကို အလေးထားရယူ၍ ပြည်သူနှင့်အတူ ရှေ့သို့ချီတက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

**တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသို့ ပြည်နယ်/တိုင်းဒေသကြီးအလိုက် တင်ပြစာများ ရောက်ရှိမှုအခြေအနေ**

**(၁၉-၅-၂၀၁၆) ရက်နေ့မှ (၁၈-၅-၂၂၀၁၇) ရက်နေ့အထိ**

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ၂၀၁၆ ခုနှစ် | | | | | | | | ၂၀၁၇ ခုနှစ် | | | | | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | |
| ၁ | ရန်ကုန် | ၃၆ | ၆၈ | ၅၆ | ၄၉ | ၃၀ | ၄၂ | ၃၀ | ၁၆ | ၁၈ | ၉ | ၁၉ | ၅ | ၄ | ၃၈၄ |
| ၂ | မန္တလေး | ၁၂ | ၄၀ | ၃၅ | ၃၂ | ၃၀ | ၁၉ | ၁၈ | ၁၁ | ၁၁ | ၁၃ | ၁၈ | ၆ | ၁၁ | ၂၅၆ |
| ၃ | ပဲခူး | ၁၂ | ၂၀ | ၁၆ | ၁၉ | ၁၃ | ၁၀ | ၁၅ | ၇ | ၁၂ | ၆ | ၆ | ၄ | ၆ | ၁၄၇ |
| ၄ | ဧရာဝတီ | ၄ | ၁၂ | ၁၃ | ၁၃ | ၆ | ၉ | ၂ | ၁ | ၄ | ၁ | ၆ | - | ၃ | ၇၄ |
| ၅ | စစ်ကိုင်း | ၅ | ၁၆ | ၅ | ၉ | ၄ | ၃ | ၇ | ၃ | ၅ | ၂ | ၄ | ၃ | ၅ | ၇၁ |
| ၆ | မကွေး | ၄ | ၁၀ | ၂ | ၆ | ၄ | ၅ | ၂ | - | ၆ | ၁၁ | ၄ | - | - | ၅၄ |
| ၇ | ရှမ်း | ၅ | ၄ | ၇ | ၁၅ | ၃ | ၂ | ၂ | ၄ | ၂ | ၅ | ၂ | ၁ | - | ၅၂ |

မှတ်ကြမ်း

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၈ | မွန် | ၃ | ၆ | ၄ | ၂ | ၆ | ၃ | - | ၁ | - | - | - | - | - | ၂၅ |
| ၉ | ရခိုင် | ၄ | ၂ | ၄ | ၂ | ၁ | ၂ | - | - | - | - | ၄ | - | ၁ | ၂၀ |
| ၁၀ | ကချင် | ၄ | ၅ | ၃ | ၂ | ၁ | ၁ | - | ၁ | - | ၁ | ၁ | - | - | ၁၉ |
| ၁၁ | ကရင် | - | - | ၆ | ၃ | - | ၁ | ၁ | ၁ | - | - | ၄ | - | ၁ | ၁၇ |
| ၁၂ | တနင်္သာရီ | ၁ | ၃ | ၃ | - | - | ၁ | - | - | ၁ | - | - | ၁ | - | ၁၀ |
| ၁၃ | ကယား | ၁ | - | ၁ | - | - | - | - | - | - | - | - | - | - | ၂ |
| ၁၄ | ချင်း | - | ၁ | - | - | - | - | - | - | - | - | - | - | - | ၁ |
| | **စုစုပေါင်း** | **၉၁** | **၁၈၈** | **၁၅၅** | **၁၅၂** | **၉၉** | **၉၈** | **၇၈** | **၄၅** | **၅၉** | **၄၈** | **၆၈** | **၂၀** | **၃၀** | **၁၁၃၂** |

နောက်ဆက်တွဲ(ခ)

**တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှ တင်ပြစာများ ဆောင်ရွက်ထားရှိမှုအခြေအနေ**

**(၁၉-၅-၂၀၁၆) ရက်နေ့မှ (၁၈-၅-၂၀၁၇) ရက်နေ့အထိ**

| စဉ် | တင်ပြစာများ | အဂတိကော်မရှင် | | လယ်ယာမြေဗဟိုကော်မတီ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | | ပြည်ထောင်စုရှေ့နေချုပ်ရုံး | | ဝန်ကြီးဌာန | | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | | ကော်မတီလွှဲပြောင်း | မှတ်တမ်း | ဆောင်ရွက်ဆဲ | ပြီးစီးမှုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပို့ | ပြန် | ပို့ | ပြန် | ပို့ | ပြန် | ပို့ | ပြန် | ပို့ | ပြန် | ပို့ | ပြန် | | | | | |
| ၁ | ၁၁၃၂ | ၂ | ၂ | ၁၀ | - | ၄ | ၃ | ၁ | ၁ | ၂၅ | ၁၇ | ၁၈ | ၄ | ၁၃ | ၆၆၄ | ၃၉၅ | ၇၃၇ | |

**ဥက္ကဋ္ဌ**။ ။ ဒီအစီရင်ခံစာမှာ အရေးတကြီး အလျင်စလို ဆောင်ရွက်ရမယ့်ကိစ္စများရှိပါတယ်။ ဘာပါလဲဆိုတော့ ခုနကကော်မတီရဲ့အစီရင်ခံစာမှာ တွေ့ရှိချက်တွေမှာ အမှုသည်တွေအပေါ်မှာ မောက်မာနေတာတွေ တွေ့တယ်။ အဲဒီဟာက ဘယ်တရားရုံးတွေလဲ။ ဘယ်တရားသူကြီးလဲ။ စာရင်းပြုစုပေးပါ။ အတိအကျပြုစုပေးပါ။ နောက်တရားစီရင်ရေးတဲ့အခါမှာ တရားစီရင်နေဆဲမှာ

**မူကြမ်း**

ဂျာနယ်ဖက်တယ်။ သတင်းစာဖက်တယ်။ တရားခွင်အပြင်ထွက် ဖုန်းပြောတယ်။ ဘယ်တရားခွင်လဲ။ ဘယ်တရားရုံးလဲ။ ဘယ်မြို့နယ်လဲ။ သေချာစာရင်းပြုစုပေးပါ။ နောက်တစ်ခုက ဘက်လိုက်ပြီးတော့ မကြာခဏရုံးချိန်းတယ်။ နောက်တစ်ခါ ဝရမ်းတဲ့အခါ အတည်ပြုတဲကိစ္စလည်း လိုရင်လိုသလို၊ မလိုရင်မလိုသလို အကြိမ်များစွာလုပ်တယ်။ အတိအကျ ဘယ်တရားရုံးလဲ။ ဘယ်တရားသူကြီးလဲ။ သေချာလုပ်ပေးပါ။ နောက်တစ်ခုက ကျွန်တော်တို့ ရဲအရေးမပိုင်တဲ့ အမှုဆိုပြီးတော့ အကြောင်းပြ ပြီးတော့ အရေးယူမပေးဘူး။ အဲဒီစာရင်းကိုလည်း ခုနကကော်မတီရဲ့အစီရင်ခံစာမှာ တိုင်ကြားစာမှာ ရှိတယ်။ အမှုသည်တွေနဲ့တွေ့ထားတယ်ဆိုတော့ အဲ့ဒါလေးလည်း ပြုစုပေးပါ။ နောက်တစ်ခါ တရားသူကြီးတွေက သက်သေတွေ၊ တရားလိုတွေ၊ တရားခံတွေကို၊ တရားပြိုင်တွေကို၊ ထွက်ချက်တွေကို အလေးမမူဘဲနဲ့၊ သုံးသပ်ခြင်းမပြုဘဲနဲ့ မိမိအနိုင်ပေးလိုတဲ့ အမှုသည်ဘက်ကို အသာပေးပေး တယ်ဆိုတာ ဘယ်အမှုတွေလည်း။ သေချာလုပ်ပေးပါ။ ပြီးရင်စာရင်းပြုစုပြီးတော့ ကျွန်တော့်ဆီ ပို့ပေးပါ။ ဒါဟာ ကျွန်တော်တို့ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ဖို့ဆိုရင် ပြည်ထောင်စုတရား လွှတ်တော်ချုပ်ဆီကို တိတိကျကျပေးရမှာပါ။ တိတိလင်းလင်းဆောင်ရွက်ရမှာပါ။ ဒီမှာတော့ နောက်ဆက်တွဲ ဘာမှမပါဘူး။ ဘယ်အမှုတွေလဲဆိုတာပါရမယ်။ ဥပမာဆို ဘယ်အမှု၊ ဘယ်အမှု၊ အမှုသည်ကို ဆက်ဆံတယ်။ မောက်မောက်မာမာ။ ဘယ်ရုံး၊ ဘယ်အမှု။ တရားစီရင်တဲ့အခါမှာ တရားခွင်မှာ ဂျာနယ်ဖက်နေတယ်။ ဖုန်းပြောနေတယ်ဆိုရင် ဘယ်တရားခွင်လဲ။ နောက်ဆက်တွဲ ဘယ်အမှု၊ ဘယ်အမှုတိုင်ကြားသူဘယ်သူ၊ စစ်ဆေးသူဘယ်သူ၊ တွေ့ရှိချက်ဇယားနဲ့ နောက်ဆက်တွဲ ပါရမှာပါ။ အခုမပါတော့ ကျွန်တော်တို့က တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်အောင် ဒါကမပို့နိုင်ဘူး။ အဲဒီတော့ ပြန်လည်ပြုစုပေးပါ။ ပြန်လည်ပြုစုပြီး အတိအကျပြုစုပြီးတွေ့ရှိချက်မှာပါတဲ့အချက်တွေကို မောက်မာတဲ့ကိစ္စကိုဘယ်အမှု၊ ဘယ်အမှုတွေ၊ ဘယ်မြို့နယ်တွေ။ နောက်ဝရမ်းကိုအတည်မပြုဘဲနဲ့ သမာန်စာချတာအတည်မပြုဘဲနဲ့ အချိန်များစွာချိန်းရင် ဘယ်အမှုတွေလဲ၊ ဘယ်ဟာတွေလဲ၊ ဘယ်မြို့နယ်တွေလဲ သေချာလေးပြုစုပေးပါ။ ပြန်လည်ပြီးတော့၊ ပြုစုပေးပြီး ကျွန်တော့်ဆီ တင်ပေးပါ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဆီ ကျွန်တော် တိတိကျကျပို့ရမယ်။ ဒီလိုဆောင်ရွက်နိုင်မှ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်နိုင်သမျှ တည့်မတ်မယ်။ ဒီလိုယေဘုယျလုပ်လို့ကတော့ ကျွန်တော်တို့ ဒီလိုယေဘုယျနောက်ဆက်တွဲလည်း မပါဘဲပြောလို့ကတော့ သနားတယ်ပဲ ဟိုကဆိုလိမ့်မယ်။ တိတိကျကျလုပ်ပေးပါ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ၁၁-၇-၂၀၁၇ ရက်နေ့(အင်္ဂါနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးကအမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်က မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်းဖြစ်ပါတယ်။ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ ထောက်ခံအကြံပြု ဆွေးနွေးသွားပါမယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အဓိကတာဝန်ဖြစ်တဲ့ ရေးရာတိုင်ကြားစာဆောင်ရွက်ချက်နှင့်သုံးသပ်ချက်တွေကို အဓိကထားပြီးတော့ ဆွေးနွေးသွားပါမယ်။ ကော်မတီရဲ့ စာမျက်နှာ ၅ အမှတ်စဉ် ၁၁ ဖြင့် ကော်မတီရဲ့တာဝန်ကိုးချက် ဖော်ပြထားပြီး တောင်သူလယ်သမားနှင့်အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရမည်ဟု ပါရှိပါတယ်။ ဒီကော်မတီဟာ တောင်သူလယ်သမားနှင့်အလုပ်သမားများ ရေးရာကိစ္စများဖြစ်သော တိုင်ကြားမှုများကို အဓိကထားလေ့လာထိန်းကျောင်းဆောင်ရွက်ပေးသော ကော်မတီဖြစ်ပါတယ်။ စိုက်ပျိုး မွေးမြူရေးနှင့် ကျေးလက်လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့်မတူပါဘူး။ ကော်မတီနှစ်ခုဟာ နာမည်ဆင်တူသလို ရှိသော်လည်း အဓိပ္ပာယ်အခြေခံအချက်များ မတူပါဘူး။ တောင်သူလယ်သမားနှင့်အလုပ်သမား

ရေးရာကော်မတီဟာ တိုင်ကြားမှုကို အဓိကထားပြီးတော့ လက်ခံကြားနာဖြေရှင်းလမ်းညွှန်ထိန်းကျောင်းပေးသောကော်မတီဖြစ်သလို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတော့ ထုတ်လုပ်မှုကိုအခြေခံတဲ့ ကော်မတီလို့ကျွန်တော် အဲဒီလိုသိရှိထားပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းမှုပြန်လည်စိစစ်ရေးဗဟိုကော်မတီတွင် ဒီကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးကျော်မြင့်အား အဖွဲ့ဝင်အဖြစ်ပါဝင်မှသာ ဗဟိုအစိုးရနှင့်အပြန်အလှန်ထိန်းကျောင်းညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အထူးတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရေးရာကော်မတီဥက္ကဋ္ဌဖြစ်စဉ်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ လယ်ယာစီမံခန့်ခွဲရေးနှင့်လေ့လာစိစစ်ရေးကော်မတီကို တက်ရောက်ခွင့်ရပြီးတော့ ဆွေးနွေးတဲ့အခါမှာလည်း အုပ်ချုပ်ရေးနှင့်မြေစာရင်းဌာနတို့သည် မြေသိမ်းစဉ်ကပါဝင်ပတ်သက်ခဲ့သဖြင့် လယ်ယာစီမံခန့်ခွဲရေးနှင့်လေ့လာစိစစ်ရေးကော်မတီတွင် ဥက္ကဋ္ဌနှင့်တာဝန်မပေးသင့်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ နောက်အထူးတစ်ချက်ကတော့ သက်ဆိုင်ရာ အဆင့်လိုက်လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောတူညီချက်လက်မှတ်ထိုးမှသာ အဆင့်လိုက်ဆုံးဖြတ်ချက်များ အတည်ပြုသင့်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ သို့သော်လည်း မြို့နယ်တိုင်းအောက်ခြေတွင် လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ အားနည်းတာ၊ နှောင့်နှေးကြန့်ကြာတာ၊ အချို့ဆုံးဖြတ်ချက်တွေဟာ မှားယွင်းနေတာကို လေ့လာတွေ့ရှိရပါတယ်။ ဤကော်မတီမှ ထိန်းကျောင်းတည့်မတ် အနီးကပ်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကော်မတီရဲ့အဓိက တာဝန်ဟာ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာတိုင်ကြားစာများကို လေ့လာဆန်းစစ်ကွင်းဆင်းစိစစ်ပြီး အစိုးရကအကြံပြုလမ်းညွှန်ထိန်းကျောင်းရမည့်တာဝန်ပါရှိနေပါတယ်။ လက်ရှိမှာတိုင်ကြားစာများကို ဖတ်ကြားလေ့လာစိစစ်မှတ်ချက်ရေး လယ်/စစ်ဗဟိုသို့ ပေးပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အစိုးရကိုထိန်းကျောင်းနိုင်တဲ့ ဒီကော်မတီကိုယ်တိုင်က တိုင်ကြားစာကို မှန်ကန်စွာမှတ်ချက်ပြုနိုင်ရန် အလွန်အရေးကြီးပါတယ်။ ခေါ်ယူတွေ့ဆုံဖို့၊ မျက်နှာချင်းဆိုင်စိစစ်ဖို့၊ လိုအပ်ရင်ကွင်းဆင်းစစ်ဆေးဖို့ ဆောင်ရွက်မှသာ ဒီကော်မတီရဲ့ တာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ပါ၍ ဤကော်မတီရဲ့လုပ်ဆောင်မှုများ ပိုမိုဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌကြီးအနေဖြင့် အခြေအနေကောင်းများ ဖန်တီးပေးဖို့ လိုအပ်ပါကြောင်း အကြံပြုအပ်ပါတယ်။ မှတ်ချက်ရေးပြီး အစိုးရအဖွဲ့ပေးရုံသက်သက်

ဖြင့်သာဆောင်ရွက်နေပါက ဒီကော်မတီရဲ့ပေးအပ်သော တာဝန်ကျေပွန်မှု အားနည်းသွားစေပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ သုံးသပ်ချက်ကို ပြန်လည်လေ့လာတဲ့အခါမှာ ကော်မတီ၏ သုံးသပ်ချက်ထဲမှာ ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးရခြင်းမရှိပါသဖြင့် တိုင်ကြားစာများအပေါ် သုံးသပ်ချက်များမှာ မှားယွင်းနိုင်ပါကြောင်း ဖော်ပြချက်ဟာ မှန်ကန်ပါတယ်။ ရေးရာကော်မတီအနေဖြင့် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးလုပ်ငန်းတွင်အဓိကဆောင်ရွက်ရန်တာဝန်ပေးထားသဖြင့် ပထမပြည်ထောင်စုလွှတ်တော်ကဲ့သို့ပင် ဖြေရှင်းရေးအထောက်အကူအဖွဲ့ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရ၏ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့တွင်လည်း ဒီကော်မတီဥက္ကဋ္ဌကိုအဖွဲ့ဝင်အဖြစ် ဖြည့်စွက်ထားရှိသင့်ပါကြောင်း သို့မှသာ ဒီကော်မတီများကို အစိုးရနှင့်အပြန်အလှန်ထိန်းကျောင်းညှိနှိုင်းဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော် ဒီကော်မတီရဲ့ဥက္ကဋ္ဌတာဝန်ယူစဉ်ကလည်း လယ်ယာမြေနှင့်အခြားမြေမတရားသိမ်းဆည်းခံရမှု ဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်း၍ မှန်ကန်မျှတစွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် ပြည်သူ့လွှတ်တော်နှင့် အစိုးရကိုတိုက်တွန်းကြောင်းအဆို တင်သွင်းခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းကတော့ ဥက္ကဋ္ဌကြီးမှ တင်သွင်းရန်မသင့်သေးကြောင်း၊ အချိန်မကျသေးကြောင်း မှတ်ချက်ပြုထားပါတယ်။ အခုအချိန်မှာတော့ ပြန်လည်စဉ်းစားပေးဖို့ အထူးမေတ္တာရပ်ခံအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ လက်ရှိအခြေအနေမှာ ဗဟိုလယ်/စစ်အမိန့်ညွှန်ကြားချက်များဖြင့် ဖြေရှင်းနေသော်လည်း အောက်ခြေတွင်မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့်များတွင် မှန်ကန်မျှတမှု အားနည်းလျက်ရှိပါသဖြင့် ဤကော်မတီအား တိုးချဲ့ဖွဲ့စည်းတာဝန်ပေး၍ ထိန်းကျောင်းဆောင်ရွက်သင့်ပါကြောင်းအကြံပြုရင်း ဤကော်မတီရဲ့အစီရင်ခံစာအပေါ် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာရေးလာရောက်နေကြတဲ့ ဧည့်သည်တော်များ

အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေအများစုဟာ တောင်သူလယ်သမားနဲ့အလုပ်သမားများဖြစ်ကြတဲ့အတွက် တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီဟာ အလွန်အရေးကြီးတဲ့ ကော်မတီတစ်ခုဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ မြေသိမ်း၊ လယ်သိမ်းနဲ့ မြေယာမှုခင်းများအကြောင်း တိုင်ကြားစာပေါင်း ၅၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ ဒီတိုင်ကြားစာပေါင်း ၅၀၀၀ ကျော်ကို ကြည့်ခြင်းအားဖြင့် ကျွန်မတို့ တောင်သူလယ်သမားတွေရဲ့ ခံစားချက်က မှန်းဆနိုင်ပါတယ်ရှင်။ ယခုအစိုးရလက်ထပ်မှာ ဒုသမ္မတ-၂ ဦးဆောင်တဲ့ လယ်ယာမြေနှင့်အခြားမြေများပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ သိမ်းဆည်းခံလယ်ယာမြေများထဲမှအချို့ကို ပြန်လည်ပေးအပ်နေပြီဆိုတာ သိရလို့လည်း တောင်သူလယ်သမားများကိုယ်စား လွန်စွာမှ ဝမ်းသာပီတိဖြစ်ရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါ။ Power Point မှာပြထားတာကတော့ တောင်သူလယ်သမားများရဲ့ နိစ္စဓူဝ နေ့ထွက်မှနေဝင် လုပ်ကိုင်နေရတဲ့ဘဝကို ပြသထားခြင်းပဲ ဖြစ်ပါတယ်။ ကျွန်မကတော့ ကော်မတီရဲ့တာဝန်ကိုးချက်ထဲမှ ပထမငါးချက်ကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမအချက်မှာတောင်သူလယ်သမားအလုပ်သမားနှင့်လူငယ်ရေးရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်လို့ ဆိုထားပါတယ်။ တောင်သူလယ်သမားများဘဝဖွံ့ဖြိုးလာအောင် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး သီးနှံအထွက်တိုးစေမည့် မျိုးကောင်းမျိုးသန့်များစနစ်တကျ စိုက်ပျိုးတတ်စေရန်နည်းလမ်းများ၊ လယ်ယာကိုင်းကျွန်းစိုက်ခင်းများပေါ်တွင် ကျရောက်နေကြသော ပိုးမွှားအန္တရာယ်များ၊ ကာကွယ်နည်းများကို တောင်သူများ နားလည်နိုင်သည့်နည်းလမ်းကို အသုံးပြုပြီးအသိပညာပေးဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးစေချင်ပါတယ်ရှင်။

ဒုတိယအချက်မှာ တောင်သူလယ်သမားများရဲ့ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရမည်ဆိုတဲ့အချက်ကို ဆွေးနွေးချင်တာကတော့ အလွန်ရိုးသားလှတဲ့ ကျွန်မတို့ရဲ့ တောင်သူလယ်သမားများဟာ မိမိရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးဟာ ဘာလဲဆိုတာ တကယ်မသိကြပါဘူး။ တောင်သူများရဲ့ ဘဝဟာဖိနှိပ်ခံလူတန်းစားသက်သက်လိုဖြစ်နေကြပါတယ်။ လယ်သိမ်းသွားလည်း လက်ပိုက်ကြည့်ပြီး မျက်ရည်ကျခံနေရတဲ့ဘဝတွေပဲ ဖြစ်နေကြပါတယ်။ ဥပဒေဆိုတာ နားမလည်၊ ဥပဒေဆိုတာကြီးကို

ကြားရင်ကြောက်စရာသတ္တဝါကြီးလို့ မြင်နေကြရသူတွေပါ။ နားလည်သူများက ဥပဒေကို လိုရာဆွဲ၊ ပြောဆိုလုပ်ကိုင်သွားကြတာလည်း ခံရတဲ့ဘဝပါ။ ဒါကြောင့် တောင်သူလယ်သမားများနဲ့ သက်ဆိုင်တဲ့ သိသင့်သိထိုက်တဲ့ဥပဒေများကို တောင်သူများနားလည်စေရန် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ကိုပို့ချပေးစေလိုပါတယ်ရှင်။

တတိယအချက်မှာ စိုက်ပျိုးထုတ်လုပ်တဲ့ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်လို့ ဆိုထားပါတယ်။ တောင်သူများအဖို့ အဲဒီအချက်ကလည်း အဓိကအရေးကြီး တဲ့အချက်တစ်ချက်ပဲ ဖြစ်ပါတယ်။ တောင်သူများမှာ မိုးလေဝသဖောက်ပြန်၊ သီးနှံဖြတ်ပိုးအမျိုးမျိုး ကြားထဲက ရလာတဲ့သီးနှံလေးကို ဈေးကောင်းနဲ့ရောင်းချခြင်ကြပါတယ်။ ဒါပေမဲ့ ပိုက်ဆံရှိတဲ့ ကုန်သည်ပွဲစားကြီးများရဲ့ လှည့်ကွက်အမျိုးမျိုးကြောင့် သီးနှံများမရောင်းရ။ ရောင်းရပြန်သော်လည်း ဈေးကောင်းမရ။ အလေး၊ တင်းများ ခိုးခြင်းကို သိသိနဲ့ ခံနေကြရပါတယ်။ ဒါကြောင့် ကောက်ပဲ သီးနှံများ သင့်တင့်မျှတတဲ့ဈေးနဲ့ရောင်းချနိုင်ဖို့ များစွာသောအကူအညီ လိုအပ်လျက်ရှိပါတယ်ရှင်။

စတုတ္ထအချက်မှာ အလုပ်သမားများရဲ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်ဆိုတဲ့ အချက်မှာလည်း အလုပ်သမားများရဲ့ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ လုပ်ခလစာ၊ တစ်နေ့အလုပ်လုပ်ချိန်၊ အလုပ်သမားများ သိသင့်သိထိုက်တဲ့ ဥပဒေစသဖြင့် နားလည်စေရန် ရှင်းလင်းပြသပြီး အသိပညာပေး သင်တန်းများ ပြုလုပ်ပေးစေလိုပါတယ်။

ပဉ္စမအချက်မှာ ပြည်သူများအလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက် ရမည်လို့ဆိုထားပြန်ပါတယ်။ မြန်မာနိုင်ငံမှာ အလုပ်လက်မဲ့ပြဿနာ၊ အလုပ်အကိုင်ရှားပါးမှုပြဿနာ များကြောင့် ဆင်းရဲဒုက္ခမျိုးစုံနဲ့ ကြုံတွေ့နေရပါတယ်။ ၁၄-၆-၂၀၁၇ ရက်နေ့ကလည်း ပြည်သူ့ လွှတ်တော်ထဲမှာပဲ နိုင်ငံရဲ့အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်း ကျဆင်းလာရေး အဆိုကို ကိုယ်စားလှယ် ၁၁ ဦးက အားတတ်သရော ဆွေးနွေးသွားခဲ့ကြတာကို တွေ့ရပါတယ်။ မြန်မာ ပြည်မှာ အလုပ်လက်မဲ့ပြဿနာ ဘယ်လောက်ကြီးထွားနေသည်ဆိုတာကို မီးမောင်းထိုးပြလိုက်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့်ပြည်သူများ အလုပ်လက်မဲ့ဖြစ်နေခြင်းကို တတ်နိုင်သမျှ ကူညီဆောင်ရွက်နိုင် ပါရန် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီအား တိုက်တွန်းလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခုန တရားစီရင်ရေးနဲ့ ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာမှာပါရှိတဲ့ တွေ့ရှိချက်နဲ့ ပတ်သက်လို့ ပြုစုပြီးစာရင်းဇယားတင်ဖို့ဆိုရင် ကျွန်တော့်ဆီကို ဒီလ ၂၀ ရက်နေ့ နောက်ဆုံးပြုစုပြီး ဆောင်ရွက်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျူဆန်မိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလုံဂျူဆန်မိုင်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ ဂုဏ်ပြုလေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ဟာ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလုံဂျူဆန်မိုင် ဖြစ်ပါတယ်။ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာနဲ့ ပတ်သက်ပြီး ပါဝင်ဆွေးနွေးမှာ ဖြစ်ပါတယ်။ အစီရင်ခံစာမှာ ကော်မတီရဲ့တစ်နှစ်အတွင်း လုပ်ဆောင်ခဲ့သည့်လုပ်ငန်းများကို အတော်စုံလင်စွာ ဖော်ပြထားတာကိုတွေ့ရပါတယ်။ တိုင်စာပေါင်း ၅၁၄၀ ကိုလက်ခံရရှိပြီး တိုင်စာများနဲ့ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မှုကိုခံယူပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ လွှဲပြောင်းခဲ့ကြောင်းသိရပါတယ်။ ကော်မတီအနေဖြင့် အလုပ်အတော် လုပ်ခဲ့ကြောင်း ထင်ရှားပါတယ်။ ဒါပေမဲ့ ကော်မတီက တာဝန်ယူနေသည့်၊ ကိုယ်စားပြုမှုတာဝန်ရှိနေသည့် တောင်သူလယ်သမားများနဲ့အလုပ်သမားများရဲ့ လက်တွေ့ဘဝအခြေအနေ၊ မျက်မှောက်ကြုံတွေ့နေရတဲ့အခက်အခဲများ၊ ရှေ့အလားအလာများ၊ ဖြေရှင်းရမယ့်ပြဿနာများနဲ့ပတ်သက်ပြီး ဖော်ပြထားတာ မတွေ့ရပါဘူး။ လက်ရှိကမ္ဘာ့အနေအထားနဲ့ နှိုင်းယှဉ်ဖော်ပြချက်တွေလည်း မတွေ့ရပါဘူး။ မြန်မာနိုင်ငံမှာ တောင်သူလယ်သမားတွေဟာ တိုင်းပြည်လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းရှိတယ်ဆိုရင် အလုပ်သမားနဲ့လူငယ်တွေပေါင်းလိုက်ပါက တိုင်းပြည်လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းဟာ အလုပ်သမား၊ လယ်သမားနဲ့ လူငယ်တွေဖြစ်နေတာ သေချာပါတယ်။ ကျွန်တော်တို့လွှတ်တော်နဲ့ သူ့ရဲ့အစိတ်အပိုင်းတွေဖြစ်ကြတဲ့ ရေးရာကော်မတီတွေဟာ အစိုးရဌာနလိုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အစိုးရဌာနတွေထက်ပိုတယ်လို့ ဆိုနိုင်ပါတယ်။ နိုင်ငံတော်အစိုးရယန္တရားရဲ့ တာဝန်တွေကို ဝန်ကြီးဌာနတွေက လက်တွေ့အကောင်အထည်ဖော်ရတာ ဖြစ်ပါတယ်။ အစိုးရကတာဝန်ယူရမယ့်လုပ်ငန်းများကို လွှတ်တော်က မူဘောင်ချမှတ်ပေးရပါတယ်။ အမှန်မှာ ဥပဒေဆိုတာ နိုင်ငံတော်အာဏာ ဖြစ်ပါ တယ်။ မလိုက်နာမနေရ ဖြစ်ပါတယ်။ ဥပဒေဆိုတာ နိုင်ငံရဲ့အာဏာကို အတည်ဖြစ်စေခြင်း ဖြစ်ပါတယ်။ လွှတ်တော်ဟာ ဥပဒေပြုခြင်းအားဖြင့် အစိုးရရဲ့လုပ်ငန်းများကို ထိန်းကျောင်းရပါတယ်။ တရားရေးမဏ္ဍိုင်ကို ထိန်းကျောင်းရပါတယ်။ ဥပဒေပြုရာမှာ၊ အစိုးရကိုထိန်းကျောင်းရာမှာ တာဝန်ကျေဖို့၊

အဆင်ပြေဖို့အတွက် စာရင်းဇယား၊ အချက်အလက်ပြည့်စုံနေဖို့ လိုပါတယ်။ တစ်တိုင်းပြည်လုံးရှိ လူထုလူတန်းစားအသီးသီး၏ အနေအထားများ၊ ဘ၀အခြေအနေများ၊ စာရင်းဇယားများ၊ ဝန်ကြီးဌာန အသီးသီးရှိ လုပ်ငန်းနယ်ပယ်အခြေအနေများ၊ လူမျိုးများ၊ ဘာသာရေးများ အားလုံးအနေအထား အခြေအနေများဟာ အချက်အလက်ပိုင်းဆိုင်ရာအရ လွှတ်တော်မှာအပြည့်အစုံရှိနေဖို့ လိုပါတယ်။ တိုင်းပြည်ကို ကိုယ်စားအပြုဆုံးသော ဗဟိုချက်မနေရာ ဆုံချက်က ပြည်ထောင်စုလွှတ်တော် ဖြစ်ပါတယ်။ ရေးရာကော်မတီတွေဟာ ပြည်ထောင်စုလွှတ်တော်ရဲ့အင်္ဂါရပ်တွေ ပြည့်စုံအောင် တာဝန်ခွဲဝေထမ်းဆောင်နေတာ ဖြစ်ပါတယ်။

ထို့ကြောင့် တိုင်းပြည်လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းနဲ့ပတ်သက်နေတဲ့ တောင်သူလယ်သမား၊ အလုပ်သမားနဲ့ လူငယ်တွေရဲ့အသေးစိတ်စာရင်းဇယားတွေဟာ တောင်သူလယ်သမား၊ အလုပ်သမား ရေးရာကော်မတီရဲ့လက်ထဲမှာ အမြဲတမ်းအဆင်သင့် ရှိသင့်ပါတယ်။ အစီရင်စာမှာ ပါသင့်တယ်လို့ ယူဆပါတယ်။ လွှတ်တော်ကို အစီရင်ခံတယ်ဆိုတာ တိုင်းပြည်ကိုအစီရင်ခံတာ ဖြစ်ပါတယ်။ ပြည်သူ လူထုကို အစီရင်ခံတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အလုပ်သမား၊ လယ်သမားတွေဟာ တိုင်းပြည်၏ လက်ရှိအနေအထားအရ ခေတ်မီစက်မှုအလုပ်သမားလူတန်းစားလို့ သတ်မှတ်နိုင်လောက်တဲ့ အရေအတွက်အတော်နည်းတယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တိုင်းပြည်မှာ ပြောပလောက်တဲ့ အကြီးစားစက်မှုလုပ်ငန်းတွေ၊ ဒီနှစ်ကမ္ဘာ့သမိုင်းရေစီးကြောင်းကို အလျင်မီတဲ့ ခေတ်မီစက်မှုလုပ်ငန်းတွေ နည်းနေသေးလို့ ဖြစ်ပါတယ်။ ခေတ်မီစက်မှုလယ်ယာစနစ်မရှိသေးလို့ ဖြစ်ပါတယ်။ ဘ၀က အတိတ်ကိုပြဋ္ဌာန်းသလား၊ အတိတ်က ဘ၀ကိုပြဋ္ဌာန်းသလားဆိုတဲ့မေးခွန်း ရှိပါ တယ်။ ကျွန်တော်တို့ အလုပ်သမား၊ လယ်သမားတွေအတွက် ဘ၀ကအတိတ်ကို ပြဋ္ဌာန်းတယ်ဆိုတဲ့ အဖြေဟာ ပိုပြီးနီးစပ်မယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံလူ့အဖွဲ့အစည်းရဲ့ သမိုင်းဖြစ်ပေါ်တိုးတက် မှုအဆင့်အရ ကျွန်တော်တို့အလုပ်သမား၊ လယ်သမားတွေဟာ အောက်ခြေလူတန်းစားအဆင့်မှာပဲ ရှိနေသေးတာ ဖြစ်ပါတယ်။ တိုင်းပြည်ကိုခေါင်းဆောင်ဖို့ အရည်အချင်းလည်း အခြေခံအားဖြင့် အဆင်သင့်မရှိသေးဘူးလို့ဆိုရမလို ဖြစ်နေပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမား၊ အလုပ်သမားတွေ လိုလားတောင့်တနေတာဟာ တိုင်းပြည်ရဲ့ခေါင်းဆောင်နေရာမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ လူမှုဘ၀၊ တိုးတက်ရေးကို ဖော်ဆောင်ပေးနိုင်တဲ့ တိုင်းပြည်ခေါင်းဆောင်ကောင်းနဲ့ အစိုးရကောင်းကိုသာ လိုလားတောင့်တနေတာ ဖြစ်ပါတယ်။ လွတ်လပ်စွာသဘောကွဲလွဲခွင့်ရှိသည့် ပြည်သူလူထုရဲ့ အဆုံးအဖြတ်ကို ခံယူတဲ့၊ ခေတ်မီတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီတိုင်းပြည်ကိုသာ

လိုလားတောင့်တနေတာ ဖြစ်ပါတယ်။ ဤစိတ်ကူးအိပ်မက်အတွက် ကျွန်တော်တို့ တောင်သူလယ်သမား၊ အလုပ်သမားတွေရဲ့ မျှော်လင့်ချက်က ဒီလွှတ်တော်နဲ့ ဒီလွှတ်တော်ရဲ့ ရေးရာကော်မတီတွေသာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့မှာ ဒီမျှော်လင့်ခြင်းအတွက် ရွှေပြည်တော်ကို မျှော်ရတာ လည်တိုင်တွေလည်း ရှည်နေပါပြီကောလို့ ကျွန်တော်တို့လွှတ်တော်ကို ယုံကြည်အားကိုးစွာ တိုင်တည်ရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပါ။

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့အစီရင်ခံစာကို အကြံပြုဆွေးနွေးသွားမယ့် ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ ကျွန်မကို Power Point အသုံးပြုပြီးတင်ပြခွင့်ပြုပါရှင်။ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီမှာ လုပ်ငန်းတာဝန် (၉)ချက်ကိုတွေ့ရပြီးတော့ တောင်သူလယ်သမား၏အခွင့်အရေးကို ကာကွယ်ရမည်။ အလုပ်သမားများရဲ့အခွင့်အရေးကို ကာကွယ်ရမည်ဆိုပြီး အင်မတန်ကြီးလေးတဲ့တာဝန်တွေ တွေ့ပါတယ်။ ခေတ်အဆက်ဆက်က ဖိနှိပ်ခံခဲ့ရတဲ့ တောင်သူတွေရဲ့အခွင့်အရေး၊ အလုပ်သမားတွေရဲ့အခွင့်အရေးကို ကာကွယ်ဖို့ဆိုတာ သိပ်လွယ်ကူတဲ့အလုပ်မဟုတ်တာ အားလုံးအသိပဲဖြစ်ပါတယ်။ တောင်သူလယ်သမားနဲ့ပတ်သက်တဲ့ တိုင်ကြားစာပေါင်းက ၅၀၆၇ စောင်၊ အလုပ်သမားနဲ့ပတ်သက်တဲ့ တိုင်ကြားစာ ၄၇ စောင်လို့ တွေ့ရှိရပါတယ်။ ဒီတိုင်ကြားစာတွေကို ဘယ်လောက်ပြန်ကြားခဲ့တယ်။ ဘာတွေဖြေရှင်းခဲ့တယ်ဆိုတာတော့ အစီရင်ခံစာမှာမတွေ့ရပါဘူးရှင်။ ပြည်သူ့လွှတ်တော်မှာ တိုင်ကြားစာ အများဆုံးလက်ခံရရှိတဲ့ ကော်မတီလို့ဆိုရမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့လယ်ယာမြေပြဿနာ၊ အလုပ်သမားပြဿနာများပြားလွန်းနေတဲ့အခြေအနေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်ကတည်းကနေပြီးတော့ ကျွန်မတို့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးကို ရောက်တဲ့တိုင်စာတွေစုစုပေါင်း ၁၇၇၁၈ လို့ တွေ့ရပါတယ်။ ၂၀၁၇ ခုနှစ် ဧပြီလ ကြေးမုံသတင်းစာမှာပါတဲ့ဟာမှာလည်း ကျွန်မတို့ရဲ့လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီရဲ့ တစ်နှစ်တာအတွင်း ဆောင်ရွက်မှုတွေဖြစ်ပါတယ်။ စိစစ်ရမယ့်အမှုပေါင်း ၁၀၈၉၁ မှုဆိုပြီးတော့မှ လေ့လာရပါတယ်။ ကျွန်မတို့မြို့နယ်တစ်ခုတည်းမှာ၊ ကျောက်တန်းမြို့နယ်တစ်ခုတည်းမှာတောင်မှပဲ တိုင်စာပေါင်း

၆၀၀ ကျော်လက်ခံရရှိပါတယ်။ ဒါတွေတောင် ကျွန်မတို့ တွေ့သေးတာ၊ ပို့သေးတာ မဟုတ်ပါဘူး။ တိုင်စာတစ်ခုမှာ တောင်သူ ရာနှင့်ချီနေတာမျိုးလည်း ရှိပါတယ်။ ကျွန်မတို့ဟာ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံရဲ့လုပ်သားအင်အားစစ်တမ်းအစီရင်ခံစာကို လေ့လာကြည့်တဲ့အခါမှာ ကျွန်မတို့နိုင်ငံရဲ့ ၆၄ ရာခိုင်နှုန်းက အလုပ်လုပ်နိုင်တဲ့ လုပ်သားအင်အားတွေဖြစ်ပြီးတော့ စုစုပေါင်းဦးရေ ၃၃.၉ ရာခိုင်နှုန်း ရှိပြီးတော့ အဲဒီအထဲမှာမှ လယ်ယာကဏ္ဍကို လုပ်ကိုင်တဲ့သူက ၅၁.၇ ရာခိုင်နှုန်းဆိုတော့ ကျွန်မတို့နိုင်ငံရဲ့တကယ့်အရေးကြီးတဲ့ အစိတ်အပိုင်းလုပ်ငန်းတွေကို အများစုကလုပ်နေတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီစာရင်းဇယားတွေကြည့်ခြင်းအားဖြင့် ကျွန်မတို့ရဲ့တောင်သူလယ်သမားတွေရဲ့ ဘဝကို မြှင့်တင်မပေးဘူး။ အလုပ်သမားတွေရဲ့ဘဝ တိုးတက်မှုကို လုပ်မပေးနိုင်ဘူးဆိုရင် ကျွန်မတို့နိုင်ငံရဲ့ တိုးတက်မှုဆိုတာ အိပ်မက်မက်လို့ရနိုင်မှာမဟုတ်ပါဘူးရှင်။

အဲဒီတော့ ကော်မတီကိုရောက်လာတဲ့တိုင်စာတွေကို လေ့လာကြည့်တဲ့အခါမှာ ကော်မတီရောက်လာတဲ့တိုင်စာများကို လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနသို့ လွှဲပြောင်းနိုင်ရေးအတွက် ကော်မတီဝင်များက အဆိုပါတိုင်ကြားစာများကို ဖတ်ရှုလေ့လာစိစစ်ပြီး အကြံပြုချက်များ၊ မှတ်ချက်ပြုချက်များကို ဆောင်ရွက်ခဲ့ပါတယ်လို့ ပြောပါတယ်။ ဒါပေမဲ့လည်း ရှေ့လုပ်ငန်းစဉ်နဲ့ အကြံပြုသုံးသပ်ချက်တွေကို ပြန်ပြီးကြည့်လိုက်တဲ့အခါကျတော့ ကော်မတီကို ရောက်ရှိလာသော တိုင်ကြားစာအပေါ် သုံးသပ်ချက်များရေးသားသည့်အခါ ကော်မတီဝင်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြခြင်းမရှိပါသဖြင့် တိုင်ကြားစာများအပေါ် သုံးသပ်ချက်များ မှားယွင်းနိုင်ပါသည်ဆိုတော့ အင်မတန်မှ စိုးရိမ်မိပါတယ်။ ကျွန်မတို့ရဲ့ပြည်ထောင်စုအဆင့်ရှိတဲ့ အဖွဲ့အစည်းကနေပြီးတော့မှပေးမယ့်မှတ်ချက်တွေက အင်မတန်အရေးကြီးပါတယ်။ အမှန်တရားနှင့် နီးစပ်ဖို့လည်း အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ကော်မတီအနေနဲ့ ဒီထက်ပိုအားကောင်းတဲ့ လုပ်နိုင်ဖို့အတွက်ကိုလည်း ကျွန်မတို့က မျှော်လင့်ပါတယ်။ ကော်မတီက အလုပ်ရုံဆွေးနွေးပွဲတွေကို ကြည့်တဲ့အခါကျတော့ စုစုပေါင်း ၅၃ ကြိမ်လို့ တွေ့ရှိရပါတယ်။ ကျွန်မတို့ ပညာရှင်တွေနဲ့ တွေ့ဆုံရပါမယ်။ အစည်းအဝေးတွေလုပ်ရပါမယ်။ ဒါပေမဲ့လည်း ကျွန်မတို့တိုင်စာတွေ အားကိုးတကြီးပေးပို့ထားတဲ့ တောင်သူလယ်သမား၊ အလုပ်သမားတွေနဲ့ တွေ့တယ်ဆိုတဲ့ ဥစ္စာကတော့ ကျွန်မတို့မတွေ့ရပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မက အကြံပြုချက်သုံးချက်နဲ့ နိဂုံးချုပ်ချင်ပါတယ်။ တိုင်ကြားစာတွေ ပေးပို့တဲ့ အလုပ်သမားတွေ၊ လယ်သမားအဖွဲ့တွေကိုလည်း ခေါ်ယူတွေ့ဆုံညှိနှိုင်းစေချင်ပါတယ်။ အောက်ခြေကအသံတွေကိုလည်း နားထောင်စေချင်ပါတယ်။ ကျွန်မတို့ ဒီလို

တွေ့ဆုံဆွေးနွေးညှိနှိုင်းလိုက်တယ်ဆိုလို့ရှိရင် အခုမကြာခဏတွေ့နေရတဲ့ တောင်သူလယ်သမား၊ အလုပ်သမားတွေရဲ့ သပိတ်မှောက်တယ်ဆိုတာတွေလည်း အများကြီးလျော့သွားနိုင်ပါတယ်။ ကော်မတီအနေနဲ့ မှန်ကန်တဲ့ မှတ်ချက်တွေရနိုင်ဖို့ ပေးနိုင်ဖို့အတွက် မြေပြင်ကိုလည်း ကွင်းဆင်းစစ်ဆေးပြီးတော့ ဆောင်ရွက်ပေးစေချင်ပါတယ်ရှင်။ တောင်သူလယ်သမား၊ အလုပ်သမားတွေရဲ့ အခွင့်အရေးကို ကာကွယ်ပေးနိုင်တဲ့ ဥပဒေမျိုးတွေကိုလည်း ပြဋ္ဌာန်းပေးဖို့ဆိုပြီးတော့ အကြံပြုချက်သုံးချက်ပေးပြီး နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ တင်သွင်းတဲ့ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာအပိုဒ် ၂၁ မှာ ကော်မတီဖွဲ့စည်းချိန်ကစပြီး ၁၆-၂-၂၀၁၇ နေ့အထိ လယ်ယာမြေကိစ္စနှင့် ပတ်သက်တဲ့တိုင်ကြားစာပေါင်း ၅၆၀၇ စောင်ရရှိပြီး အလုပ်သမားနဲ့ပတ်သက်တဲ့တိုင်ကြားစာပေါင်း ၄၇ စောင်ရှိတယ်လို့ သိရပါတယ်။ ဒါကတော့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်မှာ တိုင်ကြားတဲ့တိုင်စာများဖြစ်ပြီး ယခင် ပထမအကြိမ် ပြည်သူ့လွှတ်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို တိုင်ကြားခဲ့တဲ့သိမ်းဆည်းမြေအားလုံးထဲက လယ်ယာမြေ နှင့်အခြားမြေများ ဧကပေါင်း ၃၅၉၉၉၁.၇၂၇ ဧက ပြန်လည်စွန့်လွှတ်ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းပေးလျော်ခဲ့တဲ့ ငွေပေါင်းကျပ်သိန်းပေါင်း ၅၂၃၀၉၉.၃၂၂ ကျပ်ကို မူလပိုင်ရှင်များသို့ပြန်လည် ပေးအပ်နိုင်ခဲ့တယ်လို့ဆိုသော်လည်းပဲ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ ပြီးပြတ်ခြင်းမရှိဘဲ သိမ်းဆည်းခံမြေများ ကျန်ရှိနေဆဲဖြစ်တယ်ဆိုတာ သိရှိရပါတယ်။ ပြည်သူတွေလုပ်ကိုင်စားသောက်နေထိုင်တဲ့မြေများကို နိုင်ငံတော်အတွက်မဖြစ်မနေ အမှန်တကယ်လိုလို့ သိမ်းဆည်းရမယ်ဆိုရင် သိမ်းဆည်းနိုင်ဖို့ ၁၉၈၄ ခုနှစ်တွေနဲ့ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေတွေ ထုတ်ပြန်ထားခဲ့သော်လည်းပဲ ဥပဒေနှင့်အညီ သိမ်းဆည်းခဲ့ခြင်း မဟုတ်တာတွေဘဲ အများဆုံးဖြစ်ပြီး ယခုအချိန်အထိ ဥပဒေနှင့်မညီသေးနိုင်တဲ့ သိမ်းဆည်မြေတွေ စစ်ဆေးတွေ့ရှိနေရပါတယ်။

ဒီမြေတွေကိုပြန်လည်ပေးချင်လို့ ပထမအကြိမ် လွှတ်တော်က အစွမ်းကုန်ဆောင်ရွက်ခဲ့သော်လည်း ယခင်အစိုးရလက်ထက်မှာ ပြီးပြတ်ခြင်းမရှိခဲ့ပါဘူး။ အခုလည်း ဒီတစ်ခါမှ ပြန်မရရင်တော့ ဘယ်တော့မှရတော့မှာမဟုတ်ပါဘူးဆိုတဲ့ ပြည်သူတွေရဲ့ စိုးရိမ်ကြောင့်ကြသံတွေ ကြားနေရပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းမြို့နယ်မှာဆိုရင် မြို့နယ်မြေစစ်အဖွဲ့မှ တိုင်ကြားစာ ၃၅ စောင်ရှိပြီး ခရိုင်မြေစစ်ကို ၁၅ မှုတင်ပြီးဖြစ်ပါတယ်။ ၁၁ မှုကတော့ ခရိုင်ကနေတိုင်းမြေစစ်အထိ ရောက်သွားပြီဖြစ်ပါတယ်။ ၂၀ မှုကတော့ စစ်ဆေးဆဲဖြစ်ပါတယ်။ မြို့နယ်ခရိုင်မြေစစ်အဖွဲ့ထဲမှာ သိမ်းဆည်းခဲ့တဲ့ ဌာနဆိုင်ရာပုဂ္ဂိုလ်များပါရှိနေခြင်း စုံစမ်းစိစစ်မှတ်ချက်ပေးကြရာမှာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ ဗဟိုမြေစစ်ကော်မတီရဲ့မူဝါဒ၊ လမ်းညွှန်ချက်များနှင့်မကိုက်ညီတဲ့ အနာဂတ်စီမံ ချက်များတင်ပြပြီး မြေပြန်မပေးလိုခြင်းများ တွေ့ရှိရခြင်းများကြောင့် လွှတ်တော်ကိုယ်စားလှယ်မှ သီးခြားမှတ်ချက်အစီရင်ခံပေးပို့ရမယ့် အခြေအနေများတောင် ဖြစ်ပေါ်နေပါတယ်။ သို့သော်လည်းပဲ ဆက်လက်ညှိနှိုင်းဆဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုအစိုးရဟာ သိမ်းဆည်းခံမြေများကို ပြန်လည် စိစစ်ပြီး ဥပဒေနှင့်အညီ ပြည်သူတွေကိုပြန်လည်ပေးအပ်ချင်တဲ့ရည်ရွယ်ချက်နဲ့ ဒုတိယသမ္မတ ဦးဆောင်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဗဟိုကော်မတီရဲ့သိမ်းဆည်းမြေများနှင့် စွန့်လွှတ်မြေများဆိုင်ရာမူဝါဒ ၁၀ ချက်၊ တပ်မြေသိမ်းဆည်းမှုများနှင့်စပ်လျဉ်းတဲ့ မူဝါဒသုံးရပ်၊ စွန့်လွှတ်မြေများသက်ဆိုင်သူများလက်ဝယ် အမြန်ဆုံးရောက်ရှိရေးလုပ်ငန်းစဉ်ရှစ်ရပ်တို့ကိုကြည့်ရင် ပြည်သူတွေရဲ့နှစ်ပေါင်း ၅၀ နီးပါးနာတာရှည်ရောဂါကို အမြစ်ပြတ်အောင် ကုသပေးချင်တာ ထင်ရှားပါတယ်။ ဒီချွတ်ခြုံကျနေတဲ့ ကျွန်ုပ်တို့နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး အမှန်တကယ်ဆောင်ရွက်မယ်ဆိုရင် LDC လွတ်မြောက်ရန် စံနှုန်းသတ်မှတ်ချက်တွေဖြစ်တဲ့ အမျိုးသား ဝင်ငွေ GNI ၊ လူသား အရင်းအမြစ်၊ အရည်အသွေး၊ ညွှန်းကိန်း HAI နဲ့ စီးပွားရေးထိခိုက်လွယ် ညွှန်းကိန်းတွေ ဘယ်လိုပဲပြောနေနေ နိုင်ငံတော်ရဲ့အဓိကကျတဲ့ အခြေခံလူတန်းစားများဖြစ်တဲ့ တောင်သူလယ်သမားနဲ့ အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းတွေရအောင် ဖန်တီးပေးနိုင်မှ တစ်ဦးချင်းအမျိုးသားဝင်ငွေဟာလည်း တိုးတက်လာမှာဖြစ်ပါတယ်။ စိုက်ပျိုးတောင်သူများဟာ နိုင်ငံစီးပွားရေးကို အထောက်အကူပြုပြီး တိုင်းပြည်ကိုစားနပ်ရိက္ခာပြည့်စုံရေး ကြိုးပမ်းသူများ ဖြစ်ပါတယ်။ ဒါကိုမမေ့အောင် ကျွန်ုပ်တို့သည် ဆန်ကိုသာအမြဲစားကြသည်လို့ မနက်အိပ်ယာထ တစ်ကြိမ်၊ ညအိပ်ယာဝင်တစ်ကြိမ် ရွတ်ဆိုသင့်ကြောင်း အကြံပြုလိုပါတယ်။ တောင်သူလယ်သမားနဲ့

အခွင့်အရေးနဲ့အကျိုးစီးပွားကာကွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ သမိုင်းကိုသင်ခန်းစာယူပြီး ပြည့်ဝမ်းကိုဖောက်ခြင်း၊ ပြည့်လက်ကိုရိုက်ချိုးခြင်းများ ထပ်မံပြီး မလုပ်ဖြစ်အောင် သတိထားကြရမှာဖြစ်ပါတယ်။ မြေပြန်ပေးချင်လို့ ပြန်လည်စစ်ဆေးတာ၊ မြေပြန်သိမ်းတာ မဖြစ်အောင်ဆောင်ရွက်ကြပါစို့ ပြောရင်းနဲ့ကော်မတီရဲ့အစီရင်ခံစာကို ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မှေးနေရာကနေ အားရှိသွားတယ်။

**ဥက္ကဋ္ဌ**။ ။ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာ(၁/၂၀၁၇) အပေါ်မှာ ကော်မတီရဲ့တာဝန်နဲ့ ကော်မတီရဲ့လုပ်ဆောင်ချက်များကို ဆက်စပ်ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ကော်မတီရဲ့တာဝန်များဟာ တိုင်းပြည်အတွက် အလွန်အရေးကြီး၊ အရေးပါလှကြောင်း တွေ့ရှိရပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးရဲ့ လူမှုစီးပွားနှင့်သော်လည်းကောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်သော်လည်းကောင်း တိုက်ရိုက်အကျိုးသက်ရောက်စေသော လုပ်ငန်းတာဝန်များ ဖြစ်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံရဲ့ တောင်သူလယ်သမားများဟာ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ ပိုးမွှားအန္တရာယ်ကြောင့်လည်းကောင်း၊ ပျက်စီးဆုံးရှုံးမှုများကိုလည်း ကြုံတွေ့နေရပါတယ်။ နည်းပညာအားနည်းခြင်း၊ အရင်းအနှီးလုံလောက်မှုမရှိခြင်းတို့ကြောင့်လည်း အထွက်နှုန်းလျော့နည်းခြင်း၊ အရည်အသွေးမပြည့်မီခြင်းများလည်း ဖြစ်ပေါ်နေပါတယ်။ အခြေခံအကျဆုံး အမှန်အကန်လယ်လုပ်သူ တောင်သူလယ်သမားများအနေဖြင့် အမျိုးမျိုးသောချေးငွေများရဲ့ အလျှင်အမြန်ပြန်လည်ပေးဆပ်ရမှုကြောင့်လည်းကောင်း၊ ဈေးကွက်လက်ဝါးကြီးအုပ်ခံရမှုကြောင့်လည်းကောင်း၊ ချေးငွေသံသရာမှာပဲ လည်ပတ်နေပြီး ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေတာကို တွေ့ရှိရပါတယ်။ အစီရင်ခံစာရဲ့ အပိုဒ် ၂၀ တွင် တောင်သူလယ်သမားများနဲ့ပတ်သက်သည့် တိုင်ကြားစာပေါင်း ၅၀၆၇ စောင်၊ အလုပ်သမားနှင့်ပတ်သက်သည့်တိုင်ကြားစာပေါင်း ၄၇ စောင် ကော်မတီမှ လက်ခံရရှိတယ်လို့ ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ တိုင်ကြားစာဆိုတာ ပြဿနာအပေါ်အခြေခံပြီး ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ ဒီတိုင်ကြားစာတွေရဲ့ ပြဿနာအရင်းအမြစ်ဟာ ဥပဒေ၊ နည်းဥပဒေတွေရဲ့အားနည်းချက်ကြောင့်လား၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်တွေရဲ့ တရားမျှတမှုမရှိလို့လား၊ တာဝန်ရှိသူများရဲ့ အဂတိလိုက်စားမှုကြောင့်လား စသည်ဖြင့် ခွဲခြားပြီး အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြနိုင်ပါက တောင်သူလယ်သမား၊ အလုပ်သမားများရဲ့ အခြေအနေ၊ အခက်အခဲများကို ပီပီပြင်ပြင်သိခွင့်ရမှာဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ တောင်သူလယ်သမားများနှင့်ပတ်သက်ပြီး လွှတ်တော်ထဲမှာလည်း မေးခွန်းများ၊ အဆိုများ မကြာခဏမေးမြန်းဆွေးနွေးကြပါတယ်။ ဒါကြောင့် တောင်သူလယ်သမား၊ အလုပ်သမားများရဲ့ အကျိုးစီးပွားကာကွယ်စောင့်ရှောက်နိုင်ရန် တရားမျှတပြီး လက်ရှိဘဝက အမှန်တကယ်ရုန်းထွက်နိုင်မယ့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ အမြန်ပေါ်ထွက်နိုင်ရေး အားစိုက်ဆောင်ရွက်စေလိုပါတယ်ရှင့်။

အစီရင်ခံစာအပိုဒ် ၂၈ အရ ဘဏ္ဍာရေးနှင့် အရအသုံးဆိုင်ရာ ငွေစာရင်းများစိစစ်ရာတွင် ကော်မတီရဲ့ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ဘဏ္ဍာငွေခွဲဝေရေးကိစ္စရပ်များကို အလေအလွင့်မဖြစ်စေရန် သတိပြုဆောင်ရွက်သင့်ပါတယ်။ ဘတ်ဂျက်တင်ပြတောင်းခံလာသော စီမံကိန်းများဟာ လူတစ်စုရဲ့အကျိုးစီးပွားအတွက်လား၊ တောင်သူလယ်သမားအများစုရဲ့ အကျိုးစီးပွားအတွက်လား၊ စီမံကိန်းနှင့် လုပ်ငန်းဟာ ရှေ့နောက်ညီညွတ်မှုရှိရဲ့လား၊ မြေပြင်အနေအထားနဲ့ ကိုက်ညီမှုရှိ/မရှိ၊ ဆောင်ရွက်ဆဲလုပ်ငန်းများအောင်မြင်မှုရှိ/မရှိ၊ လုပ်ငန်းပြီးစီးသွားသော်လည်း လက်တွေ့အကျိုးရှိ/မရှိ စသည်ဖြင့် နှိုင်းယှဉ်ချိန်ဆ၍ တောင်သူလယ်သမား၊ အလုပ်သမားအကျိုးစီးပွားဆိုင်ရာ စီမံကိန်းဘတ်ဂျက်များကို ကော်မတီအနေဖြင့် စဉ်ဆက်မပြတ်လေ့လာ၍ လွှတ်တော်သို့ အစီရင်ခံစာတင်ပြရန် လိုအပ်ပါတယ်။ အစီရင်ခံစာအပိုဒ် ၃၈ အရ ကော်မတီဟာ ပြည်သူလူထုအများစုဖြစ်သော တောင်သူလယ်သမား၊ အလုပ်သမားများရဲ့ အကျိုးစီးပွားဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရတဲ့အတွက် ကော်မတီရဲ့တာဝန်များဟာ ပြည်သူအတွက် ကြီးလေးတဲ့တာဝန်များဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကော်မတီတစ်ဖွဲ့လုံးအနေဖြင့် မိမိရဲ့လုပ်ငန်းတာဝန်များကို စိတ်ပါဝင်စားစွာဖြင့် လက်တွဲဆောင်ရွက်ရန် အရေးကြီးလှပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကော်မတီရဲ့ဆောင်ရွက်ချက်များဟာ ကော်မတီရဲ့တာဝန်များကို ထင်ဟပ်ပေါ်လွင်နေဖို့ လိုအပ်ပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်ရှင့်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုနှင့် ပတ်သက်ပြီးတော့ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ပို့တဲ့အခါမှာ ကော်မတီအနေနဲ့ တိုင်ကြားစာတွေအပေါ်မှာ အကြံပြုချက်၊ သဘောထားမှတ်ချက်ကို ပြည်ထောင်စုအစိုးရရဲ့ပေးရမယ့်မူဝါဒနှင့်အညီ သုံးသပ်ပြီးတော့ သေချာသဘောထားမှတ်ချက်ပေးစေချင်ပါတယ်။ ဒီလိုအမှုတွဲကိုပေးလိုက်မဲ့အစား အမှုတွဲချည်းပဲ မပေးဘဲနဲ့ ကော်မတီရဲ့တွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်က လက်ရှိပြည်ထောင်စုအစိုးရက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးဗဟိုကော်မတီဆိုတာ ဥပဒေနည်းလမ်းနှင့်အညီ တရားမျှမျှတတမှန်မှန်ကန်ကန်ပြန်လည်စွန့်လွှတ်ခြင်းကို လုပ်တဲ့အလုပ်ဖြစ်တယ်။ ဒါကြောင့်မို့လို့ ကော်မတီကိုရောက်လာတဲ့ဒီလိုတိုင်စာတွေမှာ ကိုယ်က အဲဒီလက်ရှိပြည်ထောင်စုအစိုးရရဲ့ပြန်ပေးမယ်၊ စွန့်လွှတ်မယ်၊ နစ်နာကြေးဘယ်လိုပေးမယ်၊ လျော်ကြေးဘယ်လိုပေးမယ်။ အဲဒီမူဝါဒနဲ့အညီ သုံးသပ်ပြီးတော့ သေချာလေးသဘောထားမှတ်ချက်ကို ကော်မတီအနေနဲ့ ပါသွားစေချင်တယ်။ အဲဒါလေးအကြံပြုချင်ပါတယ်။

## ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက ဆွေးနွေးခဲ့ ပြီးဖြစ်ပါတယ်။ ယခုအစီရင်ခံစာနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(အတွင်းရေးမှူး၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီအတွင်းရေးမှူး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့က ပြည်သူ့လွှတ်တော်ရဲ့ (၂၁)ရက်မြောက်နေ့မှာ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီရဲ့ကိုယ်စား ကော်မတီဥက္ကဋ္ဌကနေပြီးတော့ အစီရင်ခံစာကို ဖတ်ကြားတင်ပြခဲ့ပါတယ်။ ဒီအစီရင်ခံစာနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးကလည်း အားစိုက်ခွန်စိုက်တောင်သူလယ်သမားများနဲ့ အလုပ်

သမားများကို အစီရင်ခံစာနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးကြတာကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ တစ်ယောက်ချင်းရဲ့ဆွေးနွေးချက်များကိုလည်း အသေးစိတ်မှတ်သားထားပါတယ်။ ဒီဆွေးနွေးချက်များကိုလည်း မှတ်သားထားပြီးတော့ တောင်သူလယ်သမားနှင့် အလုပ်သမားကော်မတီမှာလည်း အစည်းအဝေးတွေပြန်ထိုင်ပြီးတော့ လာမယ့်နှစ်အစီရင်ခံစာမှာ ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ကော်မတီအစည်းအဝေးထိုင်ပြီးတော့ တွေ့ရှိချက်များကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နဲ့ ကော်မတီလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အလျဉ်းသင့်လို့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ကိုယ်စားလှယ်များဆွေးနွေးတဲ့တစ်ဦးက တိုင်ကြားစာများကတော့ ကျွန်တော်တို့ ပေးလိုက်ပါတယ်။ သို့သော်အစိုးရကနေပြီး ပြန်ကြားတာကိုတော့မပါဘူးလို့ အစီရင်ခံစာမှာပါပါတယ်။ မှန်ပါတယ်ခင်ဗျား။ ကျွန်တော်တို့အစီရင်ခံစာပို့ကတည်းက ဒီအစီရင်ခံစာနှင့်ပတ်သက်ပြီးတော့ အမြန်ဆုံးဆောင်ရွက်ပြီးစီးကြောင်းကိုလည်း ကော်မတီသို့ ပြန်လည်ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်လို့ ကျွန်တော်တို့ပို့တဲ့အထဲမှာ အမြဲတမ်းထည့်ပါတယ်။ သို့သော်လည်းပဲ ယနေ့ထိတော့ ဗဟိုမြေစစ်ကနေပြီးတော့ ကျွန်တော်တို့ဆီကို ဒါလေးတွေကို အခုထိတော့ ပြန်ကြားလာတာမတွေ့သေးပါဘူး။ ဥက္ကဋ္ဌကြီး ကျွန်တော်တို့ကို ညွှန်ကြားသလိုပဲ ကျွန်တော်တို့ ကော်မတီဝင်များအားလုံးသည် သုံးသပ်ချက်၊ အကြံပြုချက်များကို ဥက္ကဋ္ဌကြီးလည်း တောက်လျှောက်လမ်းညွှန်နေတဲ့အတွက်ကြောင့် ဒါကိုအလေးထားပြီးတော့ ကျွန်တော်တို့ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာတစ်ရက်ကလွဲရင် ကော်မတီများအားလုံးသည် နေ့တိုင်းလုပ်ပြီးတော့ ဒီတိုင်စာတွေနဲ့ပဲ ကျွန်တော်တို့ သုံးသပ်ချက်တွေ၊ အကြံပြုချက်တွေကို ဆောင်ရွက်နေရပါတယ်။ စနစ်တကျလည်း ကျွန်တော်တို့လုပ်နေပါတယ်။ တတ်နိုင်သလောက်လည်း ကျွန်တော်တို့ အားထည့်ပြီးတော့ ဆောင်ရွက်နေပါတယ်။ နောက်တစ်ခုတင်ပြလိုတာကတော့ ကျွန်တော်တို့ကို ဒီတိုင်ကြားစာတွေသည် တစ်နိုင်ငံလုံးမှာရှိသော မြို့နယ်ပေါင်း ၃၃၀ ကနေပြီးတော့ လာတဲ့တိုင်ကြားစာတွေဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေအားလုံးသည်လည်းပဲ ဒီဘက်ကနေ တာဝန်ပေးချက်အရ နိုင်ငံတော်ရဲ့ဗဟိုမြေစစ်ကတာဝန်ပေးချက်အရ ကျွန်တော်တို့သည် ပြည်သူ့လွှတ်တော်ရော၊ အမျိုးသားလွှတ်တော်ရော၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အားလုံးသည် ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်မှာရော၊ မြို့နယ်အဆင့်မှာရော၊ ခရိုင်အဆင့်မှာရော၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှာရော ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးဟာဆိုလို့ရှိရင်လည်း မြေစစ်မှာပါသလို လယ်/စီမှာလည်း

တရားဝင်တာဝန်ပေးပြီးတော့ ဖွဲ့စည်းထားတဲ့အတွက်ကြောင့် ကိုယ့်မြို့နယ်တွေရဲ့အသေးစိတ်တိုင်ကြားစာများကို ကိုယ်စားလှယ်များပါဝင်ပြီးတော့ ဆောင်ရွက်နေရတဲ့အခွင့်အလမ်းရှိတဲ့အတွက်ကြောင့် ဒါသည် ပိုမိုပြီးတော့ တိုင်ကြားစာများကို တိတိကျကျနဲ့ဖြေရှင်းနိုင်ပါကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ ကော်မတီအင်အားလေး ၁၄၊ ၁၅ ဦးနဲ့ တစ်နိုင်ငံလုံးကွင်းဆင်းဖို့ဆိုတဲ့ဟာကတော့ အင်မတန်မှကြီးလေးတဲ့တာဝန်ကြီးဖြစ်သလို ကျွန်တော်တို့ လွှတ်တော်ရဲ့အားလပ်တဲ့အချိန်ကိုလည်း ကျွန်တော်တို့ ယူဖို့ဆိုတာအင်မတန်ခဲယဉ်းပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည်လည်းပဲ မိမိကိုပေးအပ်ထားတဲ့တာဝန်များကို အပြည့်အဝအသုံးချမယ်ဆိုလို့ရှိရင်တော့၊ ဒီတိုင်ကြားစာတွေနဲ့ပတ်သက်ပြီးတော့ အမြန်ဆုံးပြေလည်မှာဖြစ်ကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့(၂၁)ရက်မြောက်နေ့မှာအစီရင်ခံစာဖတ်ကြားတဲ့ ကျွန်တော်တို့ရဲ့ နှစ်ပတ်လည်အစီရင်ခံစာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်ပြည်သူ့လွှတ်တော်သို့ အတည်ပြုဆုံးဖြတ်ပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့) နံနက်

၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၁၅း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။

**မှူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့
## (၁၀.၇.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
## ပုဂ္ဂိုလ်များ




ဦးမြင့်လွင်
(ပုဗ္ဗန်တောင် မဲဆန္ဒနယ်)




ဦးနေမျိုးထက်
(ကျောက်တံတား မဲဆန္ဒနယ်)




ဦးမင်းကြည်
(သံတွဲ မဲဆန္ဒနယ်)



ဦးထွန်းထွန်းနိုင်
(ကနီ မဲဆန္ဒနယ်)



ဦးမောင်မြင့်
(မင်းကင်း မဲဆန္ဒနယ်)



ဦးဝင်းထွဋ်
(ဖျာပုံ မဲဆန္ဒနယ်)



ဦးဆက်အောင် (ဒုတိယဥက္ကဋ္ဌ)
မြန်မာနိုင်ငံတော်ဗဟိုဘဏ်



ဦးကျော်မျိုး (ဒုတိယဝန်ကြီး)
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်